မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၈၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၁၃ ခုနှစ်၊ မေ ၂ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၁ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး H.E.Mr. Hatta Rajasa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဦးဝင်းမြင့်နှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံမတ်ကြီး H.E.Mr. Sebastianus Sumarsono လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ရေး၊ လယ်ယာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ ရော်ဘာ၊ ဆီအုန်း၊ သားငါးနှင့် သီးနှံစုံထုတ်လုပ်မှုကဏ္ဍများအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရေးနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ နှစ်ဆတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး H.E.Mr. Hatta Rajasa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

လေ့ကားထစ်များကို တစ်ထစ်ချင်း တက်လှမ်းနေခြင်းဖြစ်ရာ လှေကားတစ်ထစ်ချင်းဆီသို့ တက်လှမ်းလေတိုင်း အောင်မြင်ခြင်းပန်းတိုင်သို့ ရောက်ရမည်ဟု ရည်မှန်းချက်ထားကာ ကြိုးပမ်း

ခေါင်းကြီး *စာမျက်နှာ - ၂*

လူလိုက်ပါမည့် အာကာသယာဉ်သစ် တရုတ်နိုင်ငံ မကြာမီလွှတ်တင်တော့မည် *စာမျက်နှာ - ၄*

စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူ *စာမျက်နှာ - ၁၁*

အမေရိကန်သမ္မတဟောင်း မစ္စတာ ဂျင်မီကာတာ နေပြည်တော်သို့ရောက်ရှိ

စာမျက်နှာ - ၃

နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးကို ဆက်သွယ်ပေးသည့် နေပြည်တော်-တောင်ညို-ချောင်းနက်လမ်းပိုင်း

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွှန့်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုက အရေးပါလှသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းယှက်သွယ်နိုင်မည်ဖြစ်ပြီး သို့မှသာလည်း ဒေသဖွံ့ဖြိုးမှု၊ မြို့ပြဖွံ့ဖြိုးမှု၊ နိုင်ငံဖွံ့ဖြိုးမှုများကို တဖြည်းဖြည်း အကောင်အထည်ဖော်လာနိုင်မည် ဖြစ်သည်။

ဒေသတစ်ခုနှင့်တစ်ခု သွားလာနိုင်ရန်အတွက် လမ်းသစ်များ ဖောက်လုပ်ပေးခဲ့ခြင်း၊ ရှိပြီးသားလမ်းများကို ပြန်လည်အဆင့်မြှင့်တင်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့မှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေသည်။

နေပြည်တော်-တောင်ညို-ချောင်းနက်လမ်းပိုင်းမှာ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသည့် လမ်းဖြစ်သည်။ ယင်းလမ်းပိုင်းမှာ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းပိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့အဆင့်မြှင့်တင်ရာတွင် နှစ်ပိုင်းခွဲ၍ဆောင်ရွက်ခဲ့ပြီး နေပြည်တော်-ကျွဲရှဉ်း လေးလမ်းသွား လမ်းမကြီးစီမံကိန်းနှင့် ကျွဲရှဉ်း- တောင်ညို-ချောင်းနက်လမ်းစီမံကိန်းတို့ ဖြစ်သည်။ နေပြည်တော်-ကျွဲရှဉ်း လေးလမ်းသွားလမ်းမကြီးစီမံကိန်းကို ၂၀၁၀ ခုနှစ် မတ်လတွင် စတင်ခဲ့ပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငလိုက်ဆည်နှင့်တောင်ညိုအားကစားရွာများသို့ ချောမွေ့စွာသွားလာနိုင်ရန် ရည်ရွယ်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။နေပြည်တော်-တောင်ညို-ချောင်းနက်လမ်းပိုင်းမှာ ဆင်ရတနာရုပ်မှ ချောင်းနက်လမ်းဆုံအထိ စုစုပေါင်း ၆၆မိုင် ၂ ဖာလုံရှိပြီး မိုင်တိုင်အမှတ်(၀/၀) မှ (၁၂/၀) အထိ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး

စာမျက်နှာ ၈ ကော်လံ ၁ ❖

နေပြည်တော်-တောင်ညို-ချောင်းနက်လမ်းပိုင်း အဆင့်မြှင့်တင်ထားမှုကို တွေ့ရစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အောင်မြင်ခြင်းပန်းတိုင်သို့ လျှောက်လှမ်းကြရာဝယ်

လူတိုင်းသည် မိမိ၏ဆန္ဒအရ ဆောင်ရွက်မှုတိုင်းတွင် အောင်မြင်ခြင်းဟူသည့် ပန်းတိုင်ကို ရယူလိုကြသည်ချည်း ဖြစ်ပါသည်။ ပညာရေး၊ စီးပွားရေး၊ အသက်ရှည်ရှည်နေလိုရေးဟူသည့် ပန်းတိုင်အသီးသီးကိုမျှော်မှန်းကာ အောင်မြင်မှုရရှိရေး ကြိုးပမ်းလျက်ရှိကြသည်။

ပန်းတိုင်ရောက်ရန် စိတ်ကူးဆန္ဒရှိရုံဖြင့်မပြီး၊ ကျော်ဖြတ်ရမည့် နည်းလမ်းအသွယ်သွယ်ကိုသိရှိကာ စနစ်တကျ ကျော်ဖြတ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

နည်းလမ်းများစွာအနက် ဦးစွာကျင့်သုံးရမည့်နည်းလမ်းမှာ လျှောက်လှမ်းမည့်ပန်းတိုင်ကို မြင်သာစွာ စိတ်တွင်ပိုင်းဖြတ်သတ်မှတ်ထားရှိခြင်းပင်ဖြစ်သည်။

ဒုတိယနည်းလမ်းကား ရည်ရွယ်ချက်ပန်းတိုင်သို့ မည်သို့သွားမည်ဆိုသည်ကို နည်းဗျူဟာဖြင့် စီမံချက်ချလုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်သည်။ အကြောင်းအရာနှင့် အချိန်ကာလပေါ်တွင်မူတည်ကာ တစ်ဆင့်ချင်းဆောင်ရွက်ရန် စီမံချက်ထားရှိရန်ဖြစ်သည်။

တတိယနည်းလမ်းကား တည့်မတ်သောသဘောထားအမြင်ထားရှိရန်ဖြစ်သည်။ မိမိလျှောက်လှမ်းသော ခရီးလမ်းသည် မှန်ကန်သည်ဟု မိမိကိုယ်တိုင် ယုံကြည်ချက်ဖြင့် မဆုတ်မနစ် လုပ်ဆောင်လျှင် မည်မျှပင် ဟန့်တားနှောင့်ယှက်သည် ဖြစ်စေ ပန်းတိုင်ဆီသို့ ရောက်ရှိမည်ဖြစ်သည်။ မိမိလျှောက်သော ခရီးလမ်းသည် အစဉ်အမြဲဖြောင့်ဖြူးနေမည်မဟုတ်ပေ။ အကွေ့အကောက် အတက်အဆင်းနှင့် အတားအဆီး၊ ဆူးငြောင့်ခလုတ်များလည်းရှိမည်ဖြစ်ရာ ကြိုတင်တွေးဆထားရန်နှင့် အောင်မြင်စွာ ကျော်ဖြတ်မည်ဟူ၍လည်း ဆုံးဖြတ်ထားရန်လိုသည်။

စတုတ္ထနည်းလမ်းမှာ ယုံကြည်မှုသည် တောင်များကိုပင် ရွေ့သွားစေနိုင်သည်ဟု ဆိုစကားရှိသည့်အတိုင်း မိမိသည် ပန်းတိုင်သို့ရောက်အောင် သွားနိုင်သည်။ အခက်အခဲမှန်သမျှကို ကျော်ဖြတ်နိုင်သည်ဟု ယုံကြည်ထားလျှင် အခက်အခဲများအားလုံး အလိုလို ဖယ်ရှားပြီးသား ဖြစ်သွားမည်ဖြစ်သည်။

ပဉ္စမနည်းလမ်းမှာ ဇွဲ၊ လုံ့လ၊ ဝီရိယရှိခြင်းဖြစ်ပြီး ပန်းတိုင်သို့ရောက်ရှိရန် ပျင်းရိခြင်း၊ စိတ်ကူးယဉ်အတွေးနယ်ချဲ့နေရုံနှင့်မပြီး။ တကယ်ကြိုးပမ်းမှ တကယ်အောင်မြင်မည်ဖြစ်သည်။ စိတ်ရှည်သည်းခံကြိုးပမ်းခြင်း၊ ဝါယမစိုက်ထုတ်ခြင်း၊ အစဉ်အမြဲနိုးကြားခြင်းဟူသည့် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှုသည်လည်း အောင်မြင်ခြင်း၏ သော့ချက်တစ်ခုဖြစ်သည်။

ဆဋ္ဌမနည်းလမ်းမှာ မိမိလုပ်သောအလုပ်ကို ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သောအရာအဖြစ် အစဉ်အမြဲစိတ်ဝင်တစားရှိနေရမည်ဖြစ်ပြီး ဦးထိပ်တွင် အစဉ်အမြဲပန်ဆင်ထားရန် အရေးကြီးလှပေသည်။

နောက်ဆုံးနည်းလမ်းမှာ စိတ်ဆုံးဖြတ်မှုခိုင်မာခြင်းပင်ဖြစ်ပြီး ခရီးလမ်းသို့မရောက်မချင်း မည်သည့်အဟန့်အတားများ ရှိစေကာမူ နောက်မဆုတ်ဘဲ ဆုံးခန်းတိုင်လျှောက်လှမ်းမည်ဟူသော ဆုံးဖြတ်ချက်ကို အခိုင်အမာထားရန်ဖြစ်သည်။

အချုပ်ဆိုရသော် အောင်မြင်မှုရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းနေခြင်းသည် လှေကားထစ်များကို တစ်ထစ်ချင်း တက်လှမ်းနေခြင်းဖြစ်ရာ လှေကားတစ်ထစ်ချင်းဆီသို့ တက်လှမ်းလေတိုင်း အောင်မြင်ခြင်းပန်းတိုင်သို့ ရောက်ရမည်ဟု ရည်မှန်းချက်ထားကာ ကြိုးပမ်းသွားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပြည်တွင်းသတင်း

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ပိတ်ပွဲဆိုင်ရာ နည်းပညာပံ့ပိုးမှု လုပ်ငန်းများဆွေးနွေး

နေပြည်တော် ဧပြီ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များတွင် နည်းပညာပိုင်းဆိုင်ရာများအား ကူညီထောက်ပံ့ပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Arts and Entertainment Group မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက နှုတ်ခွန်းဆက်စကားပြောကြားပြီး China Arts and Entertainment Group မှ Mr. LI SHIZHONG ဦးစီးအဖွဲ့နှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များသည် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အသုံးပြုမည့် လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ တရုတ်ပညာရှင်အဖွဲ့သည် မြန်မာနိုင်ငံတွင် နှစ်ရက်ကြာနေထိုင်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲဆိုင်ရာ နည်းပညာပံ့ပိုးကူညီမှု လုပ်ငန်းများအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကမ်းနံဘေးကျေးရွာအချို့ မြစ်အတွင်း အမှိုက်များအလွယ်တကူပစ်နေ

ထင်သာမြင်သာ ပြုပြင်စရာ

ကသာမြို့နယ်နှင့် မိုးတားလေးကျေးရွာအနီး ဧရာဝတီမြစ်ကမ်းနံဘေး ကျေးရွာများ၌ အမှိုက်များ စွန့်ပစ်မျှောခြင်း၊ ကမ်းနံဘေး စုပုံပစ်ထားခြင်းများ ရှိနေသောကြောင့် မီးဘေးအန္တရာယ်ကင်းဝေးစေပြီး ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရန် အသိတရား ကိုယ်စီထား၍ ဆိပ်ကမ်းမြို့ရွာသန့်ရှင်းသာယာလှပသော ကမ်းခြေဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

အမှိုက်ကို ရေချိုးဆင်း၊ အဝတ်လျှော်ဆင်းသွားရင်း လွယ်လွယ်ကူကူဖြင့် မိမိအိမ်တွင် အမှိုက်မရှိလျှင်ပြီးရောသဘောဖြင့် စွန့်ပစ်သူများကြောင့် ရေတွင် ညစ်ညမ်းမှုရှိသကဲ့သို့ ကုန်းကမ်းပါးလည်း အမှိုက်များ ထူထပ်နေခြင်းကြောင့် ကမ်းခြေအလှပျက်ရသည်။ ရေကြီးချိန် ရေတိုက်စားမှုဒဏ်ကြောင့် မြစ်သောင်ထွန်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံခြားသား ခရီးသွားများ မြင်တွေ့လျှင် မြို့ခံပြည်သူများအပေါ် အထင်အမြင်သေးခြင်း၊ စည်းကမ်းမဲ့ခြင်းတို့ကို ပေါ်လွင်သွားစေနိုင်သဖြင့် မြို့ရွာစည်ပင်သာယာ နယ်နိမိတ်အတွင်း ဆိပ်ကမ်းသန့်ရှင်းသာယာလှပစေရန်နှင့် မီးဘေးအန္တရာယ်စိတ်ချရပြီး ကျန်းမာရေးရှုထောင့်အနေဖြင့် စုပေါင်းသန့်ရှင်းရေးကို တစ်ပတ်တစ်ခါ ဝိုင်းဝန်းထိန်းသိမ်းပြုလုပ်ပေးကြရန် လိုအပ်နေပြီဖြစ်ကြောင်း တစေ့တစောင်းအကြံပြုရေးသားအပ်ပါသည်။

ငွေအိုး(ကသာ)

လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးဂေဟာ ပန္နက်တင်မင်္ဂလာအခမ်းအနား မြဝတီမြို့၌ကျင်းပ

မြဝတီ ဧပြီ ၂

မြဝတီခရိုင် မြဝတီမြို့နယ်တွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူတို့က လှူဒါန်းသည့် လူကုန်ကူးမှုခံရသူများ ကာကွယ်စောင့်ရှောက်ရေး ဂေဟာ အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ငွေဟသ်ာဆရာတော် ဘဒ္ဒန္တဝိမာလကြီးမှူး၍ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက မတ် ၂၇ ရက်တွင် အမှတ် (၃/၄) ရပ်ကွက်၊ အမျိုးသမီးရေးရာရုံးအနီး မိဋ္ဌာန်အောင်ကွင်းတွင် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူတို့က လှူဒါန်းသည့် လူကုန်ကူးမှုခံရသူများ ကာကွယ်စောင့်ရှောက်ရေးဂေဟာအကျယ်အဝန်းမှာ အလျားပေ ၁၆၀၊ အနံပေ ၁၆၀ အကျယ်အဝန်း သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ရန်အတွက်ကုန်ကျ ငွေစုစုပေါင်း FEC-၁၁၅၄၈၉ ယူနစ်ဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံကို အောင်ဇေယျ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

နဒီမြင့်မိုရ် (မြဝတီ)

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက်နေ့မှ ၆ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်များဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်။

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်။

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်။

(ဃ) မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင်မတင့်တယ်သည့် နေထိုင်မှု၊ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရှန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) တစ်ပါးသူ(သို့မဟုတ်) အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးမဖြစ်စေရေး ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

NEW MOTION Travels & Tours
ခရီးလျှားသင်္ကြန် ခရီးစဉ်
• တောင်ကြီး - Apr: 17
• ပုဂံ - Apr: 12
• တောင်ကြီး-ပုဂံ - Apr: 11,12
• ငွေဆောင် - Apr: 13,15
• ချောင်းသာ - Apr: 10,11,13
• ပုဂံ-ရွှေစက်တော် - Apr: 12, 13
• ပုဂံ-မန္တလေး - Apr: 13
• ငပလီ - Apr: 13,15
527 922, 538 811, 09-731 48922, 09-731 48848

UNIQUE STAR TRAVELS & TOURS
Promotion (၃)ဦး ဝယ်လျှင် + (၁)ဦး အခမဲ့
ငပလီ Apr: 10,11,12,13 (350,000)
တောင်ကြီး Apr: 11,12,13,17 (205,000)
Apr: 13 (195,000) Apr: 11,13 (195,000)
Apr: 12 (195,000) Apr: 11,13 (205,000)
Apr: 11,13 (215,000) ပုဂံ၊တောင်ကြီး Apr: 11,13 (265,000)
ချောင်းသာ Hotel Max Apr: 10 (80,000) Apr: 11,13 (265,000)
(5),Ground Fl, Asia Plaza. Ph: 391 372, 391 373, 708 353, 705 723, 09 514 8079
70(A),Kabaraye Pagoda Rd.09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166

ပြည်တွင်းသတင်း

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဧပြီ ၂

နေပြည်တော်၌ ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်ဇနီး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် ဇနီးတို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးတို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂

စီးပွားရေးကဏ္ဍတွင် တရားဥပဒေစိုးမိုးရေးမြှင့်တင်စေရန်အလို့ငှာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ပြောကြားသည်။

ပြည်ထောင်စု ရှေ့နေချုပ်က နိုင်ငံတော်သမ္မတကြီးကလည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လိုအပ်သည့်အကြောင်းကို အခါအားလျော်စွာ မိန့်ခွန်းများတွင် အလေးအနက်ထားပြောကြားခဲ့ကြောင်း၊ ယခုအခါတွင် မိမိတို့တိုင်းပြည်သည် ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေရာ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ ဒုတိယအဆင့်၌ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးကဏ္ဍတွင် တရားဥပဒေစိုးမိုးရေး မြှင့်တင်စေရန်အလို့ငှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၁၂(၃) အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စာချုပ်စာတမ်းများကို စိစစ်ရန်တာဝန်ရှိကြောင်း၊ စီးပွားရေးစာချုပ်စာတမ်းများ၏ ဥပဒေရေးရာစာပိုဒ်များအနက်မှ တစ်ခုသည် အငြင်းပွားမှုဖြေရှင်းဖြစ်သည်ကို သိမြင်နိုင်ကြောင်း၊ ၂၀၁၃ ခုနှစ် မတ် ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး၏ (၁၇)ရက်မြောက်နေ့၌ ပြည်ထောင်စုလွှတ်တော်မှ နယူးယောက်သဘောတူစာချုပ် (NEW YORK CONVENTION) ဝင်ရန်နှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဥပဒေကော်မရှင်၏ အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ ကျင့်စဉ်နည်းဥပဒေများ (UNICITRAL RULES)ကိုအသုံးပြုရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း၊ ယခုဆွေးနွေးပွဲသည် အနုညာတစီရင်ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်သော နယူးယောက် သဘောတူစာချုပ်နှင့်အညီ အနုညာတဆုံးဖြတ်ခြင်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်နေသော ပုဂ္ဂိုလ်များအား ပံ့ပိုးနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသော စီးပွားရေးဥပဒေနှင့်ပါဝင်ပတ်သက်သည့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များအားလုံးအတွက် ပံ့ပိုးမှုလည်းဖြစ်နိုင်လိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း၊ ဤဆွေးနွေးပွဲမှ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှုနှင့်စပ်လျဉ်းသည့် အနုညာတဆုံးဖြတ်ခြင်းကို ရှုမြင်သုံးသပ်ခြင်း၊ အနုညာတခုံရုံး စီရင်ပိုင်ခွင့်နှင့် ဖွဲ့စည်းပုံ အနုညာတစီရင်ဆုံးဖြတ်ခြင်း လုပ်ထုံးလုပ်နည်းများ၊ အနုညာတဆုံးဖြတ်ချက် အတည်ပြုမှုနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ ခေါင်းစဉ်(၃)ခုကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ အဆိုပါ ခေါင်းစဉ်(၃)ခုက ဥပဒေပညာရှင်များအားလုံး ကျေညက်စွာ သိရှိထားရန်ရည်ရွယ်၍ ဤဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းကျင်းပသည့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသောဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်း ပြောကြားသွားသည်။

ဆက်လက်၍ JICA ရုံးအကြီးအကဲ Mr. Masahiko Tanaka က အမှာစကားပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး အဆိုပါ ဆွေးနွေးပွဲကို ဧပြီ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အနုညာတ စီရင်ဆုံးဖြတ်ခြင်းနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးဇော်ထွန်းအား ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

အမေရိကန်သမ္မတဟောင်း မစ္စတာ ဂျင်မီကာတာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂

အမေရိကန် သမ္မတဟောင်း မစ္စတာ ဂျင်မီကာတာနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နိုင်ငံတကာသတင်း

လူလိုက်ပါမည့်အာကာသယာဉ်သစ် တရုတ်နိုင်ငံ မကြာမီလွှတ်တင်တော့မည်

ပေကျင်း ဧပြီ ၂

ယခုနှစ် ဇွန်လအစောပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည့် တရုတ်နိုင်ငံ၏ လူလိုက်ပါမည့် ရှန်ကျိုး- ၁၀ အာကာသယာဉ်သစ်ကိုစမ်းသပ်မှုများ အမျိုးမျိုးပြုလုပ်ပြီးနောက် ဂန်စုပြည်နယ်ရှိ ကျိုကွမ်အာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ ပို့ဆောင်ထားပြီဖြစ်ကြောင်း တရုတ်လူလိုက်ပါမည့် အာကာသရေးရာ အစီအစဉ်က ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှန်ကျိုး-၁၀ အာကာသယာဉ်သည် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းရှိ Tiangong-1 ယာဉ်နှင့် စက်ရုပ်အစားထိုးခြင်း၊ လူအားဖြင့် အာကာသယာဉ်ချိတ်ဆက်ခြင်းများနှင့် မော်ကျူးခတ်ခွဲခန်းအတွင်း သိပ္ပံဆိုင်ရာလက်တွေ့ စမ်းသပ်ခြင်းနှင့် ကမ္ဘာမြေပေါ်ရှိ လေ့လာစောင့်ကြည့်သူများကို သိပ္ပံဆိုင်ရာလေ့လာချက်ပို့ပေးခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

Tiangong-1 ကို ၂၀၁၁ ခုနှစ်က အာကာသစခန်းသို့ စေလွှတ်ခဲ့သည်။ Tiangong-1 သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် လူလိုက်ပါခြင်းမရှိသည့် ရှန်ကျိုး-၈ အာကာသယာဉ်နှင့် လည်းကောင်း၊၂၀၁၂ ခုနှစ် ဇွန်လတွင် ရှန်ကျိုး-၉ အာကာသယာဉ်နှင့်လည်းကောင်း ချိတ်ဆက်ခဲ့ခြင်းဖြင့် တရုတ်နိုင်ငံ၏ အာကာသချိတ်ဆက်နိုင်မှုစွမ်းရည်များကို သက်သေပြနိုင်ခဲ့သည်။ **(ဆင်ဟွာ)**

မက္ကဆီကိုတွင် ဘတ်စ်ကားတစ်စီး လျှိုမြောင်တစ်ခုအတွင်း ထိုးကျ

မက္ကဆီကိုစီးတီး ဧပြီ ၂

မက္ကဆီကိုနိုင်ငံအရှေ့ပိုင်း ဗာရာခရုပြည်နယ်တွင် ဘတ်စ်ကားတစ်စီး မီတာ ၁၀၀ အနက်ရှိသော လျှိုမြောင်တစ်ခုအတွင်းသို့ ထိုးကျသွားခဲ့ရာ ၁၂ ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဧပြီ ၁ ရက်တွင် ပြောကြားသည်။

အဆိုပါမတော်တဆမှုကြောင့် ၁၂ ဦးသေဆုံးပြီး အခြား ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု မက္ကဆီကိုအရှေ့ပိုင်းကမ်းခြေရှိ ဗာရာခရုပြည်နယ် အစိုးရအုပ်ချုပ်ရေးဌာနက အတည်ပြုထုတ်ပြန်ခဲ့သည်။ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ယင်းဘတ်စ်ကားသည် မတော်တဆမှုဖြစ်ပွားချိန်၌ ခရီးသည် ၃၀ ခန့်ကို တင်ဆောင်မောင်းနှင်လာခဲ့ကြောင်း၊ သေဆုံးသူများမှာ အမျိုးသမီးလေးဦးနှင့် အမျိုးသား ရှစ်ဦးတို့ဖြစ်ကြောင်း အဆိုပါဌာနက အစီရင်ခံစာတစ်ရပ်အရ သိရသည်။ ဒဏ်ရာရရှိသူများကို ဗာရာခရုပြည်နယ်၏မြို့တော် ဂျာလာပါရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်းဘတ်စ်ကားသည် မီစန်တလာမြို့မှ ဂျာလာပါသို့ ဦးတည်မောင်းနှင်လာပြီး ဘတ်စ်ကားလမ်းကျဉ်းတစ်ခုအတွင်းသို့ ရုတ်တရက်ကူးပြောင်းစဉ် ဂျာလာပါအနီးနာအိုလင်ကိုမြို့ဧရိယာရှိ လျှိုမြောင်တစ်ခုအတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မာလီသို့ အီးယူလေ့ကျင့်ရေးတပ်ဖွဲ့ဝင်များစေလွှတ်

ဘာမာကို ဧပြီ ၂

အနောက်အာဖရိကရှိ မာလီနိုင်ငံ၌ အစ္စလာမ္မစ်အကြမ်းဖက်မှုများကို တန်ပြန်တိုက်ခိုက်ရေးတွင် ကူညီရန် မာလီစစ်သားများအား အီးယူက လေ့ကျင့်သင်ကြားရေးမစ်ရှင်ကို စတင်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၂ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မာလီနိုင်ငံ မြို့တော်ဘာမာကို မှ ၃၇ မိုင်အကွာ ကူလီကိုရိုအခြေစိုက်စခန်း၌ မာလီတပ်ရင်းလေးခုအနက် တစ်ခုကို အီးယူစစ်ရေးလေ့ကျင့်ပေးသူများက လေ့ကျင့်သင်ကြားပေးသွားမည်ဟုဆိုသည်။

ပြင်သစ်ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီလက မာလီမြောက်ပိုင်းရှိ အဓိကမြို့များကို ပြန်လည်သိမ်းယူခဲ့သည်။ သို့သော်မြောက်ပိုင်း၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

အီးယူ ၂၂ နိုင်ငံမှ တပ်ဖွဲ့ဝင် ၅၅၀ တို့အား မာလီသို့စေလွှတ်ထားပြီဖြစ်သည်။ ပြင်သစ်သည် တပ်ဖွဲ့ဝင်အများဆုံးစေလွှတ်ပြီး တပ်ဖွဲ့ဝင် ၂၀၇ ဦးစေလွှတ်ထားသည်။ ယင်းနောက် ဂျာမနီက ၇၁ ဦး၊ စပိန်က ၅၄ ဦး၊ ဗြိတိသျှ ၄၀၊ ချက် ၃၄ ဦး၊ ဘယ်လ်ဂျီယံ ၂၅ ဦးနှင့် ပိုလန် ၂၀ တို့ပါဝင်ကြောင်းသိရသည်။ **(ဘီဘီစီ)**

ကိုရီးယားကျွန်းဆွယ်အပေါ် တင်းမာမှုအရှိန်မြင့်မားစဉ်အတွင်း အမေရိကန်က တောင်ကိုရီးယားသို့ စစ်သင်္ဘောစေလွှတ်

ဝါရှင်တန် ဧပြီ ၂

အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားနှင့် တင်းမာမှုများ အရှိန်မြင့်မားလာသည့်အတောအတွင်း ကိုရီးယားကျွန်းဆွယ်ရှိ ပစိဖိတ်ရေပြင်သို့ ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသော စစ်သင်္ဘောတစ်စင်း **(ယာပုံ)** ဖြန့်ကြက်ချထားခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

အမေရိကန်ရေတပ်သည် မြောက်ကိုရီးယား၏ဒုံးကျည်ပစ်ခတ်လာနိုင်မှုရန်ကို ကာကွယ်ရန် ကိုရီးယားကျွန်းဆွယ် အနောက်တောင်ပိုင်းကမ်းခြေသို့ USS Fitzgerald စစ်သင်္ဘောကို ဧပြီ ၁ ရက်က စေလွှတ်ပေးခဲ့ကြောင်း အမည်မဖော်လိုသူ အမေရိကန်စစ်ဘက်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းဌာနက ထုတ်ပြန်သည်။

အမေရိကန်နိုင်ငံသည် တောင်အာရှနိုင်ငံနှင့် စစ်ရေးလေ့ကျင့်မှုများအတွက် တောင်ကိုရီးယားသို့ ရေဒါဖမ်းယူရန်ခက်ခဲသည့် F-22 ဂျက်တိုက်လေယာဉ်များကို မတ် ၃၁ ရက်က ပို့ပေးခဲ့သည်။

နိုင်ငံရေးဆိုင်ရာ ဆင်ခြင်တွေးခေါ်မှုမရှိဘဲ နိုင်ငံနှင့်လူမျိုးတို့အား တိုက်ခိုက်လာနိုင်မည့် မည်သည့်ရန်စမှုမျိုးကိုမဆို ပြင်းပြင်းထန်ထန်တုံ့ပြန်ရန် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက ကာကွယ်ရေးဝန်ကြီးနှင့် ထိပ်တန်းခေါင်းဆောင်များကို အမိန့်ပေးခဲ့သည်။ **(ရိုက်တာ)**

တင်မောင်လွင်-စုစည်းသည်

တူရကီရွှေ အီရန်သို့ ပြန်ပို့

အင်ကာရာ ဧပြီ ၂

နျူကလီးယားအစီအစဉ်ပေါ် တီဟီရန်အား ဆန့်ကျင်သည့် အမေရိကန်၏အရေးယူမှုများကို ရှောင်ကွင်းကာ အီရန်နှင့် တူရကီတို့သည် ဖေဖော်ဝါရီလက အမေရိကန်ဒေါ်လာ သန်း ၁၂၀ တန်ဖိုးရှိသဘောတူညီချက်တစ်ရပ်ရေးထိုးခဲ့ပြီး သဘာဝဓာတ်ငွေ့အတွက် ရွှေကုန်သွယ်မှုကို ပြန်လည်စတင်ခဲ့ကြကြောင်း ဧပြီ ၂ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

တူရကီနိုင်ငံသည် ဇန်နဝါရီလတွင် တရားဝင်ရပ်ဆိုင်းမှုတစ်ရပ်ထုတ်ပြန်ခဲ့ပြီးနောက် ဖေဖော်ဝါရီလတွင် အီရန်သို့ အမေရိကန်ဒေါ်လာ သန်း ၁၂၀ တန်ဖိုးရှိ ရွှေများကို တင်ပို့ပေးခဲ့ကြောင်း ရိုက်တာသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **(ပရက်စ်တီဗွီ)**

ပါကစ္စတန်ဓာတ်အားပေးစက်ရုံ တိုက်ခိုက်ခံရ

ပက်ရှ်ဝါ ဧပြီ ၂

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို သောင်းကျန်းသူ ဒါဇင်ကျော်တို့က ဝင်ရောက် တိုက်ခိုက်ခြင်းဖြစ်ပွားရာ အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း ဧပြီ ၂ ရက်တွင် ဘီဘီစီသတင်းတစ်ပုဒ်၌ ရေးသားဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်ခံရမှုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ဓာတ်အားပေးစက်ရုံဝန်ထမ်းတစ်ဦးသေဆုံးခဲ့ပြီး ၁၀ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ဖမ်းဆီးခေါ်ဆောင်သွားခံရသူ ၁၀ ဦးအနက် ငါးဦး၏ အလောင်းများကို စက်ရုံအနီးတွင် တွေ့ရှိခဲ့ရပြီး ကျန်ငါးဦးအား မည်သည့်နေရာသို့ ဖမ်းဆီးခေါ်ဆောင်သွားသည်ကို မသိရသေးကြောင်း ပြောကြားသည်။အဆိုပါ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုများ ခေတ္တရပ်ဆိုင်းခဲ့ရပြီး ယခုအခါ ပြန်လည်ပြင်ဆင်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(ဘီဘီစီ)**

မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် မဟာဗန္ဓုလ လန်ကာဝီကျွန်း ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂

မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် မဟာဗန္ဓုလသည် မလေးရှားနိုင်ငံရေတပ်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ကျင်းပသည့် Langkawi International Maritime and Aerospace Exhibition 2013 (LIMA-2013) ပြပွဲသို့ တက်ရောက်ရန်အတွက် မတ် ၂၂ ရက်တွင် ထွက်ခွာခဲ့ပြီး ယနေ့ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

စစ်ရေယာဉ် မဟာဗန္ဓုလသည် မလေးရှားနိုင်ငံ ရေပိုင်နက်အတွင်းသို့ မတ် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် စတင်ရောက်ရှိပြီး မလေးရှားနိုင်ငံ လန်ကာဝီကျွန်းသို့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ရောက်ရှိသည်။

စစ်ရေယာဉ် မဟာဗန္ဓုလမှ စစ်ရေယာဉ်မှူးနှင့် အရာရှိများသည် မတ် ၂၆ ရက်တွင် လန်ကာဝီကျွန်း၊ Mahisuri International Exhibition Center (MIEC) ၌ ကျင်းပသည့် Langkawi International Maritime and Aerospace Exhibition 2013 (LIMA-2013) ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

စစ်ရေယာဉ် မဟာဗန္ဓုလသည် မလေးရှားနိုင်ငံ လန်ကာဝီကျွန်းမှ မတ် ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပြန်လည်ထွက်ခွာလာရာ မြန်မာ့ရေပိုင်နက်အတွင်းသို့ ဧပြီ ၁ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ဝင်ရောက်ခဲ့သည်။

စစ်ရေယာဉ်မဟာဗန္ဓုလ၏ ယခု သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်သည် အသွား/အပြန် စုစုပေါင်း ရေမိုင် ၁၅၀၀ ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ကျောဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ရှင်းလင်းပြောကြားရာတွင် " ခရိုင်နှင့် မြို့နယ်ရဲများ၊ မီးသတ်ယာဉ်များ ရောက်ရှိလာချိန်တွင် သော့မှာဗလီဆရာခင်မောင်အေး ထံတွင်သာရှိပြီး လှေကားအောက်ရှိ မီးအားမြှင့်စက်မှ မီးလောင်ခြင်းဖြစ်ကြောင်း၊ အပေါ်မှာရှိသည့် ကလေးများမီးခိုးမွန်၍ သေဆုံးခြင်းဟု စစ်ဆေးတွေ့ရှိရကြောင်း အဓိကတာဝန်ရှိသူမှာ ခင်မောင်အေးနှင့် ဇေယျာဖြိုးတို့ဖြစ်ပြီး ၎င်းတို့အပြစ်ကို ဖုံးကွယ်ချင်၍ အပြင်မှ ရှို့မီးဖြစ်သည်ဟု ပြောဆိုကြောင်း၊ လမ်းအတွင်း နေထိုင်သူများကလည်း အလှည့်ကျ ကင်းစနစ်ဖြင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း"ဖြင့် ပြောကြားခဲ့သည်။ ထို့နောက် စာနယ်ဇင်း ရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် မီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

အဆိုပါ မီးလောင်မှုနှင့်စပ်လျဉ်း၍ အဖြစ်အပျက်မှန်၊ အခြေအနေမှန် စုံစမ်းစစ်ဆေးရရှိမှုများကို ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက စာနယ်ဇင်းများအား ထပ်မံရှင်းလင်း ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားရာ၌ ယနေ့ နံနက် ၂ နာရီခွဲခန့်တွင် ၄၈ လမ်း၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုနှင့်စပ်လျဉ်း၍ အဖြစ်မှန်ပေါ်ပေါက်စေရန် တာဝန်ရှိသူများ၊ တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်း၍ အဆက်မပြတ်စစ်ဆေးဖော်ထုတ်ခဲ့ကြောင်း၊ မီးမှာ အဆိုပါ အဆောက်အအုံရှိ မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ မသမာသူရှို့မီးကြောင့် မီးလောင်မှုဖြစ်သည်ဟု သတင်းဖြန့်မှု ရှိခဲ့သော်လည်း မဟုတ်မမှန်ဘဲ ပေါ့ဆမှုကြောင့်သာ လောင်သောမီးဖြစ်သည်ကို မိမိတို့ စစ်ဆေးဖော်ထုတ်ရရှိခဲ့ကြောင်း။

အဆိုပါ အဆောက်အအုံရှိ မီးအားမြှင့်စက်မှာ အပူလွန်ကဲမှုကြောင့် အသံမြည်လာကြောင်း၊ မီးအားမြှင့်စက်အနီးအိပ်သည့် ဝေယံသူ ၁၄ နှစ်က မီးလောင်သည်ကို သိသည်နှင့် အဆောက်အအုံအတွင်းရှိ ၎င်းတို့၏ ဆရာနှစ်ဦးဖြစ်သည့် ခင်မောင်အေးနှင့်ဇေယျာဖြိုးတို့ နှစ်ဦးအား နှိုးကြောင်း၊ နှိုးသော်လည်း မနိုးသဖြင့် အောက်ထပ်ရှိ ကလေးငယ်များ ကိုယ်တိုင် မီးငြှိမ်းသတ်ကြကြောင်း၊ ခြေဆေးသည့် ရေကန်မှ ရေဖြင့်လည်း ငြှိမ်းကြောင်း၊ ကိုတ်ငြှိမ်းသော်လည်း မီးမငြိမ်းကြောင်း၊ မီးအားမြှင့်စက်ဝိုင်ယာကြိုးမှတစ်ဆင့် လှေကားအောက်ရှိ မှောက်ကျသွားသော ဒီဇယ်ဆီပုံးမှ ဒီဇယ်ဆီများသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဝေယံသူထံမှ မိမိတို့ စုံစမ်းစစ်ဆေးဖော်ထုတ်ရရှိခဲ့ကြောင်း။

လျှပ်စစ်မီးပျက်ပါက အရေးပေါ်သုံးရန် တရုတ်နိုင်ငံအင်ဂျင်ဒီဇယ်ဆီသုံး ၂၅ ကောင်အားမီးစက် ဗလီတွင်ရှိကြောင်း၊ အဆိုပါ မီးစက်အတွက် ငါးဂါလန်ဝင် ဒီဇယ်ဆီပုံး တစ်ပုံး အဆိုပါအဆောက်အအုံ လှေကားအောက်တွင် အမြဲထားရှိသည်ဟု သိရကြောင်း၊ မီးလောင်သည့်အတွက် တာဝန်ရှိသည့် ဇေယျာဖြိုး(ခ) နူရွှလ္လာမှာ အပြစ်ပေး အရေးယူခံရမည်စိုးသဖြင့် ၎င်းဝတ်သည့် ပုဆိုးတွင် ဒီဇယ်များ ရွှဲနေသည်၊ စောင်တွင် ဒီဇယ်ဆီများ စိုနေသည်ဟူသည့် စကားများဖြင့် မသမာသူရှို့သယောင်ယောင်၊ မီးလောင်မှုအတွက်တာဝန်ယူရမည်ကို ရှောင်တိမ်းလိုမှုနှင့် အပြစ်မှ ရုန်းထွက်နိုင်ရန် မမှန်မကန်ပြောဆိုမှုများကို မိမိတို့ ရှေးဦးစုံစမ်းမှုများတွင် ရရှိခဲ့ကြောင်း၊ သူ့အပြစ်ကို သူခံရမည်စိုး၍ အဖြစ်မှန်ကို လွှဲပြောခဲ့ခြင်းဖြစ်ကြောင်း။

မီးလောင်မှုအဖြစ်အပျက်အမှန်ကို ၎င်းဗလီမှ ကလေးငယ်များဖြစ်သည့် ဝေယံသူ၊ ဇော်ဇော်ထက်နှင့် မျိုးအောင်တို့က တာဝန်ရှိသူများအား ရှင်းပြခဲ့ကြောင်း၊ ဇေယျာဖြိုးကလည်း မီးလောင်မှု အဖြစ်အပျက်မှန်များကို ဖွင့်ဟ ဝန်ခံထားပြီး ဖြစ်ကြောင်း၊ ခင်မောင်အေးမှာ တိမ်းရှောင်လျက်ရှိကြောင်း၊ မီးလောင်ချိန်တွင် အဆောက်အအုံအပေါ်ထပ်၌ ကလေးငယ် ၁၃ ဦးရှိပြီး ၎င်းတို့မှာ မီးခိုးငွေ့များ မွန်၍ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ အောက်ထပ်ရှိကလေးငယ် ၅၈ ဦးစလုံးမှာ အားလုံးထိခိုက်ဒဏ်ရာမရှိဘဲ လွတ်မြောက်ခဲ့ကြောင်း၊ ယင်းမီးလောင်မှုမှာ ပြင်ပ ပယောဂ လုံးဝမပါဘဲ ပေါ့ဆမှုကြောင့်သာ မီးလောင်ကျွမ်းခြင်းဖြစ်သည်ကို မိမိတို့ စုံစမ်းဖော်ထုတ်နိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင် သတင်းထောက်များအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အေးတို့က မီးလောင်မှုနှင့် စပ်လျဉ်း၍ အဖြစ်မှန် ဖော်ထုတ်နိုင်ရေး စုံစမ်းစစ်ဆေးခဲ့မှုများနှင့် သက်သေအထောက်အထားပစ္စည်းများ ဖြစ်သည့် ရှို့ပိန်နေသော ငါးဂါလန်ဝင် ဒီဇယ်ပုံးခွံ၊ ဒီဇယ်ဆီများ စိုနေသည့် စောင်တို့ကို ပြသသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းကလည်း စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေး အစီအမံများ စနစ်တကျ စီစဉ်ဆောင်ရွက်နေမှု၊ တစ်ဦးနှင့်တစ်ဦး သံသယမရှိဘဲ အေးချမ်းတည်ငြိမ်ရေးအတွက် ကူညီဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ ထိုင်းဘုရင့်အုတ်ဂူဟောင်းမှ တွေ့ရှိသော ပစ္စည်းများကြည့်ရှုလေ့လာ

မန္တလေး ဧပြီ ၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းဆွေသည် ဧပြီ ၂ ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)ရုံး၌ မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်၊ သုတေသီစာရေးဆရာ ဒေါက်တာတင်မောင်ကြည်၊ The Association of Siamese Architects under Royal Patronage မှ ဒုတိယအဖွဲ့ခေါင်းဆောင် Myint Hsan Heart (Micky Heart)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနခွဲမှူး ဦးစကြည်ထွန်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးဇော်ဦးဟန်နှင့်တာဝန်ရှိသူ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံသည်။

အမရပူရမြို့နယ် လင်းဇင်းကုန်းရှိ ထိုင်းဘုရင်ဟောင်း၏ အုတ်ဂူတူးဖော်သုတေသနပြုလုပ်ရာမှ ရရှိသော မှန်စီရွှေချသပိတ်ပုံအရိုးအိုး တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား လေ့လာကြည့်ရှုကြရာတွင် အဆိုပါ အရိုးအိုးမှာ စဥ့်ဖြင့် ပြုလုပ်ထားကြောင်း၊ မှန်စီရွှေချ သစ်စေးသရိုးကိုင်ထားကြောင်း၊ အဖုံးမှာ အိုးအတွင်း ကျွံကျနေကြောင်း၊ အခြယ်အလှယ်များပါသော မှန်ချပ်များနှင့် အတူ ပူးတွဲတွေ့ရှိခဲ့ရပါကြောင်း၊ အိုးအတွင်း ကျွံဝင်နေသော အဖုံးအား မူလလက်ရာမပျက် ပြန်လည်ထုတ်ယူနိုင်ရန်အတွက် ဓာတုဗေဒထိန်းသိမ်းနည်းများဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဖုံးအောက်မှ သပိတ်အတွင်းရှိ ပစ္စည်းများသည် မည်သည့်ပစ္စည်းများဖြစ်သည်ကိုလည်း သိရှိရန်အတွက် သုတေသနပြုလုပ်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီးနှင့် ပညာရှင်များမှ ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ကျန်းမာရေးဆောင်းပါး

သွေးတိုးရောဂါကာကွယ်ပါ

ထွန်းအောင်လှ
(လုပ်ငန်းခွင် ကျန်းမာရေး)

လူတစ်ဦးစီ၏ မျိုးရိုးဗီဇ၊ ပြုမူ ကျင့်ကြံနေထိုင်မှု ဓလေ့စရိုက်၊ ပတ်ဝန်းကျင်အခြေအနေနှင့် ကျန်းမာရေးစနစ် စသည်တို့သည် ထိုသူ၏ ကျန်းမာရေးအခြေအနေကို များစွာလွှမ်းမိုးလျက်ရှိနေပါသည်။ ယနေ့ခေတ်တွင် ပြောင်းလဲလာသော လူနေမှုစရိုက်များကြောင့် သွားလာရာ၌လည်းကောင်း၊ အလုပ်လုပ်ကိုင်ရာ လုပ်ငန်းခွင်များ၌လည်းကောင်း စက်ကိရိယာများကို ပိုမိုသုံးစွဲလာခြင်းကြောင့် ကိုယ်လက်လှုပ်ရှားမှုများ လျော့နည်းလာခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော အစားအသောက်များကို ပိုမိုစားသောက်လာကြခြင်း၊ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးများကို ပိုမိုသုံးစွဲလာခြင်းတို့ကြောင့် ရောဂါဘယများ ပိုမိုဖြစ်ပွားလာကြသည်ကို တွေ့ရပါသည်။

အရက်ကို အန္တရာယ်ဖြစ်အောင် သောက်သုံးမှု၊ အသီးနှင့်အရွက်များ လုံလောက်အောင်မစားသုံးမှု၊ ဈေးနှုန်းသက်သာသော်လည်း အဆီဓာတ်များပြားပြီး အငန်ဓာတ် လွန်ကဲသည့် အစားအစာများကို စီးပွားရေးအခြေအနေအရ ရွေးချယ်စားသုံးနေမှုများသည် ဆင်းရဲနွမ်းပါး၍ အခွင့်အလမ်းနည်းပါးသည့် အကာအကွယ်မဲ့လူထုအတွင်း ပိုမိုတိုးတက်များပြားနေလျက်ရှိပါသည်။

မြန်မာလူမျိုးတို့၏ အငန်ဓာတ် စားသုံးမှုသည် ယခင်ကထက် လျော့နည်းလာသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသော တစ်နေ့တာစားသုံးသင့်သည့် အငန်ဓာတ် ၆ ဂရမ်ထက် ပိုလျက်ပင်ရှိနေသေးသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သောဆယ်စုနှစ်များမှစ၍ လူဦးရေနှင့် လူမှုစီးပွားရေးပြောင်းလဲမှုများကြောင့် ကူးစက်ရောဂါသာမက ကူးစက်ခြင်းမရှိသော ရောဂါများ၏ ဖိစီးမှုကိုပါ ရင်ဆိုင်ကြုံတွေ့လာရပါသည်။ စာရင်းဇယားများအရ ဤကဲ့သို့သော မကူးစက်တတ်သည့် နာတာရှည်ရောဂါများအခြေအနေမှာ မြန်မာနိုင်ငံတွင်လည်း ပိုမိုဖြစ်ပွားပြီး သေဆုံးမှုများလည်း များပြားလာကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသမှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ ဤမကူးစက်တတ်သော နာတာရှည်ရောဂါ အခြေအနေများကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းရန်လိုအပ်နေပြီဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဤအခြေအနေများကို မီးမောင်းထိုးပြသည့်အနေဖြင့် မကူးစက်တတ်သော နာတာရှည်ရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် **သွေးတိုးရောဂါ** ကို ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်အဖြစ် ရွေးချယ်သတ်မှတ်ပေးထားပါသည်။

ကိုယ်အလေးချိန်များသူများ၊ အလွန်အမင်းဝသူများ၊ မျိုးရိုး၌ သွေးတိုးရောဂါရှိသူများ၊ အသက်ကြီးသူများ၊ စိတ်ဖိစီးမှုများသူများ၊ ဆားအပါအဝင် အငန်အစားများသူများ၊ အဆီအဆိမ့်အစားများသူများ၊ ဆေးလိပ်သောက်သူများ၊ အရက်အလွန်အကျွံသောက်သူများ၊ သွေးပေါင်ချိန်မြင့်မားစေသည့်ရောဂါတစ်မျိုးမျိုးရှိသူများ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူများ၊ ဆီးချိုရောဂါရှိသူများ၊ ကျောက်ကပ်ရောဂါရှိသူများ စသည်တို့တွင် သွေးတိုးရောဂါ ပိုမိုဖြစ်ပွားတတ်ကြောင်း တွေ့ရှိရပါသည်။ နှစ်စဉ်ကမ္ဘာပေါ်တွင် သွေးတိုးရောဂါကြောင့် လူပေါင်း ၇ ဒသမ ၆ သန်းကျော် သေဆုံးလျက်ရှိကြောင်းလည်း သိရှိရပါသည်။ ဤရောဂါသည် အသက် ၄၀ကျော်သူ အများစုတွင် ဖြစ်တတ်ကြောင်းလည်း တွေ့ရှိရပါသည်။

သွေးတိုးရောဂါဖြစ်ပွားသူများ၏ ထက်ဝက်ခန့်မှာ သွေးတိုးရောဂါလက္ခဏာကို ခံစားရခြင်း မရှိပါ။ သွေးပေါင်ချိန်တိုင်းကြည့်သည့်အခါမှသာ သွေးတိုးရောဂါရှိကြောင်း သိနိုင်ပါသည်။ ကျန်ထက်ဝက်ခန့်တွင် ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ မူးမော်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ မောပန်းလွယ်ခြင်း၊ ရင်တုန်ခြင်း၊ ရင်ဝအောင့်ခြင်း/ကျပ်ခြင်း၊ ဖောရောင်ခြင်း၊ လေဖြတ်ခြင်း၊ မျက်စိကွယ်ခြင်းစသည့် သွေးတိုးရောဂါလက္ခဏာများကို တွေ့ရှိနိုင်ပါသည်။

သွေးတိုးရောဂါဖြစ်ပွားမှုကြောင့် လေဖြတ်ခြင်း၊ မျက်စိကွယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း/သွေးကြောပိတ်ရောဂါဖြစ်ခြင်း၊ ခန္ဓာကိုယ်ရှိ အခြားသွေးကြောများကျဉ်းမြောင်းလာခြင်း၊ သွေးကြောများ ဖောရောင်ပေါက်ကွဲခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းတို့ နောက်ဆက်တွဲ ဖြစ်နိုင်ပါသည်။

သွေးတိုးရောဂါဖြစ်ပွားမှု လျော့ပါးစေရန်အတွက် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို များများစားသုံးခြင်း၊ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်နှင့် အချိုမှုန့်စသည့်အစားအစာများကို ရှောင်ကြဉ်ခြင်း၊ ဆားလျှော့စားခြင်း၊ ဆီလျှော့စားခြင်း၊ သွေးပေါင်ချိန်ပုံမှန်ချိန်၍ လိုအပ်ပါကစနစ်တကျဆေးကုသမှုခံယူခြင်း၊ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်လုပ်ကိုင်ခြင်း၊ ဆေးလိပ်နှင့် အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ငယ်စဉ်ကာလမှစတင်၍ ကိုယ်အလေးချိန်ပုံမှန်ဖြစ်စေရန် ထိန်းသိမ်း၍ အဝမလွန်စေရန် ဂရုစိုက်နေထိုင်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်းစသည့် ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်းများကို ပုံမှန်ပြုမူလုပ်ကိုင်နေထိုင်ကြရန် လိုအပ်ပါသည်။

မိမိတို့ မြန်မာနိုင်ငံ၌ ငါးပိ၊ ငံပြာရည်၊ ငါးခြောက် စသည်တို့သည် နေ့စဉ်အစားအသောက်များတွင် ပုံမှန်နီးပါးပါဝင်လေ့ရှိသဖြင့် အငန်ကြိုက်သူများကြောင်း သိနိုင်ပါသည်။ သွေးတိုးရောဂါသည် အဓိကအားဖြင့် အငန်ဓာတ်ကို ပိုမိုစားသုံးခြင်းကြောင့် ဖြစ်ရပါသည်။ အငန်ဓာတ်ကို လွန်ကဲစွာ စားသုံးခြင်းဖြင့် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါနှင့် ကိုယ်တစ်ပိုင်းသေခြင်းတို့ဖြစ်ပြီး အသက်တိုစေပါသည်။ သို့ဖြစ်၍ နေ့စဉ်အစားအစာများ ချက်ပြုတ်ရာတွင် ဆားကို သင့်တော်ရုံသာထည့်ပြီး အငန်ဓာတ်စားသုံးမှုကို လျှော့ချသင့်ပါသည်။

အငန်လျှော့စားရမည်ဟုဆိုရာတွင် အိမ်သုံးဆားကိုသာလျှော့စားရမည်ဟု အများစုက ထင်မှတ်မှားနေတတ်ကြပါသည်။ အိမ်သုံးဆား၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည်တို့အပြင် အမှုမဲ့ အမှတ်မဲ့ဖြင့် အချိုမှုန့်ကို လွန်ကဲစွာစားသုံးခြင်းသည်လည်း အခြားအငန်ပါသော အစားအစာများ စားသုံးသကဲ့သို့ ဆိုးကျိုးများဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

အချိုမှုန့်တွင် ဆိုဒီယမ်ပါဝင်မှုသည် အိမ်သုံးဆားထက် သုံးဆကျော်မျှလျော့နည်းသော်လည်း ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါ ရှိသူများတွင် ကိုယ်တွင်း ဆိုဒီယမ်ဓာတ်စုဆောင်းမှုဖြစ်လာနိုင်ပြီး ကိုယ်ဖောရောင်ခြင်း၊ သွေးတိုးရောဂါ၊ ယင်းရောဂါနှင့်ဆက်နွှယ်နေသော ဆင့်ပွားရောဂါများ၊ ရင်ကျပ်ရောဂါစသည်တို့ ဖြစ်ပွားလာနိုင်ပါသည်။ သို့ဖြစ်၍ အဆိုပါ ရောဂါများမဖြစ်ပွားစေရန်အတွက် အချိုမှုန့်စားသုံးခြင်းကို သတိထား၍ ရှောင်ရှားသင့်ပါသည်။

ထို့အပြင် မိမိတို့နိုင်ငံ၌ ဆီစားသုံးမှုမှာလည်း လိုအပ်သည်ထက် ပိုမိုများပြားနေကြောင်း တွေ့ရှိရပါသည်။ ဆီစားသုံးမှုလွန်ကဲခြင်းကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ အသည်းကင်ဆာရောဂါ၊ ရင်သားကင်ဆာ အပါအဝင် ကင်ဆာရောဂါများနှင့် အဝလွန်ရောဂါစသည်တို့ ဖြစ်စေနိုင်ပါသည်။ သို့ပါ၍ နေ့စဉ်စားသုံးသော အစားအစာများတွင် ဆီကို ချင့်ချိန်၍ အတိုင်းအတာဖြင့် စားသုံးသင့်ပါသည်။

အသက်ရှည်၍ အနာမဲ့နိုင်ရေးအတွက် နေ့စဉ်စားသောက်နေကြသော အစားအစာများတွင် သုံးတတ်လျှင် တန်ဖိုးရှိသော အစွမ်းထက်ဆေးဝါးများပါရှိပါသည်။ အသီးအနှံ၊ သား၊ ငါး၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့ စသည်တို့ကို သင့်တင့်မျှတစွာ ရွေးချယ်စားသုံးပြီး ဆီနှင့် အငန်ဓာတ်ကိုမူ အထူးလျှော့၍ စားသုံးသင့်ပါသည်။

ရခဲလှသော လူ့ဘဝကို အနာမဲ့စွာ အသက်ရှည်ရှည်နေသွားရရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု ပုံစံများအတိုင်း စားသောက်နေထိုင်သွားကြရန် တိုက်တွန်းလိုပါသည်။ နေ့စဉ် နေထိုင်စားသောက်မှုပုံစံများကို မဆင်မခြင်ဘဲ ထင်ရာလုပ်၍၊ ထင်ရာစား၍ ရောဂါဖြစ်လာလျှင် တတ်ကျွမ်းသည့် ပုဂ္ဂိုလ်များနှင့် မည်သို့ပင် ကုသစေကာမူ နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ဝေဒနာများကြောင့် ကာယကံရှင် လူနာနှင့်တကွ မိသားစုများပါ လူမှုဒုက္ခများကို ခံစားရမည်ဖြစ်ပါသည်။

သို့ပါ၍ လူသားတိုင်း အသက်ရှည်ပြီး သွေးတိုးရောဂါမှ ကင်းဝေးနိုင်ရေးအတွက် တစ်နည်းအားဖြင့် တန်ဖိုးရှိလှသော ရခဲလှသည့် လူ့ဘဝတွင် ကျန်းမာပျော်ရွှင်စွာဖြင့် အသက်ရှည်ရှည်နေသွားရရေးအတွက် အလွန်ရိုးစင်းသည့် လုပ်ငန်းစဉ်များဖြစ်သော (လူတိုင်းလည်း လုပ်နိုင်သော၊ လုပ်လျှင်လည်း တကယ်ဖြစ်သော) ကိုယ်လက်လှုပ်ရှားမှုများ နေ့စဉ်ပုံမှန်ပြုလုပ်ခြင်း၊ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆီနှင့်အငန်ဓာတ်ကို လက်ရှိစားသုံးနေသည်မှ ထက်ဝက်လျှော့၍ စားသုံးခြင်း၊ အချိုမှုန့်စားသုံးမှုကို လုံးဝရှောင်ကြဉ်ခြင်း၊ မိမိကျန်းမာရေးနှင့် သင့်တော်မည့် အစာအာဟာရများကို သင့်တင့်မျှတစွာ စားသုံးခြင်း၊ အရက်နှင့်ဆေးလိပ်ကို လုံးဝမသောက်သုံးဘဲ ရှောင်ကြဉ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် သွေးတိုးရောဂါမှ ကာကွယ်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် အဌမအကြိမ်မြောက် ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့ (World Kidney Day)အထိမ်းအမှတ် အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့ကမ္ဘာပေါ်၌ လူ ၁၀ ဦးတွင် တစ်ဦးနှုန်း ကျောက်ကပ်နှင့် ပတ်သက်သော ရောဂါဝေဒနာများ ခံစားနေကြရကြောင်း၊ ကျောက်ကပ်ရောဂါဝေဒနာပြင်းထန်ပြီး ကျောက်ကပ်ပျက်စီးသည့်အခါ ကျောက်ကပ်တုသွေးသန့်စင်ခြင်း၊ ကျောက်ကပ်အစားထိုးခြင်းတို့ကို ဆေးရုံကြီးများတွင် စနစ်တကျ ဆောင်ရွက်နိုင်ပြီဖြစ်သော်လည်း ကုန်ကျစရိတ်ကြီးမြင့်သည့်အတွက် လူနာရှင်မိသားစုနှင့် နိုင်ငံတော်တွင် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံဆရာဝန်အသင်း ဆီးနှင့်ကျောက်ကပ်ပညာအဖွဲ့က ဦးဆောင်ကြိုးစားပြီး ကျောက်ကပ်ဝေဒနာနှင့် ပတ်သက်၍ လူအများ သိရှိနားလည်စေရန် ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ လူထုလှုံ့ဆော်မှု အနေဖြင့်နှစ်စဉ် ဆောင်ပုဒ်များချမှတ်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်ဆောင်ပုဒ်မှာ Kidneys For Life ; Stop Acute Kidney Injury (အသက်အတွက် ကျောက်ကပ်ဖျက်ဆီးခြင်းများ တားဆီးထားဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဆီးနှင့် ကျောက်ကပ်ပညာအဖွဲ့က ဦးဆောင်ပြီး ပြည်သူလူထုအတွင်း ကျောက်ကပ်ရောဂါနှင့် ပတ်သက်သော ဗဟုသုတ၊ အသိအမြင်များ တိုးတက်မြင့်မားလာစေရန် ယခုကဲ့သို့ အခမ်းအနားများ၊ ပညာပေးဟောပြောခြင်းများ ကျင်းပနိုင်ခြင်းကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပါမောက္ခဌာနမှူး ဒေါက်တာခင်မောင်ဌေးက ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့ (World Kidney Day) ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်းပြသထားသော ဆေးနှင့်ဆေးပစ္စည်း ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်းမြို့နယ်အသင်း သက်ကြီးပူဇော် ပညာရည်ချွန် ဆုချီးမြှင့်မည်

ကျောက်တန်း ဧပြီ ၂

ကျောက်တန်းမြို့နယ်အသင်း (၂၆) ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဧပြီ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အသင်းတည်ရာ အမှတ် ၁၃၆၃ လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသက် ၇၅ နှစ် ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ အသင်းဝင်သားသမီးများသည် ရဲမှူးကြီး စိန်ထွန်းအောင် (ငြိမ်း) ဖုန်း-၀၁-၅၇၀၈၅၉၊ ၀၉-၇၃၂၄-၃၉၆၇၊ ဦးချန်ဟိုး ဖုန်း-၀၁-၆၈၁၃၉၅၊ ၀၉-၅၁၄၈၆၆၀၊ ဦးရဲထွန်း ဖုန်း-၀၉-၅၀၀၉၈၇၂၊ ဦးဝေလွင် ဖုန်း-၀၁-၅၄၈၁၁၃၊ ဦးကြည်ညွှန့် ဖုန်း-၀၅၆-၂၅၆၄၅နှင့် ၀၉-၅၁၆၁၀၀၅ တို့သို့ ဆက်သွယ်ကြရန် သိရှိရသည်။ **(၀၁၉)**

မြန်မာ့ရိုးရာစစ်တုရင်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာ စစ်တုရင် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဒုတိယဥက္ကဌ ဦးဝင်းအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲတွင် ပထမရရှိသော မေဆုလွင် **(ယာပုံ)**၊ ဒုတိယရရှိသောမေဆက်လွင်တို့ (ရန်ကုန်)နှင့် စုစုလှိုင် (ဧရာဝတီ)တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင်အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲအတွက် ယခုအမျိုးသမီးပြိုင်ပွဲမှ ပဏာမ လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အမျိုးသမီးတစ်ဦး သေဆုံးလျက်တွေ့ရှိ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးတာဝန်လွှဲပြောင်းရယူပြီး နေ့မကူးခင်တွင် အဆိုပါ အုပ်ချုပ်ရေးမှူးအသစ်သည် သေမှုသေခင်းတစ်ခုနှင့် မတ် ၂၂ ရက်က စတင်တွေ့ကြုံရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ပေးပို့

ဖြစ်စဉ်မှာ ကမာကသွယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် ဦးထွန်းလွင်သည် မတ် ၂၂ ရက် နေ့လယ်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် လွှဲပြောင်းတာဝန်ယူပြီး ည ၇ နာရီတွင် တပင်ရွှေထီးရပ်ကွက်နေသူ ဒေါ်မြသီ လာရောက်သတင်းပေးသဖြင့် အမက(၈)ကျောင်းဟောင်း၏ ဖိနပ်ချွတ်တွင် အမည်မသိအမျိုးသမီးတစ်ဦး သေဆုံးနေကြောင်း သိရ၍ မြို့နယ်ရဲစခန်းသို့ ထပ်ဆင့်သတင်းပေးပို့ခဲ့သည်။

မြို့နယ်ရဲစခန်းက ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၅၅)**

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂ရက်နေ့ နံနက် ၃ နာရီအချိန်တွင် ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၈)လမ်း၊ မ/၁၈၃ ရှိ ဆော်ဒီကီးရားရေကျော် ဗလီတွင် မီးလောင်မှုဖြစ်ပွားပြီး လူငယ်များသေဆုံးခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

စဉ်	အမည်	အဆင့်/ဌာန	တာဝန်
(က)	ဦးတိုးအောင်	အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့	အဖွဲ့ခေါင်းဆောင်
(ခ)	ဦးကြည်ဝင်း	တိုင်းဒေသကြီးဦးစီးမှူး ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန	အဖွဲ့ဝင်
(ဂ)	ဦးအောင်ကြည်	တိုင်းဒေသကြီးဦးစီးမှူး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန	အဖွဲ့ဝင်
(ဃ)	ဒုရဲမှူးကြီး သက်လွင်	ဒု-တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး	အဖွဲ့ဝင်
(င)	ဦးလှိုင်စိုးသန့်	ခရိုင်အုပ်ချုပ်ရေးမှူး ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး	အဖွဲ့ဝင်
(စ)	ဦးလှကြည်	လက်ထောက်အင်ဂျင်နီယာချုပ် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့	အဖွဲ့ဝင်
(ဆ)	ဦးခိုင်မြ	ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့	အဖွဲ့ဝင်

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မီးလောင်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ အကြောင်းအရင်းအား စိစစ်ဖော်ထုတ်၍ ၅-၄-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ စိစစ်ချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ စိစစ်တင်ပြရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(ခင်မောင်သိန်း၊ အတွင်းရေးမှူး)

ရန်ကုန်မြို့ ၄၈ လမ်းအထက်လမ်း၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၁၀) ရပ်ကွက် ၄၈ လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းအကြား၊ အမှတ် (၁၈၁/၁၈၃)ရှိ ဗလီအဆောက်အအုံ ဘာသာရေး စာသင်ကျောင်း၌ ယနေ့နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့၏ ပဏာမစစ်ဆေး တွေ့ရှိချက်အရ မီးအားမြှင့်စက်ဗို့အား မြှင့်တက်ပြီး အပူရှိန်လွန်ကဲရာမှ မီးလောင်မှု

ဒေါ်ခင်သန်းစိုး။

ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် စာသင်ကျောင်း အဆောက်အအုံအတွင်းပိုင်းအချို့ မီးလောင်ကျွမ်းခဲ့ပြီး စာသင်ကျောင်းရှိ ကလေးငယ် ၁၃ ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

မီးအားမြှင့်စက် ဗို့အားမြှင့်တက်မှုကြောင့် မီးလောင်မှုဖြစ်ပွားသော ဗလီ အတွင်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

နံနက် ၂ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်ကား ၁၀ စီးနှင့် အုပ်ချုပ်မှုယာဉ် လေးစီး ရောက်ရှိကာ မီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ကျောင်း အဆောက်အအုံအတွင်းရှိ အခြား ကလေးငယ် ၅၈ ဦးအား မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများက ကယ်ဆယ် နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဗိုလ်တထောင်မြို့နယ် ရဲစခန်းမှ စခန်းမှူးက "မီးလောင်မှုကို လမ်းထဲမှာရှိတဲ့ တာဝန်ရှိသူတွေက အကြောင်းကြားလို့ နံနက် ၃ နာရီ လောက်မှာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်တွေ ရောက်လာပါတယ်။ အနီးဆုံး ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ် အပါအဝင် မီးသတ်ယာဉ်နဲ့ အုပ်ချုပ်မှုယာဉ် စုစုပေါင်း ၁၅ စီး ရောက်ရှိလာပြီး မီးဝိုင်းငြိမ်းခဲ့လို့ နံနက် ၃ နာရီ ၁၅ မိနစ်လောက်မှာ မီးငြိမ်းသွားပါတယ်။ ကလေး ၁၃ ဦး မီးခိုးငွေ့တွေကြောင့် အောက်ဆီဂျင်ပြတ်ပြီး သေဆုံးသွားပါတယ်။ ကျန်ကလေးတွေကိုတော့ ကယ်တင်နိုင်ခဲ့ပါတယ်။ မီးလောင်ရတာနဲ့ ပတ်သက်ပြီး မီးသတ်တပ်ဖွဲ့ရဲ့ ပဏာမ စစ်ဆေးချက်အရ မီးအားမြှင့်စက် ဗို့အားမြှင့်တက်ပြီး အပူရှိန်လွန်ကဲရာကနေ မီးလောင်မှုဖြစ်ပွားတယ်လို့ သိရပါတယ်။ အသေးစိတ်ကိုတော့ စုံစမ်းနေဆဲဖြစ်ပါတယ်။ ကျန်တဲ့ မသင်္ကာစရာတော့မတွေ့ရပါဘူး။ အခုမီးလောင်တဲ့အဆောက်အအုံကို လမ်းမဘက်ကကြည့်ရင် နှစ်ထပ်အဆောက်အအုံမှာ ဘယ်ဘက်အခြမ်းက လှေကားအတက်အဆင်း နားမှာရှိတဲ့ မီးအားမြှင့်စက်က အခုလို မီးလောင်ကျွမ်းတာဆိုတော့ လှေကား အတက်အဆင်း မလုပ်နိုင်တော့ဘဲ အပေါ်ထပ်က ကလေး ၁၃ ဦး မီးခိုးငွေ့တွေကြောင့် သေဆုံးခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဗိုလ်တထောင်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးမြင့်အောင်က " မီးလောင်ကျွမ်းတဲ့နေရာကို နံနက် ၃ နာရီလောက်မှာ ရောက်ပါတယ်။ အဆောက်အအုံအတွင်းမှာ မီးလောင်နေပြီး ဝင်ပေါက်တံခါးမကြီးနှစ်ခုစလုံးကို သော့ပိတ်ထားတဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေက သော့ဖျက်ပြီး အထဲဝင်မီးငြိမ်းသတ်ခဲ့ရပါတယ်။ လှေကားအောက်မှာ ထားတဲ့ မီးအားမြှင့်စက် အပူရှိန်လွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့တာ ဖြစ်တယ်လို့ အကြမ်းဖျင်းသိရပါတယ်။ အဲဒီကမှ လှေကားကို မီးကူးပြီး အဲဒီကနေ သစ်သားကြမ်းခင်းကို မီးလောင်ပါတယ်။ အဲဒီကနေတစ်ဆင့် မျက်နှာကြက်ကို မီးလောင်ပါတယ်။ အဲဒါကြောင့်အပေါ်ထပ်က ကလေး၁၃ ဦး မီးခိုးငွေ့တွေ မွန်ပြီး အသက်ရှူကျပ် သေဆုံးသွား တယ်လို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက "မီးလောင်မှုဖြစ်စဉ်ကို ရပ်ကွက်ကအကြောင်းကြားကြားချင်း မီးလောင်နေရာကို ရောက်ရှိခဲ့ပါတယ်။ မီးသတ်ယာဉ်များလည်း ရောက်ပြီး မီးငြိမ်းသတ်နေတာကို တွေ့ရပါတယ်။ ဖြစ်စဉ်ဖြစ်ပွားရခြင်းကတော့ လှေကား အောက်မှာထားတဲ့ မီးအားမြှင့်စက်က Manual ဖြစ်ပြီး မီးအားမြှင့်တက်တဲ့အချိန်မှာ မီးအားမချတဲ့အတွက်အပူရှိန်လွန်ကဲပြီး မီးစတင်လောင်ကျွမ်းတယ်လို့ သိရပါတယ်။ ကျန်တာတွေကိုတော့ ဆက်လက်စုံစမ်းနေဆဲလို့သိရပါတယ်"ဟု ပြောပြသည်။

ဗိုလ်တထောင် အထက(၃)မှ ကျောင်းလုံခြုံရေးတာဝန်ခံ ဦးဝင်းမောင်က "ကျွန်တော်က ဟိုဘက် ၄၉ လမ်းမှာ နေပါတယ်။ မီးလောင်တယ်လို့ စသတင်းပေးတာက အခု ဒီအဆောက်အအုံနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ကျွန်တော်တို့ကျောင်း ကျောင်းအုပ်ဆရာမကြီးဖြစ်ပါတယ်။ သူက ဖုန်းဆက်လို့ သိရတာပါ။ အဲဒါနဲ့ ချက်ချင်းရောက်လာပြီး ဒီရောက်တော့ နံနက် ၂ နာရီခွဲလောက်ပဲ ရှိပါသေး

ဦးဘနီ။

တယ်။ မီးတောက်က သိပ်ပြီးမကြီးသေးပါဘူး။ အထဲမှာ ကိုယ့်ဘာသာကိုယ် ငြိမ်းသတ်နေကြတယ်လို့ ထင်ပါတယ်။ အဲဒါနဲ့ ကျွန်တော်လည်း မီးလောင်နေတယ်၊ မီး မီးလို့ အော်ပြောပြီး ကျွန်တော်တို့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မီးသတ်တပ်ဖွဲ့တွေကို ဖုန်းဆက်အကြောင်းကြားခဲ့ပါတယ်။ မီးလောင်တဲ့အဆောက်အအုံကို အထဲကနေ တံခါးဖွင့်မပေးတော့ အထဲမှာ ပိတ်လှောင်ပြီး မီးခိုးတွေကြောင့် ကလေးအချို့သေဆုံးခဲ့ပါတယ်။ ကျန်တဲ့ ကလေးတွေကိုတော့ ကယ်ဆယ်ရေးအဖွဲ့တွေကဘေးပေါက်၊ နောက်ပေါက်တွေကနေ ကယ်ထုတ်ရတယ်လို့ ပြောပါတယ်။ မီးသတ်တွေရောက်လာပြီး အခု ဝင်ပေါက်ကို တံခါးဖျက်ပြီး ကယ်ဆယ်ရတာလည်း ရှိပါတယ်။ မီးငြိမ်းတာ ပထမ မီးသတ်ကား တစ်စီးမှာတောင် မီးက အတော်ငြိမ်းနေပါပြီ။ မီးအားမြှင့်စက်က အထဲမှာရှိတယ်လို့ သိရပါတယ်။ အဲဒီကနေ မီးလောင်တာလို့ ကြားပါတယ်"ဟု ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီအသင်း၊ ဗိုလ်တထောင်မြို့နယ် ကြက်ခြေနီသူနာပြု တပ်ရင်းမှ တပ်ခွဲမှူး ဒေါ်ခင်သန်းစိုးက "ကျွန်မက ဟိုဘက် ၄၆ လမ်းမှာ နေပါတယ်။ နံနက် ၃ နာရီလောက်မှာ ဒီနေရာကို ရောက်ပါတယ်။ ဒီလမ်းထဲက မီးသတ်တွေကို လမ်းပြပြီး ခေါ်လာတာပါ။ ကျွန်မနဲ့ မီးသတ်က ရေးထောက်အရာရှိတို့က ဟိုဘက်အဆောင် သုံးထပ်မှာရှိတဲ့ ကလေး အယောက် ၃၀ ကျော်ကို ဘေးပေါက်ကနေ ကယ်ထုတ်ခဲ့ပါတယ်။ ဒီဘက်အဆောင် အပေါ်ထပ်က ကလေး ၁၃ ယောက်ကတော့ သေဆုံးသွားပါတယ်"ဟု ပြောပြသည်။

ထို့နောက် ကျောင်းဥက္ကဋ္ဌနှင့် ဗလီဥက္ကဋ္ဌဖြစ်သူ ဦးဘနီက "ကျွန်တော်လည်း သတင်းကြားကြားချင်း ရောက်လာတာပါ။ ကျောင်းက ပိတ်ထားတာကနေ ပြန်ဖွင့်တာ နှစ်ရက်ပဲရှိပါသေးတယ်။ ဒီလမ်းထဲက ရပ်ကွက်သူ ရပ်ကွက်သားတွေကလည်း ကလေးတွေကို အတော် စောင့်ရှောက်ကြပါတယ်။ ဒါကြောင့် ဒီရက်ပိုင်း အရင်ကျောင်းပိတ်ထားတာကနေ ပြန်ဖွင့်လိုက်တာပါ။ ရပ်ကွက်က ကိစ္စတစ်ခုခုရှိရင် ဒီကလေးတွေကို ခေါ်ခိုင်းတာတွေ ရှိပါတယ်။ ပြီးတော့ လိုအပ်တာတွေကို ရပ်ကွက်က ဝိုင်းပံ့ပိုးကြတယ်။ ဒီရပ်ကွက်ကို ကျွန်တော်တို့ သိပ်စိတ်ချယုံကြည်အားကိုးပါတယ်။ ဒါကြောင့် ကျောင်းပိတ်ရက်မှာ ကလေးတွေ စာတွေ မေ့သွားမယ်ဆိုပြီး ပြန်ဖွင့်တာ အခုမှ ၂ ရက်ပဲရှိပါသေးတယ်။ အခုဖြစ်တော့ တံခါးတွေက ပိတ်ထားတော့ ကလေးတွေ မီးခိုးတွေမွန်ပြီး သေဆုံးရတာပါ။ အောက်ထပ်က စာသင်တဲ့အဆောင်ပါ။ ရှေ့ဘက်မှာ ဝတ်ပြုဆောင်ရှိပါတယ်။ မီးလောင်စရာတော့ ကြီးကြီးမားမား ပစ္စည်းမရှိပါဘူး။ သစ်သားကြမ်းခင်းနဲ့ မျက်နှာကြက် (ceilling) ကလည်း သစ်သားပါပဲ။ ဒါလောက်ပဲ ရှိတာပါ။ အခုတော့ မီးလောင်တာနဲ့ ပတ်သက်ပြီး အသေးစိတ်စစ်ဆေးနေတယ်လို့ ပြောပါတယ်။ မီးလောင်ချိန်ကတော့ သိပ်မကြာလိုက်ပါဘူး။ ကျောင်းက ကျောင်းသား ၇၀ ကျော်လောက်ရှိတာမှာ အပေါ်ထပ်မှာနေတဲ့ ၁၃ ယောက် သေဆုံးသွားပါတယ်။ ကျန်တဲ့ကလေးတွေကိုတော့ မင်္ဂလာတောင်ညွန့်မြို့နယ်မှာရှိတဲ့ ဗလီကို ရွှေ့ပြောင်းပေးထားပါတယ်။ အခု ဒီကျောင်းမှာတက်နေတဲ့ အချို့က မိဘရှိတဲ့သူလည်းရှိပါတယ်။ အချို့က

ဦးဆာအိ။

တော့ နယ်ဘက်ကမိဘမဲ့တွေဖြစ်ပါတယ်။ မိဘမဲ့တချို့ကိုတော့ မင်္ဂလာတောင်ညွန့်ဗလီမှာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။ အချို့ကိုတော့ သူတို့မိဘတွေ လာခေါ်သွားတယ်လို့ သိရပါတယ်"ဟု ပြောပြသည်။

အဆိုပါကျောင်းမှ ကျောင်းဆရာတစ်ဦးဖြစ်သူ ဦးဆာအိက "ဒီမှာအိပ်တာက ဘော်ဒါဆရာနှစ်ယောက်နဲ့ ကျောင်းသား ၇၀ ကျော် ရှိပါတယ်။ ကျွန်တော်တို့ကတော့ စာသင်ပြီး ပြန်တာပါပဲ။ ကလေးငယ်တွေကို အပေါ်ထပ်မှာ သိပ်ပါတယ်။ ကလေးအလတ်တွေနဲ့ ဆရာတွေကတော့ အောက်ထပ်မှာ အိပ်ပါတယ်။ မီးလောင်တာကို သူတို့ငြိမ်းသတ်ကြတယ်။ နောက်တော့ လှေကားတွေ၊ မျက်နှာကြက်တွေ မီးကူးစက်လောင်ကျွမ်းပြီး အပေါ်ထပ်က ကလေးတွေ ဆုံးသွားတာပါ" ဟု ပြောပြသည်။

မီးလောင်မှု အသေးစိတ်ကို ဆက်လက်စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်များအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

မိတ္ထီလာ ဧပြီ ၂

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများက ဆက်သွယ်ရေးရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့်ပစ္စည်း လက်ခံဌာနများသို့ လာရောက်လှူဒါန်းလျက်ရှိသည်။

ဧပြီ ၁ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအသင်း(ဗဟို)မှ ငွေကျပ် ၅၀၀၀၀၀၀၊ မြတ်ပါရမီသွေးအလှူရှင်အသင်းမှ ငွေကျပ် ၅၀၀၀၀၊ ဗိုလ်မှူးရန်နိုင်အေး-ဒေါ်နှင်းနီလာဝင်း(DSA)က ဆန်အိတ် ၁၃ အိတ်၊ ဆီပိဿာ ၂၀၊ ပျော်ဘွယ် မေတ္တာမွန် လူငယ်အသင်းမှ ရေသန့် ၅၆၄၄ ဘူး၊ ဆန် ၂၄ အိတ်၊ ပဲကိုးအိတ်၊ ဦးထွန်းထွန်း(ရန်ကုန်)မှ ရေသန့်ဘူး ၅၀၀ နှင့် အဝတ်အထည် တစ်အိတ်၊ မိတ္ထီလာမြို့ NLDပါတီမှအဝတ်အထည်အိတ် ၂၆၀၊ ချမ်းမြရွှေပြည် ကားပစ္စည်းဈေးသူ ဈေးသားများမှ အချိုရည် ၆၃၆ ဘူး၊ အဝတ်အထည်အိတ်ခြောက်အိတ်၊ ဖွန်း အချောင်း ၂၀၀၊ ဒန်အိုး ၂၀၀၊ ဒယ်အိုး ၂၀၀၊ ဇလုံ ၁၀၀၊ ရေခွက်(လုံး) ဖန်ခွက်တစ်ဖာ၊ မော်လမြိုင်သာသနာပါလကဂန္ထဝါစက ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့ဝင်များမှ ခေါက်ဆွဲခြောက် ၉၀၉၆ ထုပ်၊ အဝတ်အထည်အိတ် ၂၃ အိတ်၊ ဆန် ၃၀၈ အိတ်၊ ဆား ၁၃ အိတ်၊ ပဲတစ်အိတ် ဆရာတော်အရှင် ဆန္ဒာဓိကနှင့်အဖွဲ့က အဝတ်အထည် ၅၂၀၀ ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးနှင့် ပေါင်းစည်းညီညွတ်ရေးအဖွဲ့မှ အဝတ်အထည် ၉၅၀၀ နှင့် ဆန်အိတ် ၃၀ ယနေ့အချိန်ထိ အလှူငွေ စုစုပေါင်း ၅၆၄၅၄၀၀၀ ကျပ် ရရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးသုံးစွဲလျှင် သတိယှဉ်
အစဉ်သတိအမြဲရှိ

ပြည်တွင်းသတင်း

စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး မစ္စစ် မေရီတန်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ခုတင် (၅၅၀)ဆံ့ မန္တလေးကလေးဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိန်ဟန်နှင့် ဆရာဝန်ကြီးများ၊ သူနာပြုများ၊ စင်ကာပူသမ္မတနိုင်ငံ KK ဆေးရုံမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ကလေးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာတင်မြင့်က ကလေးဆေးရုံအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ KK ဆေးရုံအဖွဲ့မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော Paediatrie Emergency Care Training သင်တန်းပို့ချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ယဉ်ကျေးမှုပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းက ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့မှတစ်ဆင့် ဧည့်သည်တော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး မန္တလေးမြို့၏ရှုခင်းအလှနှင့် နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ညပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံသမ္မတဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့ ဆီဒိုးနားဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်ကာ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

❖ ရှေ့ဖုံးမှ

မိုင်တိုင် (၁၂/၀) ငန်းစပ်မှ (၁၇/၄) ကွဲ့ရှဉ်းအထိ နေပြည်တော် ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ မိုင်တိုင် ၁၇/၄ (ကွဲ့ရှဉ်း)မှ ၂၅/၃ (ပန်းတင်လမ်းဆုံ) အထိကို ၂၅ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်နေကာ မိုင်တိုင် ၂၅/၃ ပန်းတင်လမ်းဆုံမှ ၆၆/၂ ချောင်းနက်လမ်းဆုံအထိ စုစုပေါင်း မိုင် ၄၀၊ ၇ ဖာလုံ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၅)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောက်လုပ်လျက်ရှိပြီးယနေ့တိုင်အကောင်အထည်ဖော်နေဆဲဖြစ်သည်။ အဆိုပါလမ်းပိုင်းမှာ ပြီးစီးသွားပြီဖြစ်သော်လည်း မူလရှိပြီးသော လမ်းကိုမြေသားလမ်းအကျယ် ပေ၄၀ ရရှိအောင် ဆောင်ရွက်ခြင်း၊ လမ်းဖြောင့်ထားပြီးသော နေရာများကို ကတ္တရာခင်းခြင်း၊ ရာသီဥတုကြောင့် ပျက်စီးသွားသော လမ်းနေရာများကို ပြုပြင်ဖာထေးခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်းစသည့်အဆင့်မြှင့်တင်ခြင်းကိုပါ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဖေတို့၏လမ်းညွှန်မှုကို ခံယူ၍ နေပြည်တော် အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်၊ မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးခင်သက်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းတိုးအောင်တို့က အနီးကပ်ကြီးကြပ်ကာ လမ်းဆောက်လုပ်ရေး အထူးစီမံကိန်းအထူးအဖွဲ့ (၅)မှ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

နေပြည်တော် - တောင်ညို- ချောင်းနက်-တောင်တွင်းကြီးလမ်းသည် ရိုးမဖြတ်ကျော်လမ်းမကြီးတစ်ခုဖြစ်ပြီး ၁၉၅၈ခုနှစ်ကတည်းက စတင်ဖောက်လုပ်ခဲ့သော ပထမဆုံး ရိုးမဖြတ်ကျော်လမ်းလည်း ဖြစ်သည်။ ယခင်က သစ်ထုတ်လုပ်ရန်အတွက်သာ ရည်ရွယ်ဖောက်လုပ်ခဲ့သော ၁၂ပေအကျယ်လမ်းဖြစ်သော်လည်း ယခုအခါ ဒေသဖွံ့ဖြိုးရေးနှင့်ဒေသနေပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ ရိုးမဖြတ်ကျော် လမ်းဖြစ်သောကြောင့် တောင်တန်းကြီးများပေါ်၌ ခက်ခဲစွာ လမ်းကို ဖောက်လုပ်ထားရခြင်းဖြစ်ပြီး ယခုလမ်းပိုင်း၌ တောင်ပေါင်းများစွာကို ဖြတ်ကျော်ဖောက်လုပ်ထားရကြောင်း သိရသည်။ “တောင်ပေါ် လမ်းဖြစ်တဲ့အတွက် ရေတိုက်စားမှုကို ကာကွယ်နိုင်ဖို့ ကျောက်ရိုးစီရေမြောင်း ဖောက်လုပ်တာတွေကို လုပ်ဆောင်ထားပါတယ်။ မြေပြိုခြင်းမရှိအောင်လည်း မြေထိန်းနံရံတွေကို တည်ဆောက်ထားပါတယ်။ ပစ္စည်းရောလုပ်သားအင်အားပါ ရရှိတဲ့အတွက် ဩဂုတ်လကနေ မတ်လအတွင်း အပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်” ဟု လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)ဦးဇင်မင်းဦးက ပြောကြားခဲ့သည်။

နေပြည်တော် - တောင်ညို - ချောင်းနက် လမ်းပိုင်းသည် နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးကို ကူးလူးဆက်သွယ်ပေးထားသော အရေးပါသောလမ်းဖြစ်သည်။ ယခုနှစ်စတွင် မကွေးမှ နေပြည်တော်သို့ မောင်းချိန် ခြောက်နာရီကြာမြင့်ပြီး အဆိုပါလမ်းပိုင်းကြီး အဆင့်မြှင့်တင်ပြီး လက်ရှိအချိန် လေးနာရီအတွင်း သွားရောက်နိုင်နေပြီ ဖြစ်သည်။ ယင်းကဲ့သို့ အချိန်တိုအတွင်း သွားရောက်နိုင်တော့မည်ဖြစ်သောကြောင့် ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများကို ပိုမိုကောင်းမွန်လာမည်ဖြစ်သလို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ဒေသဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသန်းတိုးအောင်က “ကျွန်တော့်အနေနဲ့ ဒီလမ်းပိုင်းကို ၂၀၀၉ ခုနှစ်ကတည်းက စတင်တာဝန်ယူဆောင်ရွက်ခဲ့တာပါ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဒီလမ်းပိုင်းကို ရှမ်းပြည်နယ်က လမ်းပိုင်းတွေကဲ့သို့ ကောင်းမွန်အောင်လုပ်ဖို့ လမ်းညွှန်ခဲ့ပါ တယ်။ လမ်းကို ပေ ၄၀ ရရှိအောင် တိုးချဲ့နေပြီး ၁၂ ပေ အကျယ်နေရာတွေကို ပြုပြင်နေပါတယ်။ တချို့နေရာတွေကို ၁၈ ပေရရှိအောင် လုပ်ဆောင်နေပြီး ဆီးဂိမ်းပြိုင်ပွဲမတိုင်ခင် အပြီးဆောင်ရွက်သွားမှာပါ။ အခုလမ်းပိုင်းဟာ မကွေးနဲ့ နေပြည်တော်ကို ဆက်သွယ်ပေးထားတဲ့လမ်းဖြစ်ပြီး နေပြည်တော်-တောင်ညို-မြို့သစ်- ကန်ပြား- မကွေးလမ်းနဲ့ မခြား အချိန်တိုအတွင်း သွားရောက်နိုင်နေပြီ ဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာ လမ်းအားလုံးကို ၁၈ ပေအကျယ် ဖြစ်အောင် တိုးချဲ့သွားမှာ ဖြစ်ပြီး ယခုဆိုလျှင် အဝေးပြေးကားတွေ ကုန်တင်ယာဉ်တွေသာမက ကားအသေးတွေပါ အသုံးပြုနေပြီဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေကလည်း မကွေးအပြင် နေပြည်တော်ဘက် လမ်းပိုင်းတွေကိုပါ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ဖို့ ညွှန်ကြားထားပါတယ်။ ဒီလမ်းကြီးကို အဆင့်မြှင့်တင်ထားပြီးဖြစ်တဲ့အတွက် မကွေးတိုင်းဒေသကြီးက ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

အဆိုပါလမ်းတွင် ယခင်က တစ်နေ့လျှင် ကားအစီးရေ ၅၀ ခန့်သာ ဖြတ်သန်းခဲ့သော်လည်း ယခုလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် တစ်နေ့လျှင် ကားအစီးရေပျမ်းမျှ ၂၀၀ ဝန်းကျင်ခန့် မောင်းနှင်နေပြီဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်မှာလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုက အရေးပါလှရာ နိုင်ငံတော်မှလည်း နေရာဒေသမရွေး၊ အကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်နေပါကြောင်း။



နေပြည်တော် - တောင်ညို- ချောင်းနက်လမ်းပိုင်း အဆင့်မြှင့်တင်ထားမှုများကို တွေ့ရစဉ်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားများအများအပြာ တရားဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဧပြီ ၂

ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံခြားသား ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီ (၁/၂၀၁၃) အစည်းအဝေးကျင်းပခဲ့ပြီး နိုင်ငံခြားသား ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် လက်ရှိအချိန်တွင် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်သည့် ဧည့်သည်တော်များ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လာရောက်သူများ၊ သံတမန်/အဖွဲ့အစည်းများနှင့်ကမ္ဘာလှည့်ခရီးသည်များ စသည်ဖြင့် နိုင်ငံခြားသားများ

အများ

ကြော

ဖြင့်

ရှိကြေ

များ၏

အညီ

ရှော

မတီဖွဲ့

အနေ

သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှ တိုးလာနိုင်သည်။

၂၀၁၃ ခုနှစ် ဧပြီလ ၅

၁။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကုန်းတွင်းန ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပြည်တွင်းရှိ အ ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်း၍လည်းကော

၂။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ (၁၆)ခုမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ် ရွက်လျက်ရှိပါသည်။

၃။ နိုင်ငံခြားရေနံကုမ္ပဏီများနှင့် အကျ ရေနံအထွက်တိုးရေးကို ချောက်နှင့်ရေနံချေ နံမြေတွင် အမ်ပီအာရ်အယ်လ်ကုမ္ပဏီမှလည် တွင်လည်း ရတနာနှင့် ရဲတံခွန်သဘာဝဓာ လျက်ရှိပြီး ရွှေစီမံကိန်းနှင့် ဇောတိကစီမံ ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ထုတ

၄။ စွမ်းအင်ဝန်ကြီးဌာနမှ မြန်မာ့ရေနံန နှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများအနက်မှ ဓာတ်ငွေ့စီမံကိန်းကို ၁-၇-၁၉၉၈ ခုနှစ်မှစ လျက်ရှိရာ စီမံကိန်းကာလမှာ ယခုအခါ ပလက်ဖောင်း၊ ထုတ်လုပ်ရေးပလက်ဖောင်း ဆောက်ခဲ့ပါသည်။

၅။ ရတနာသဘာဝဓာတ်ငွေ့သိုက်၏ထု သဘာဝဓာတ်ငွေ့ပမာဏ၏ ၅၁ ရာခိုင်နှု ထုံးကျောက်လွှာများမှာ သဘာဝအရနိမ့်ကျ မြေလွှာများမှာလည်း နိမ့်ကျလာသည်ကို ဆက်စက်ပလက်ဖောင်းများ အနည်းငယ်နိမ့် လိုအပ်သည်များ အသစ်ပြန်လည်တည်ဆေ

ပြည်တွင်းသတင်း

ကြည့်ရှုလေ့လာ

စင်ကာပူသမ္မတနိုင်ငံ သမ္မတဒေါက်တာ တိုနီတန် ကင်ယမ်းနှင့် ဇနီး မစ္စစ် မေရီတန်တို့ ဦး ဆောင် သည့် ချစ် ကြည် ရေး ကိုယ်စားလှယ်အဖွဲ့ မန္တလေး နန်းမြို့ရှိ မြနန်း စံကျော် ရွှေနန်းတော်သို့ သွား ရောက် ကြည့်ရှု လေ့လာစဉ်။

(သတင်းစဉ်)

စင်ကာပူသမ္မတနိုင်ငံသမ္မတ၏ဇနီး မြန်မာ့ကျောက်မျက်ရတနာပြတိုက် ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံ သမ္မတဒေါက်တာတိုနီတန်ကင်ယမ်း၏ဇနီး မစ္စစ် မေရီတန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာရာ ပြတိုက်မှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

မကွေး-မင်းဘူး-စလင်း-တညောင်လမ်းပေါ်ရှိ နွယ်တမယ်တံတား တည်ဆောက်ပြီးစီး

နေပြည်တော် ဧပြီ ၂

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မကွေး-မင်းဘူး-စလင်း-တညောင်လမ်းပေါ်ရှိ နွယ်တမယ်တံတားသည် စလင်းချောင်း ရေကြီး၍ တိုက်စားမှုကြောင့် နွယ်တမယ်ဘက်ကမ်း ချဉ်းကပ်လမ်းပျက်စီးခဲ့သဖြင့် ရေလမ်းအကျယ် ပိုမိုရရှိစေရန် ပေ ၂၅၀ အရှည် သံကူကွန်ကရစ်တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၃ ခုနှစ် မတ် ၈ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးအတွက် မတ် ၂၉ ရက်မှစ၍ တံတားကြီးပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းခွင့်ပြုထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

...အများအပြားဝင်ရောက်လာလျက်ရှိ ...စောင့်ရှောက်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်နေ

...တင့်ရှောက်ရေး ...ပြည်ထောင်စု ...ချုပ်ကြီးကိုကိုက ...ပြောကြားရာတွင် ...မြန်မာနိုင်ငံသို့ ...ပြည်တော်များ၊ ...ပ်ကိုင်ရန် လာ ...ပ်တမန်/အဖွဲ့ ...လှည့်ခရီးသည် ...င်ခြားသားများ အများအပြားဝင်ရောက်လာလျက်ရှိကြောင်း၊ နေ့စဉ် ဝင်ရောက်မှုအနေဖြင့် နိုင်ငံခြားသား ၂၀၀၀ ခန့် ရှိကြောင်းနှင့် အဆိုပါနိုင်ငံခြားသားများ၏ လုံခြုံရေး၊ တရားဥပဒေနှင့် အညီ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးအတွက် ကော်မတီဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ **(ဝဲပုံ)**

အစည်းအဝေး၌ ကော်မတီအတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လုပ်ငန်းကော်မတီများဖွဲ့စည်းမှု၊ နိုင်ငံခြားသားများနှင့် သက်ဆိုင်သည့် ပြစ်မှုများအား တင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် နေ့အပူချိန်များ အနည်းငယ်

အလုပ်ရုံဆွေးနွေးပွဲမှ ပေါ်ထွက်လာမည့် မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်အခြေပြအစီရင်ခံစာသည် ကမ္ဘာ့ပတ်ဝန်းကျင် ရှုမြင်ချက်အစီရင်ခံစာများရေးသားရေးအတွက် အခြေခံတစ်ရပ်ဖြစ်

နေပြည်တော် ဧပြီ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနကကြီးမှူး၍ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်နှင့် ကုလသမဂ္ဂ အခြေချနေထိုင်ရေး အစီအစဉ်တို့၏ပံ့ပိုးကူညီမှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေပြအစီရင်ခံစာပြုစုရေး ကနဦး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတွင် အဖွဲ့အစည်းဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာ တိုးတက်ဆောင်ရွက်လျက် ရှိနေမှုများ၊ ရေရှည်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာ၌ စနစ်ကျသည့်စာရင်းအင်း အချက်အလက်စနစ်နှင့် အစီရင်ခံမှုကိစ္စရပ်များ၏ အရေးကြီးမှုနှင့် အလုပ်ရုံဆွေးနွေးပွဲမှ ပေါ်ထွက်လာမည့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်အခြေပြ အစီရင်ခံစာသည် ဒေသအဆင့်၌ဆောင်ရွက်သော ကမ္ဘာ့ပတ်ဝန်းကျင် ရှုမြင်ချက်စသည့် အစီရင်ခံစာများ ရေးသားရေးအတွက်လည်း အခြေခံတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂအခြေချနေထိုင်ရေးအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Bijay Karmacharya နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးခွဲမှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr. Ananada Dias တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ကျင်းပမည်

အလုပ်ရုံဆွေးနွေးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျွမ်းကျင်သူများက စာတမ်းများ ဖတ်ကြားတင်ပြကြပြီး ဆွေးနွေးပွဲကို ဧပြီ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...စ် ဧပြီလ ၅ ရက်နေ့မှ ၁၃ ရက်နေ့အထိ သဘာဝဓာတ်ငွေ့လျှော့နည်းဖြန့်ဖြူးပေးမည့်အခြေအနေအား အသိပေးခြင်း

...ကြီးဌာနအနေဖြင့် နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်များကို ပြည့်မီစေရေးအတွက် အစွမ်းကုန် ...လျက်ရှိရာ ကုန်းတွင်းနှင့်ကမ်းလွန်ဒေသများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော် ...န်းများကို ပြည်တွင်းရှိ အတတ်ပညာ၊ နည်းပညာ၊ငွေကြေးအရင်းအမြစ်များဖြင့် လည်းကောင်း၊ ...င့်ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

...နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ကုန်းတွင်းပိုင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ...ဘာဝဓာတ်ငွေ့ထုတ်လုပ်နေပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း အထူးကြိုးပမ်းဆောင် ...။

...နံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ၁၉၈၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ...ကို ချောက်နှင့်ရေနံချောင်းရေနံမြေများတွင် ဂိုးလ်ပက်ထရိုကုမ္ပဏီမှလည်းကောင်း၊ မန်းရေ ...ရဲအယ်လ်ကုမ္ပဏီမှလည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ကမ်းလွန်ဒေသ ...နှင့် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းများမှ သဘာဝဓာတ်ငွေ့နှင့်လေဆီထုတ်လုပ်ပို့လွှတ် ...ံကိန်းနှင့် ဇောတိကစီမံကိန်းများ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အချိန်မီပြီးစီးစေရန် ...ရာ ယခုနှစ်အတွင်း ထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

...ကြီးဌာနမှ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းလျက်ရှိသော ရေနံ ...ငွေ့စီမံကိန်းများအနက်မှ မုတ္တမကမ်းလွန်လုပ်ကွက် M-5 နှင့် M-6 အတွင်းရှိ ရတနာသဘာဝ ...ို ၁-၇-၁၉၉၈ ခုနှစ်မှစတင်၍ နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၉၀၀ ခန့် ထုတ်လုပ် ...းကာလမှာ ယခုအခါ ၁၅ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ရတနာစီမံကိန်းရှိ တွင်းတူး ...က်လုပ်ရေးပလက်ဖောင်း၊ လူနေပလက်ဖောင်း၊ မီးရှို့စင်တို့အား ၁၉၈၉ ခုနှစ်မှ စတင်တည် ...

...ာဝဓာတ်ငွေ့သိုက်၏ထုတ်လုပ်မှုသက်တမ်းမှာ ၁၅ နှစ်ခန့်ရှိပြီဖြစ်ရာ အဆိုပါဓာတ်ငွေ့မြေရှိ ...မာဏ၏ ၅၁ ရာခိုင်နှုန်းကိုထုတ်လုပ်ခဲ့ပြီးဖြစ်သဖြင့် သဘာဝဓာတ်ငွေ့သိုက် ခိုအောင်းရာ ...မှာ သဘာဝအရနိမ့်ကျမှုဖြစ်ပေါ်လာခဲ့ပါသည်။ သို့ဖြစ်ရာ ယင်းနှင့်ဆက်စပ်နေသည့်အပေါ် ...း နိမ့်ကျလာသည်ကို တွေ့ရပါသည်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးပလက်ဖောင်းနှင့် ...င်းများ အနည်းငယ်နိမ့်ဆင်းလာသည့်အတွက် ပလက်ဖောင်းများအား ပြန်လည်ပြင်ဆင်နိုင်ရန် ...သစ်ပြန်လည်တည်ဆောက်ခြင်းနှင့် လက်ရှိအခြေအနေမှ အကောင်းဆုံးဖြစ်အောင်ပြုပြင်ခြင်းပြုပြင်မှုများပြုလုပ်ရန် လိုအပ်လာပါသည်။ ယင်းသို့လုပ်နိုင်ရန်အတွက် အစီအမံများရေးဆွဲခဲ့ပြီး စီမံကိန်းအစုစပ်များအကြားနှင့် သဘာဝဓာတ်ငွေ့ဝယ်ယူသည့် ထိုင်းနိုင်ငံပီတီတီကုမ္ပဏီတို့ ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရပါသည်။ ကြိုတင်ညှိနှိုင်းမှုအပေါ် ရေးဆွဲထားသည့်အစီအစဉ်အရ ယခုနှစ်ပွင့်လင်းရာသီတွင်ဆောင်ရွက်ရန် ရည်မှန်းခဲ့ပြီး လိုအပ်သည့်ပလက်ဖောင်းခြေထောက်များ မှာယူခြင်း၊ ကြိုတင်တည်ဆောက်မှုများ ပြုလုပ်ခြင်း၊ ပလက်ဖောင်းသစ်များ တည်ဆောက်ခြင်း၊ လိုအပ်သောကရိန်းပါရေယာဉ်ကြီးများနှင့် အထောက်အကူပြုရေယာဉ်များငှားရမ်းခြင်းစသည့် ကြိုတင်အစီအမံများကို ဆောင်ရွက်ခဲ့ရပါသည်။ အချို့လုပ်ငန်းများအား ယခုပွင့်လင်းရာသီအတွင်းအပြီးသတ်ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကယ်၍ မုတ်သုံရာသီဝင်ရောက်လာပါက မမျှော်လင့်သောရာသီဥတုအခြေအနေများကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်လာနိုင်ပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ခန့်မှန်းသည်ထက် ပိုမိုထိခိုက်နိုင်မည်ဖြစ်ပါသည်။

၆။ ယခုပွင့်လင်းရာသီအချိန်မှာ ပြုပြင်ခြင်းလုပ်ငန်းများမလုပ်နိုင်ခဲ့ပါက မုတ်သုံရာသီတွင် ပင်လယ်ပြင်အခြေအနေမှာ တည်ငြိမ်မှုမရှိဘဲ ကြမ်းတမ်းလာမည်ဖြစ်ရာ ယင်းအခြေအနေတွင် အန္တရာယ်ကြီးမားသည့် စွန့်စားမှုဖြင့်ဆောင်ရွက်ရမည့်အနေအထားသို့ရောက်ရှိသွားနိုင်ပြီး လုပ်ငန်းများကို နောက်နှစ်ပွင့်လင်းရာသီသို့ ရွှေ့ပြောင်းခံရပါက ငှားရမ်းထားသည့် အထောက်အကူရေယာဉ်များကို နောက်နှစ်၌ ပြန်လည်ငှားရမ်းအသုံးပြုရန်မှာ မသေချာတော့ဘဲ ငွေကြေးအားဖြင့်လည်း ယခုနှုန်းထားထက် ပိုမိုများပြားလာနိုင်သည့် အနေအထားရှိမည်ဖြစ်ပါသည်။

၇။ ပြုပြင်ခြင်းလုပ်ငန်းများအား ပွင့်လင်းရာသီအစောပိုင်းတွင် ဆောင်ရွက်ရန်စီမံခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကာလအတွင်း လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအား ဆက်လက်ဆောင်ရွက်ပေးခဲ့ပြီး ပြုပြင်ခြင်းလုပ်ငန်းများအား ရွှေ့ဆိုင်းပေးခဲ့ပါသည်။ ယခုအခါ ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး ပလက်ဖောင်း၏ဝန်အားကြီးသောလုပ်ငန်းများအား မဖြစ်မနေပြုပြင်ရန် လိုအပ်လာပြီဖြစ်ပါသဖြင့် ယင်းလုပ်ငန်းများအား ၂၀၁၃ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ ဧပြီလ ၁၃ ရက်နေ့အထိ ၉ ရက်အတွင်း ဆောင်ရွက်ရန် စီမံထားရှိပါသည်။

၈။ အဆိုပါကာလအတွင်း ရတနာစီမံကိန်းမှ ပြည်တွင်း/ပြည်ပသို့ သဘာဝဓာတ်ငွေ့ ပို့လွှတ်ခြင်းအား ရပ်ဆိုင်းထားရမည်ဖြစ်သော်လည်း သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် CNG သုံးမော်တော်ယာဉ်များ အခက်အခဲမဖြစ်ပေါ်စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာနပိုင် ကုန်းပိုင်းသဘာဝဓာတ်ငွေ့သုံးစက်ရုံများအား ရပ်ဆိုင်းထားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၂၄သန်းခန့် ဖြန့်ဖြူးပေးထားမည် ဖြစ်ပါသည်။ CNG သုံးမော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးခြင်းအား ပုံမှန်အတိုင်းဖြန့်ဖြူးပေးထားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်

နေပြည်တော် ဧပြီ ၂

စွမ်းအင်ဝန်ကြီးဌာန ရတနာဓာတ်ငွေ့ကမ်းလွန်တွင်းတူးစင်၏ ကမ်းလွန်ပလက်ဖောင်းအထွေထွေပြုပြင်ခြင်းလုပ်ငန်းများကို ဧပြီ ၅ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်မည်ဖြစ်ရာ အထွေထွေပြုပြင်ရေးလုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့ရေနွေးငွေ့များဌာနအောက်ရှိ သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံများသို့ပေးပို့နေသော သဘာဝဓာတ်ငွေ့ ကုဗပေ ၁၆၅ သန်းခန့် လျော့နည်းသွားမည်ဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတနှင့် နယ်မြို့များဖြစ်သည့် သထုံ၊ မော်လမြိုင်၊ ရွှေတောင်၊ မြန်အောင်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှုစုစုပေါင်း ၃၃၀မဂ္ဂါဝပ်ခန့် လျော့နည်းသွားမည်ဖြစ်သည်။ ၎င်းဓာတ်အား လျော့နည်းမှုသည် နိုင်ငံတော်ဓာတ်အားလိုအပ်ချက် ၁၈၅၀ မဂ္ဂါဝပ်၏ ၂၀ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၃၃၀ မဂ္ဂါဝပ်လျော့နည်းသွားမည်ဖြစ်၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံများ၊ စက်မှုဇုန်များ၊ အကြီးစားစက်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသို့ ဓာတ်အားဖြန့်ဖြူးမှုရပ်တန့်ထားမည်ဖြစ်ပြီး ပြည်သူလူထုသို့ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုမိုရရှိအောင်ဆောင်ရွက်၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ဓာတ်အားတိုးမြှင့် ဖြည့်ဆည်းမောင်းနှင်ခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့် ဖြည့်ဆည်းမောင်းနှင်ခြင်းများ စီမံဆောင်ရွက်သွားမည်ဖြစ်ကာ အချို့နေရာများတွင် အလှည့်ကျဝန်အားလျှော့ချ၍ ဓာတ်အားပို့လွှတ်ခြင်းများကို ဝန်အားထိန်းညှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ကမ်းလွန်ပလက်ဖောင်းပြုပြင်စဉ် အခိုက်အတန့်ကာလအတွင်း ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ အသိပေးနှိုးဆော်ထားကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မီးဘေးနှင့်အခြားပျက်စီးမှုများအတွက် အာမခံလုပ်ငန်းတွင်ကျယ်လာ

နေပြည်တော် ဧပြီ ၂

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာသည်နှင့်အပြိုင် မိမိတို့လုပ်ငန်းမြေနေရာနှင့် ပိုင်ဆိုင်မှုများကို ရန်သူမျိုးငါးပါးဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် အာမခံထားရှိခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်လာကြကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။

နေပြည်တော် မြို့မဈေးအတွင်းရှိ Super Star Electronic ဆိုင်ပိုင်ရှင် ကိုဝင်းက "အာမခံထားတာက နိုင်ငံတကာမှာလည်း ခေတ်စားလာပါတယ်။ အန္တရာယ်ဆိုတာကြိုတင်မြင်နိုင်တာမျိုးမဟုတ်ဘူးလေ။ ကိုယ့်ရဲ့စီးပွားရေးကို မတော်တဆပဲဖြစ်ဖြစ် အထိခိုက်မခံနိုင်ဘူး။ အာမခံထားလို့ရတဲ့အတွက် မတော်လို့ကုန်သွားရင် ခံသာသေးတာပေါ့"ဟု အာမခံထားရှိရခြင်း အခြေအနေကို ပြောပြသည်။

ယခုလက်ရှိတွင် မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိကလုပ်ငန်းရှင် အချို့ထံအာမခံလုပ်ကိုင်ခွင့်များ ချထားပေးခဲ့ပြီး ၎င်းတို့မှ ကိုယ်စားလှယ် အေးဂျင့်များထားရှိကာ အာမခံလုပ်ငန်းများလုပ်ကိုင်လျက်ရှိသည်။

အာမခံထားရှိသူအများစုမှာ နေအိမ်အဆောက်အအုံနှင့် တိုက်ခန်း၊ အရောင်းပြခန်း၊ ဈေးဆိုင်ခန်း၊ စက်ရုံ၊ သိုလှောင်ရုံများကို Insurance Cover ရယူထားနိုင်ရန်အတွက် စိတ်ဝင်စားလာကြပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် မြို့ကြီးများတွင် သာမက မြို့နယ်အသီးသီးမှ ဆန်စက်၊ ဆီစက်ကဲ့သို့သော လုပ်ငန်းရှင်များကပါ ဆက်သွယ်ကာ အာမခံထားရှိလာကြကြောင်း သိရှိရသည်။

'အာမခံ သက်တမ်းကတော့ အများစုက တစ်နှစ်သတ်မှတ်ပါတယ်။ တစ်နှစ်အတွင်းမှာ လျော်ကြေးတောင်းခံမှုမရှိခဲ့ရင် နောက်နှစ်အတွက် သက်တမ်းတိုးတဲ့အခါ No Claim Bonus လျော်ကြေးမဲ့အဖြစ် ပရီမီယံကြေး ၂၅ ရာခိုင်နှုန်းကို လျှော့တာများတယ်၊ အာမခံလုပ်ငန်းတွေအတွက် အေးဂျင့်တွေရှိလာပေမယ့် gent Fees ပေးဖို့မလိုပါဘူး" ဟု အေးဂျင့် ဦးညီညီမင်းထက်က ပြောကြားသည်။

"အာမခံထားဖို့အတွက် လုပ်ငန်းစတည်ဖြစ်ကတည်းကစဉ်းစားမိတာပါ။ မထားလို့လည်းမရဘူးလေ။ မတော်တဆ ဆုံးရှုံးမှုဆိုတာ ကြိုတင်မြင်နိုင်တာမှ မဟုတ်တာ။ ဒါပေမယ့် အာမခံရရှိမယ့် နှုန်းတွေကိုတော့ ဒီထက်ပိုပြီး ပေးနိုင်မယ်ဆိုရင်ကောင်းမယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအနေနဲ့ ဒီထက်ပိုပြီး အာမခံထားကြဖို့ ဆွဲဆောင်သင့်တယ်" ဟု သစ်ခွဲသားစက်ရုံတစ်ရုံနှင့် အကျိုးတူပူးပေါင်းသူ ထိုင်းနိုင်ငံသား Mr. Lian Cing က သူ့အတွေးသူ့အမြင်ကို ပြောပြသည်။

လက်ရှိတွင် အာမခံအများဆုံးထားရှိပြီး လုပ်ငန်းရှင်အများစု စိတ်ဝင်စားသည့် အာမခံလုပ်ငန်းများမှာ မတော်တဆ လောင်ကျွမ်းသောမီး၊ ကူးစက်မီး၊ လျှပ်စစ်ဓာတ်၊ မုန်တိုင်းဒဏ်များကြောင့် ထိခိုက်ဆုံးရှုံးမှု၊ အဓိကရုဏ်းမီးအပါအဝင် အဓိကရုဏ်းပျက်စီးမှု၊ မသမာဖျက်ဆီးမှုစသည်တို့အပြင် အဆောက်အအုံတစ်ခုချင်းစီ၏ ကာလတန်ဖိုးများကို အာမခံထားရှိခြင်းတို့ဖြစ်ကြောင်း သိရှိရသည်။

သွန်းဝသန်

ရွှေဘိုဆေးရုံကြီး ဆေးကုသခြင်းဝန်ဆောင်မှုအချို့ အခမဲ့ဆောင်ရွက်ပေးမည်

ရွှေဘို ဧပြီ ၂

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေအရ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် အသုံးဘတ်ဂျက်များ တိုးမြှင့်ချထားပေးလျက်ရှိရာ ရွှေဘိုခုတင် ၁၀၀ ဆေးရုံသို့ ထိုးဆေး ၆၄မျိုး၊ သောက်ဆေး ၇၄ မျိုးနှင့် အခြား ၈၆ မျိုး စုစုပေါင်း ၂၂၄ မျိုးတို့ကိုလည်းကောင်း၊ တိုက်နယ်ဆေးရုံများအတွက် ဆေး ၆၂ မျိုး၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေး ၃၉ မျိုး၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများအတွက် ဆေး ၂၄ မျိုးတို့ကို ထောက်ပံ့ပေးပြီးဖြစ်သဖြင့် ရွှေဘိုမြို့ပေါ်နှင့် ကျေးလက်ဒေသအချို့တို့တွင် ဆေးဝါးများကို အတိုင်းအတာတစ်ခုအထိ အခမဲ့ကုသပေးနိုင်တော့မည် ဖြစ်သည်။

အဆိုပါ နိုင်ငံတော်က ထောက်ပံ့ပေးပို့သော ဆေးဝါးများကို ပြည်သူများသို့ အခမဲ့ကုသပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ မတ် ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသော ရှင်းလင်းဆွေးနွေးပွဲ အစည်းအဝေး ညှိနှိုင်းမှုအရ မတ် ၂၅ ရက် မှ စတင်ပြီး O.P.D အရေးပေါ်လူနာများအား အခမဲ့၊ အရေးပေါ် ခွဲစိတ်လူနာများနှင့် မွေးလူနာများကို အခမဲ့၊ လူနာဆောင်များတွင် ဆေးရုံတက်လူနာများကို ပထမနေ့အတွက် အခမဲ့၊ နွမ်းပါးချို့တဲ့ ငွေကြေးမတတ်နိုင်သောလူနာများအတွက် ဆေးပဒေသာပင် ၂၃၀၄၀၂၉၃ ကျပ်မှရရှိသော အတိုးငွေပေါ်အတွင်းမှအခမဲ့၊ အရေးပေါ်လူနာများအတွက် သွေးခံအိတ်အခမဲ့၊ အိန္ဒိယမြွေဆိပ်ဖြေဆေး အလုံး ၆၀ အခမဲ့ပေးမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်

ဆွေးနွေးညှိနှိုင်းပွဲသို့ ရွှေဘိုပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ အောင်သန်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သက်သက်စိန်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးအုန်းလှိုင်၊ မြို့မိမြို့ဖအဖွဲ့နှင့် ဆေးရုံကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

ကျော်ဇေ

တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများ၌ အောင်ပွဲရအားကစားအသင်းများအား ဂုဏ်ပြု

မန္တလေး ဧပြီ ၂

၂၀၁၁ -၂၀၁၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်ပွဲရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများအား ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများမှ အုပ်ချုပ်ရေးနည်းပြများက တံခွန်စိုက်ဒိုင်းဆုများကို ဝန်ကြီးထံ အပ်နှံကြသည်။

ယင်းနောက် အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများမှ အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား လူမှုရေးဝန်ကြီးဒေါက်တာဝင်းလှိုင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေဇော်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူ၊ စာရင်းစစ်ချုပ်ဦးကျော်ဝင်း၊ တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်ကို၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ လူမှုရေးဝန်ကြီး၏ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကအဖွဲ့ဝင် ဒေါ်မြစန္ဒာဝင်း၊ အားကစားဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုငွေများအသီးသီး ချီးမြှင့်ကြကြောင်းနှင့် ဂုဏ်ပြုပွဲ အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ခုနှစ်၊ ပြိုင်ပွဲတို့မှ ရွှေတံဆိပ်ဆုရှင် တစ်ဦးလျှင် ကျပ် ၄၀၀၀၀၊ ငွေတံဆိပ်ဆုရှင်တစ်ဦးလျှင် ကျပ် ၃၀၀၀၀၊ ကြေးတံဆိပ်ဆုရှင်နှင့် အုပ်ချုပ်ရေးနည်းပြများတစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းတို့ဖြင့် စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၂၇၅၃၀၀၀၀ ဖြစ်ကြောင်းသိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ငွေကျပ်သိန်း ၇၀ ကျော် အခိုးခံရမှု တောင်တွင်းကြီး၌ဖြစ်ပွား

တောင်တွင်းကြီး ဧပြီ ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်း၏ တောင်ဘက်သုံးမိုင်ခန့်အကွာ သဲပြင်ကျေးရွာတွင် ငွေကျပ်သိန်း ၇၀ ကျော်ခန့် ဖောက်ထွင်းအခိုးခံရမှု ဖြစ်ပွားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က သဲပြင်ကျေးရွာနေ မကေသွယ်မိုး ၃၂ နှစ်သည် နေအိမ်အပေါ်ထပ်ရှိ သေတ္တာအတွင်းမှ ငွေများခိုးယူခံရကြောင်း၊ မတ် ၂၇ ရက် ည ၂ နာရီခွဲခန့်က မကေသွယ်မိုးသည် သားဖြစ်သူ မောင်အာကာစွမ်း (ခုနစ်လသားနှင့်) အတူ နေအိမ်နှင့်တွဲလျက် မြောက်ဘက်ရှိ လသာဆောင် အောက်ထပ်ခန်းတွင် အိပ်ကြောင်း၊ အိပ်မပျော်မီ တံခါးစေ့ရုံသာစေ့ထား၍ အတွင်းမှ ပိတ်ရန်မေ့ပြီး အိပ်ပျော်သွားကြောင်း သိရသည်။

သမီးဖြစ်သူ မအိမ်ကဗျာ၊ ညီမဝမ်းကွဲတော်စပ်သူ မငွေငွေမာ၊ မဆွေဆွေဦးတို့ သုံးဦးသည် နေအိမ်ဧည့်ခန်းအတွင်းအိပ်၍ မောင်ဝမ်းကွဲတော်စပ်သူ မောင်ဝင်းဘိုသည် နေအိမ်နောက်ဖေးတွဲလျက်ရှိ မီးဖိုချောင်အတွင်းအိပ်ကြောင်း၊ ခင်ပွန်းဖြစ်သူ အောင်ကိုကိုလင်းသည် အလုပ်ကိစ္စဖြင့် ရန်ကုန်သို့ ထိုနေ့ ညနေ ၆ နာရီတွင် ခရီးထွက်ခွာသွားခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက် နံနက် ၆ နာရီခွဲခန့် မကေသွယ်မိုးအိပ်ရာမှနိုးမိ မဆွေဆွေဦးက အိမ်အပေါ်ထပ်သို့ တံမြက်စည်းလှည်းရန်သွားရာမှ အိမ်အပေါ်ထပ် လသာဆောင်သို့ သွားသော တံခါးမကြီးပွင့်နေပြီး အပေါ်ထပ်တွင်ထားသော သေတ္တာသုံးလုံးအနက် ရွှေထည်နှင့်ငွေများ သိမ်းဆည်းထားသောသေတ္တာမှာ ပတ္တာပျက်လျက်တွေ့ရ၍ မကေသွယ်မိုးအား နှိုး၍ပြောပြကြောင်း၊ မကေသွယ်မိုးက သေတ္တာကိုစစ်ဆေးရာ ရွှေ ၁၀ ကျပ်သားခန့်နှင့် ငွေကျပ် ၇၅ သိန်းအနက်မှ ငွေကျပ် ၇၂ သိန်း ပျောက်ဆုံးနေကြောင်း သိရှိရ၏။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မကေသွယ်မိုးက ၎င်း၏အိမ်မှ ငွေများခိုးယူသူအား ဥပဒေနှင့်အညီ စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် တရားလိုပြုလုပ် တိုင်တန်းသဖြင့် တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့်လှစ်ထားပြီး အမှုစစ် ဒုရဲအုပ်သန်းဇော်က ပြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေးအတွက် သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးနှင့် ဒုစရိုက်နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ဟသ်ာ(တောင်တွင်းကြီး)

ညောင်ဦး – မြင်းခြံလမ်းပိုင်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တိုးချဲ့ဖောက်လုပ်

ညောင်ဦး ဧပြီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီသည် ညောင်ဦး-မြင်းခြံ အဆင့်မြှင့်တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ BOT စနစ်ဖြင့် တာဝန်ယူဖောက်လုပ်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်က လုပ်ငန်းအားလုံးပြီးစီးခဲ့သည်။

ညောင်ဦး-မြင်းခြံလမ်းသည် မြတ်နိုးသူ ကုမ္ပဏီမှ စတင်တာဝန်ယူဖောက်လုပ်စဉ်က လမ်းအကျယ် ၁၈ပေ၊ ကတ္တရာလမ်းအရှည် ၅မိုင် ၂ ဖာလုံရှိခဲ့ရာမှ ယခုအခါ လမ်းအကျယ် ၁၈ ပေ၊ လမ်းအရှည် ၄၀ မိုင် ၂ ဖာလုံကို တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ညောင်ဦး-မြင်းခြံလမ်းသည် မူလက မြေသားလမ်းဖြစ်ခဲ့ပြီး ယခုအခါ ကတ္တရာလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သဖြင့် ညောင်ဦး-မန္တလေး မော်တော်ကားများ မုံရွာ၊ ရေစကြို၊ ပခုက္ကူဒေသမှ အဝေးပြေးအမြန်ယာဉ်များသည် နေ့-ညမဟူ ဥဒဟိုသွားလာနေကြပြီဖြစ်သည်။ ညောင်ဦးမှ မြင်းခြံသို့ မော်တော်ကားဖြင့် သွားရောက်ရာတွင် ယခင်က ၂နာရီခွဲခန့်ကြာမြင့်ခဲ့ရာမှ ယခုအခါ ၁ နာရီ ၁၅မိနစ်ခန့်သာ ကြာမြင့်ကြောင်း သိရှိရသည်။

သီဟကျော်(ပုဂံ)

မုံတောစေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ၁၀၈ ပါး ရှင်ပြုပွဲကျင်းပ

မန္တလေး ဧပြီ ၂

လားရှိုးမြို့ အမှတ်(၉)ရပ်ကွက် အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက် ပဓာနနာယက လားရှိုးမြို့နယ် သံဃနာယက အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တသုဇာတဦးစီးစီမံမှုဖြင့် အလှူဒါယကာ ဦးဆန်းလွင်- ဒေါ်ဇင်မင်းနိုင်မိသားစု၊ ရန်ကုန်မြို့နေ ဦးထွန်းရင်ဦး-ဒေါ်သန်းသန်းရီ မိသားစုတို့၏ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မုံတောကျေးရွာ ရှေးဟောင်းရွှေမုဋ္ဌောစေတီတော်မြတ်အား ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ပထမအကြိမ် ရှင် ၁၀၈ ပါး ရှင်ပြုနားသမင်္ဂလာပွဲကို မတ် ၂၆ ရက်မှ ၂၈ ရက်အထိ အဆိုပါ မုံတောကျေးရွာ၌ ကျင်းပခဲ့သည်။

မတ် ၂၆ ရက် (တပေါင်းလပြည့်နေ့) နံနက် ၁၀ နာရီတွင် ဆရာတော် ၄၅ ပါးဦးဆောင်၍ ရွှေမုဋ္ဌောစေတီတော်၏ ရွှေထီးတော်ကြီးကို ဆရာတော် ဘဒ္ဒန္တသုဇာတနှင့် အလှူရှင်များက စေတီအထွတ်သို့ တင်လှူပူဇော်ကြသည်။ ဆက်လက်၍ မတ် ၂၇ ရက်နှင့် ၂၈ ရက်များတွင် ရှင်လောင်းလှည့်လည်ပွဲ ကျင်းပ၍ မတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် ဆရာတော် ၁၀၈ ပါးအား ပင့်ဖိတ်အမှူးထားကာ ရှင်လောင်း ၁၀၈ ပါးတို့ကို ရှင်ပြုမင်္ဂလာ ကျင်းပတော်မူခဲ့ပြီး ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါ ရွှေထီးတော်တင်လှူပွဲနှင့် ၁၀၈ ပါး ရှင်ပြုပွဲသို့ ဘဒ္ဒန္တသုဇာတဦးဆောင်သော လားရှိုး၊ သီပေါတို့မှ ရှမ်းယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရပ်ဝေးရပ်နီးမှ ဖိတ်ကြားထားသူများ၊ မုံတောဒေသခံပြည်သူများ တက်ရောက် ကြည်ညိုကြပြီး ရှမ်းရိုးရာယဉ်ကျေးမှုအကများ၊ မြန်မာဆိုင်းဝိုင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

(အပေါ်ဝဲပုံ) သီပေါကိုလတ်

မီးကြွင်းမီးကျန်မထားရန် ကျင့်ကြံသတိအမြဲရှိ

ဟိုတယ်လုပ်ငန်း စာတွေ့လက်တွေ့သင်ကြားလျက်ရှိ

မန္တလေး ဧပြီ ၂

အထက်မြန်မာပြည်အတွက် အာဆီယံအဆင့်မီ ဟိုတယ်သင်တန်းဆင်းလက်မှတ်များ ရရှိနိုင်သော MHVT ဟိုတယ်နှင့် လုပ်ငန်းခွင်သင်တန်းကျောင်းကြီးတွင် Spa Therapist, Front Office and Customer Service, Int'l Cookery, Int'l Bakery and Pastry Course Housekeeping Operation Course များကို ပြည်တွင်းပြည်ပမှ အတွေ့အကြုံရှိ ဝါရင့်ဆရာကြီးများက အရည်အချင်းပြည့်မီသော ဟိုတယ်ဝန်ထမ်း တစ်ဦးဖြစ်အောင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် သင်တန်းပြီးဆုံးပါက သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ဝင်ရောက် အလုပ်လုပ်နိုင်စေရန် ကူညီဆောင်ရွက်ပေးသည်။

စိတ်ပါဝင်စားသူများ အနေဖြင့် MHVT ဟိုတယ်နှင့် လုပ်ငန်းခွင်သင်တန်း ကျောင်းအမှတ်(၂၀၈) ၇၃ လမ်း ၃၅×၃၆ လမ်းကြား မန္တလေးမြို့သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၂-၃၂၄၅၂၊ ၀၉-၄၀၂၇၁၅၂၆၉ သို့ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၄၀)

စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူ

မိုးကုတ် ဧပြီ ၂

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ဘော်လုံးကြီးကျေးရွာအုပ်စုတွင် မတ် ၃၀ရက် နံနက်က ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကိုဆောင်ရွက်ရာ မြို့နယ်သန်းခေါင်းစာရင်းကော်မတီ အတွင်းရေးမှူး ဦးတင်သန့်ဆွေ (လဝက ဦးစီးအရာရှိ)က လုပ်ငန်းအထောက်အကူပြုပစ္စည်းများကို ရပ်ကျေးရွာသန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌဦးဇော်လွင်အား ပေးအပ်ပြီးနောက် ကောက်ကွက်(၅)ကွက်ရှိစာရင်းစစ်၊ စာရင်းကောက်ဆရာ/ဆရာမများ၏ ကွင်းဆင်းဆောင်ရွက်မှုအား **(အောက်ပုံ)** မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့်အဖွဲ့ဝင်များက ပေါင်းစပ်ကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဧပြီ ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဦးနေဝါ(မိုးကုတ်)

မြန်မာ့အလှတရား (သို့မဟုတ်) ရေကုသိုလ်

နွေရာသီရောက်လာပြီဖြစ်သည်။ နွေရာသီအတွင်း ခရီးသွားလာသူများ နေပူလေပူဒဏ်များ ခံစားနွမ်းနယ်ကြရသည်။ နေပူလေပူ ပြင်းပြင်းဒဏ်ကို သောက်ရေချိုချိုအေးနှင့် တိုက်ဖျက်တွန်းလှန်ကြရသည်။ အညာဒေသ အချို့ဆိုလျှင် ယနေ့တိုင်ခရီးသွားများကို ဆီးထန်းလျက်နှင့် လိုက်ဖက်စွာ သောက်ရေအေးအေး ဆီးကြိုတိုက်ကျွေးကြ၏။ ပင်ပန်းနွမ်းနယ်သော ခရီးသည်များလည်း စေတနာသန့်သန့် မေတ္တာထုံလွှမ်းသော သောက်ရေကုသိုလ်ကို သောက်သုံးရသောကြောင့် အသည်းနှလုံးတိုင် စိတ်ဘဝင်ကြည်လင်ချမ်းမြေ့ရတော့၏။

သောက်ချင်စဖွယ် ရေကုသိုလ်ရေချမ်းစင်လေးများသည် မြန်မာပြည်၌သာ ရှိမည်ထင်ပါသည်။ ထိုမြင်ကွင်း ရှုခင်းရှုကွက်ကို မြင်ရရုံနှင့် မြန်မာတို့၏ ပင်ကိုသဘောသဘာဝ မနောအလှနှင့် စေတနာမေတ္တာ ကရုဏာတရားများကို ခံစားကြည်နူးနိုင်သည်။ မြန်မာပြည်အရပ်ဒေသမရွေးတွင် အရိပ်ကောင်းသော မန်ကျည်း၊ ကုက္ကို၊ ထနောင်း၊ တမာ၊ ညောင်ပင်ကြီးများအောက်၌ သောက်ချင်စဖွယ်ရေချမ်းစင်များကို တွေ့မြင်နိုင်ပါ၏။ သစ်ပင်ကြီးများအောက်တွင်ရှိသော ရေချမ်းအိုးများ၊ ဇရပ်ကြီးများဝယ် အခိုင်အမာတည်ဆောက်ထားသော အုတ်ရေချမ်းစင်ကြီးများ၊ နေရာဒေသအလိုက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မြန်မာ့နယ်ပယ်၌ တွေ့မြင်နေကြရသည်။ **(အပေါ်ပုံ)**

မြန်မာတို့၏အလှတရား

နွေရာသီအကူး မီးသွေးကန်ရွာအသွား လမ်းဘေးတစ်နေရာရှိ ဇရပ်လေးနှင့်သောက်ချင်စဖွယ် ရေချမ်းစင်လေးအား ကြည်နူးသဒ္ဓါစိတ်ဖြင့် သောက်သုံးမိသလို ဓာတ်ပုံဖြင့်လည်း မှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။ မီး သွေးကန်ရွာလေး၏ ရေချမ်းစင်ကုသိုလ်အလှတရားသည် မြန်မာတို့၏ အလှတရားပါတကားဟု ဆိုလိုက်ချင်ပါတော့သည်။

နေဦးမောင်(ပခုက္ကူ)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မဟာသကြၤန်အကြိုဂီတပဒေသာနှင့် အငြိမ့်ဖျော်ဖြေပွဲကျင်းပ

မန္တလေး ဧပြီ ၂

မန္တလေးမြို့ဂုဏ်ဆောင် ငွေငန်းမြို့မ အပျော်တမ်းတူရိယာအသင်းနှင့် 100+H အသည်းရောဂါ ကူညီရေးအဖွဲ့တို့ ပူးပေါင်းတင်ဆက်သော မြန်မာ့ရိုးရာမဟာသကြၤန်အကြို ဂီတပဒေသာအငြိမ့်ပွဲတော် ဖျော်ဖြေပွဲကို မတ် ၂၉ ရက် ည ၇ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဖျော်ဖြေပွဲ၌ မြို့မညော့်ခံတေး သကြၤန်အကြိုအကများ၊ မန္တလေး လူရွှင်တော်များ၏ တစ်ခန်းရပ် ဟာသပြဇာတ်၊ ရွှေ့ထွက် မင်းသမီးတွယ်တာတုံ၊ လူရွှင်တော်ကြီးများဖြစ်ကြသည့် ဦးပေါ်စိန်၊ ဦးပွင့်လင်း၊ ဦးချစ်မွှေးတို့ ပါဝင်သော အငြိမ့်ခန်း၊ လူရွှင်တော်ကြီး ဦးချစ်စရာခေါင်းဆောင် ပါဝင်သော ဟာသတစ်ခန်းရပ်ပြဇာတ်၊ အကယ်ဒမီဆုများရှင် ရုပ်ရှင်သမီး မေသန်းနုနှင့် လူရွှင်တော် ဦးစိန်ရိုး၊ ဦးထင်ပေါ်(မန္တလေး)၊ ဦးချစ်စရာ(မန္တလေး)၊ ဦးကောင်းစံတို့ပါဝင်သော အငြိမ့်ခန်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေဆာဆာဖျော်ဖြေခဲ့ကြရာ တက်ရောက်လာကြသော အနုပညာကို ချစ်မြတ်နိုးကြသည့် ဂီတအနုပညာဝါသနာရှင်ပြည်သူများက မြို့မတူရိယာအသင်း လူရွှင်တော်ကြီးများအား ဂုဏ်ပြုဆုငွေများချီးမြှင့်၍ အားပေးခဲ့ကြသည်ကို တွေ့ရသည်။

ဖျော်ဖြေပွဲတွင် ရုံဝင်ကြေးအဖြစ် ငွေကျပ် ၃၀၀၀၊ ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ စသည့်ဖြင့် သတ်မှတ်ပေးထားပြီး နောင်တွင်လည်း ယင်းကဲ့သို့ ဖျော်ဖြေပွဲများကို ဆက်လက်ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(ကိုယ်ပွားမန္တလေး)

ယာယီကယ်ဆယ်ရေးစခန်းသို့ ဆန်၊ ဆီနှင့် ရေသန့်ဘူးများ လှူဒါန်း

မန္တလေး ဧပြီ ၂

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ မိတ္ထီလာမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ ဆန်၊ ဆီနှင့် ရေသန့်များကို မတ် ၂၃ ရက် မွန်းလွဲပိုင်းက ပို့ဆောင်လှူဒါန်းခဲ့သည်။

ထိုသို့ ပို့ဆောင်လှူဒါန်းခဲ့သော ပစ္စည်းများမှ ဆန်အိတ် ၁၀၀၊ ပဲဆီငါးပိဿာဝင်ပုံး ၂၀(ပိဿာ ၁၀၀)၊ ရေသန့်ဒါဇင်တွဲ ၂၀၀ စုစုပေါင်း ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိကြောင်း သိရှိရသည်။

(၀၄၀)

မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

ပြည်တွင်းသတင်း

သင်္ကြန်အထူးအစီအစဉ် မန္တလေး-ရန်ကုန်ခရီးစဉ် လေယာဉ်လက်မှတ်တစ်စောင် ကျပ် ၃၅၀၀၀ ဖြင့်ရောင်းချ

ရန်ကုန် ဧပြီ ၂

မြန်မာ့လေကြောင်းမှ မန္တလေး-ရန်ကုန် လေကြောင်းခရီးစဉ်အား မဟာသင်္ကြန်အထူးအစီအစဉ်အဖြစ် မတ် ၁၄ ရက်မှ ဧပြီ ၁၃ ရက်အထိ Promotion ကာလသတ်မှတ်၍ လေယာဉ်လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၄၅၀၀၀ မှ မတ် ၂၄ ရက်မှ စတင်ကာ လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၃၅၀၀၀ အထိ လျှော့ချပြီး ရုံးပိတ်ရက်မရှိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၃ နာရီအထိ မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ)၌ ဝယ်ယူနိုင်ပြီဖြစ်သည်။

အဆိုပါ ခရီးစဉ်အတွက် Promotion ကာလ ထပ်မံသတ်မှတ်ပေးခြင်းသည် မန္တလေးမြို့နှင့် အထက်မြန်မာပြည်မြို့များတွင်နေထိုင်သော ပြည်သူများ မဟာသင်္ကြန်ပွဲတော်အမီ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ သွားရောက်ရာတွင် ခရီးသွားလာမှုလွယ်ကူစေရန်ဖြစ်ကြောင်း၊ Promotion ကာလအတွင်း လေယာဉ်လက်မှတ်များကို ကြိုတင်ဝယ်ယူနိုင်ရန် မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ)မှ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (ဝ၄ဝ)

မော်လမြိုင်တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော် စာတတ်မြောက်ရေး ၄၅ ရက်ကြာ လုပ်အားပေးသွားရောက်ကြမည်

မော်လမြိုင် ဧပြီ ၂

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ မတ် ၃၀ ရက် နံနက် ၁၀ နာရီက ၂၀၁၃ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စာမတတ်သူ ပပျောက်ရေး လှုပ်ရှားမှုအနေဖြင့် မော်လမြိုင်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်ခန့်သည် မော်လမြိုင်တက္ကသိုလ်၌ စုဝေးပြီး မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်နှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲသို့ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင်၊ ပါမောက္ခများ၊ ကထိက ဆရာ ဆရာမများ၊ အခြေခံ စာတတ်မြောက်ရေးသို့ လုပ်အားပေးသွားမည့် မော်လမြိုင်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်ခန့် တက်ရောက်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်က အခြေခံစာတတ်မြောက်ရေးသွားရောက်လုပ်အားပေးမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား မှာလိုသည်မှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သွားရောက် လုပ်အားပေးကြမည်ဖြစ်သည့်အတွက် သွားရောက်မည့် ၄၅ ရက်အတွင်း သင်ကြားပို့ချမည့် ကျေးရွာများမှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအား ကိုယ့်မိဘများသဖွယ်၊ ကိုယ့်ညီအစ်ကို မောင်နှမများသဖွယ် စာရေးတတ်ဖတ်တတ်အောင် သင်ကြား ပေးစေလိုကြောင်းနှင့် သင်ကြားပို့ချသည့် ဆရာ ဆရာမများအနေဖြင့်လည်း စည်းကမ်းရှိပြီး ပြည်သူက ရိုသေလေးစားကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့ စတင်ထွက်ခွာမည့်နေ့သည် မတ် ၃၀ ရက်ဖြစ်ပြီး မုဒုံသို့ သွားရောက်လုပ်အားပေးမည့် ဆရာ ဆရာမ ၂၆ ဦး၊ ကျိုက်ထိုသို့ ၂၀၀၊ ကရင်ပြည်နယ် ဘားအံသို့ ၈၁၀ သွားရောက်လုပ်အားပေးမည်ဖြစ်ပြီး လုပ်အားပေးမည့်ရက် ၄၅ ရက်ဖြစ်ကြောင်း သိရှိရသည်။

တင်ထွဋ်

အငှားယာဉ်ငယ်ကို အငှားယာဉ်ကြီးတိုက် ခရီးသည်သေဆုံး

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် (၁)ထိပ် လမ်းဆုံတွင် မတ်၂၂ ရက် ည ၉ နာရီခွဲခန့်က ရပ်တန့်ထားသော (အငှား) ယာဉ်ငယ်ကို (အငှား)ယာဉ်ကြီးက တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရန်ကုန်-ပုသိမ်လမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ယာဉ်မောင်းသူ (စုံစမ်းဆဲ) ယာဉ်အမှတ် ၈ဃ/. . . လိုက်ထရပ်ကားအဖြူရောင်(အငှား) ယာဉ်ကြီးသည် လှိုင်သာယာမြို့နယ် စက်မှု ဇုန်(၁)ထိပ်လမ်းဆုံ ကတ္တရာလမ်းစပ်တွင် ရပ်ထားသော ကက/. . . ဆလွန်းအဖြူရောင် Taxi (အငှား) ယာဉ်ငယ်နောက်ပိုင်းကို အရှိန်ပြင်းစွာတိုက်မိသဖြင့်(အငှား) ယာဉ်ငယ်လွင့်စဉ်က(အငှား) ယာဉ်ကြီးလိုက်ထရပ်မှာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး ဝဲဘက်အခြမ်းသို့ တိမ်းစောင်းလဲကျသွားခဲ့သည်။ **(အောက်ပုံ)**ယင်းယာဉ်ပေါ်ရှိ အမျိုးသားခရီးသည်တစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။ ဒဏ်ရာရရှိသော ခရီးသည်အချို့ကို တာဝန်ရှိသူများက လှိုင်သာယာဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် ပို့ဆောင်ကုသပေးခဲ့သည်။

လိုက်ထရပ်ယာဉ်မောင်းသူသည် ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရှိရသည်။ (၁၀၅)

မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်

ပဲခူး ဧပြီ ၂

ကလေးများဦးဆောင်သော ဘေးအန္တရာယ်လျှော့ချရေး သင်တန်းကို မတ် ၃၁ ရက်က ပဲခူးမြို့ရွှေဝါထွန်းဟိုတယ်တွင် Save the Children ၏ဦးဆောင်မှုဖြင့် ကျင်းပရာ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအေးမြင့်က ပဲခူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းပေါင်း ၃၅ ကျောင်းမှ ဆရာသုံးဦးနှင့် ဆရာမ ၃၂ ဦး စုစုပေါင်း ၃၅ ဦးတို့အား မီးဘေးအန္တရာယ်၊ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ ရှေးဦးမီးသတ်ရေး ပစ္စည်းကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ မီးရိုက်တုတ်နှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို ဟောပြောဆွေးနွေးသည်။

ပြသခဲ့

ဆက်လက်ပြီး ဆရာ ဆရာမများက ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်မှုလေ့ကျင့်ခဲ့ပြီး ဆရာ ဆရာမများအား မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုကို ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (သန့်စင်)

မင်းတပ်မြို့တွင် သင်တန်းပို့ချ

မင်းတပ် ဧပြီ ၂

မင်းတပ်မြို့ ကုမ်သီ (Kumthi) ခန်းမ၌ Myanmar Egress Yangon က ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ Certificate for Civil Education and Applied Leadership သင်တန်းကို ရန်ကုန်မြို့မှ နည်းပြလေးဦးက လေးရက်ကြာ ဟောပြောပို့ချခဲ့သည်။ အဆိုပါ သင်တန်းတက်ရောက်သူများသည် တက္ကသိုလ်ဝင်တန်းအဆင့်မှ ဘွဲ့ရများအထိဖြစ်ပြီး အသက်အားဖြင့် ၁၉ နှစ်မှ ၄၀ နှစ် သတ်မှတ်၍ သင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား ၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း

အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန် ဖိတ်ခေါ်ခြင်း

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အဆိုပြုလွှာများ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၃ခုနှစ် မေ ၁၅ ရက်အတွင်း **အဆိုပြုလွှာ**များတင်သွင်းနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးခင်ဇော်(ရုံးအုပ်) ဖုန်း-၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊ ၀၉-၅၂၃၂၅၀၊ ၀၉-၅၂၁၄၀၇၅၊ ၀၆၉၂-၆၂၈၂၅၅၄၊ ၆၂၀၅၄၇၄

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း

ချစ်သမီးလေး မေဦးစီး(ခ)ဖြိုးပြည့်ပြည့်စံအတွက်

မွေးနေ့ဆုမွန်လွှာ

တစ်ဦးတည်းသော ချစ်သမီးရတနာလေး မေဦးစီး(ခ)ဖြိုးပြည့်ပြည့်စံ၏ ၃-၄-၂၀၁၃ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့်မွေးနေ့ မင်္ဂလာရက်မြတ်မှစ၍ အသက်(၁၂၀)တိုင် သံသရာဝဋ်ဆင်းရဲအမျိုးမျိုးမှ ကင်းလွတ်ဝေးကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၊ ဘေးဘယာ ဝေးကွာစွာဖြင့် ဖေဖေ၊ မေမေတို့နှင့်အတူ တိုင်းပြည်၊ ဘာသာ၊ သာသနာ၊ မိသားစုအကျိုးဆထက်တိုး၍ ထမ်းဆောင်နိုင်သော နိုင်ငံ့သမီးကောင်းရတနာလေးဖြစ်ပါစေရန် အစဉ်ဆုမွန်ကောင်းတောင်းလျက်-

(သမီးလေးမွေးနေ့ ကုသိုလ်အထိမ်းအမှတ် ရန်ကုန်မြို့၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့၌ ထာဝရဆွမ်း၊ ဆေးပဒေသာပင်များ လှူဒါန်းပါသည်။)

ချစ်ဖေဖေကြီးနဲ့ ချစ်မေမေကြီး





Special Promotion

ကွန်ပျူတာပန်းထိုး ဒီဇိုင်းမျိုးစုံနှင့် အချိတ်ဒီဇိုင်းများ

အထူးလျှော့ဈေး

၆-၄-၂၀၁၃ ရက်၊ ၇-၄-၂၀၁၃ရက် (နှစ်ရက်တည်းသာ)

9 AM to 5 PM

၃၁(B)၊ ဦးထွန်းမြတ်လမ်း၊ တာမွေမြို့နယ်

ဖုန်း-၀၉-၄၂၅၀၁၅၈၈၀၊ ၀၉-၅၀၆၃၉၇၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ကျွန်စစ်သားရိပ်မွန် စက်မှုဇုန်အပိုင်း (၂)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၃/၁)၊ စက်မှုမြေကွက်အမှတ် ၄၁ ကို မူလဝယ်ယူခွင့်ရရှိသူ ဦးစိုးစိုးသိန်း ၅/စကန(နိုင်)၀၂၆၀၂၅ ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဦးစိုးရ ၁၄/ဝခမ(နိုင်)၁၄၁၅၁၉ က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၁၇၂၅၊ မြေကွက်တည်နေရာအမှတ် ၁၇၂၅၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးအောင်ကျော် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးအောင်ကျော်ကွယ်လွန်သဖြင့် ဇနီး ဒေါ်မြဒီ ၇/ပမန(နိုင်)၀၀၅၉၉၂ က မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အွန်လိုင်းကတစ်ဆင့် ကြည်လင်းအား AFF ဆုရရန် Vote ပေးနိုင်

နေပြည်တော် ဧပြီ ၂

အင်တာနက်အသုံးပြု၍ နိုင်ငံတကာပြိုင်ပွဲများနှင့် ယှဉ်ပြိုင်မှုများအတွက် မဲပေးစနစ်ခေတ်စားလာကြောင်း သိရှိရသည်။

“ အခု လက်ရှိမှာတော့ ကြည်လင်းအတွက် Vote လုပ်နေကြပါတယ်။AFFအာဆီယံအကောင်းဆုံးဘောလုံးသမား စာရင်းထဲမှာ ကြည်လင်းပါဝင်တယ်လေ။ အင်တာနက်သုံးစွဲသူတွေကနေပြီး ကြည်လင်းကို Vote လုပ်ပေးကြတဲ့အတွက် ပြိုင်ဘက်တွေထဲမှာ အမြင့်ဆုံး Vote ရရှိသူဖြစ်နေပါ တယ် ” ဟု Blosser ကိုသန့်စင်အောင်က ပြောကြားသည်။

ယမန်နှစ် Miss International ရွေးချယ်ပွဲအား ဂျပန်နိုင်ငံ၌ ကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံကိုယ်စားပြု နန်းခင်ဇေယျာမှာ ပရိသတ်စိတ်ဝင်စားမှုဆုနှင့် Miss Internet ဆုရရှိခဲ့ရာ၌လည်း မြန်မာပရိသတ်များက Vote လုပ်ပေးခဲ့ကြသည့်အပြင် အမေရိကန်ပြည်ထောင်စုရောက် မြန်မာအမျိုးသမီး Nida Taylor သည်လည်း မြန်မာလူမျိုးပရိသတ်များ၏ Vote လုပ်ပေးခဲ့ကြခြင်းကို ရရှိခဲ့ပြီး ဆုရရှိခဲ့သေးကြောင်း သိရှိရသည်။

ယခုတွင်လည်း ဧပြီ ၃ ရက် မလေးရှားနိုင်ငံ၌ ကျင်းပမည့် AFF ဆုပေးပွဲများအတွက် မြန်မာ့လက်ရွေးစင်ဘောလုံးသမား၊ ရန်ကုန်ယူနိုက်တက်အသင်း၏ တိုက်စစ်မှူးကြည်လင်းအားလည်း မြန်မာအင်တာနက်ပရိသတ်မှ Vote လုပ်မှု အများဆုံးဖြစ်ပြီး အားပေးသူအပေါင်း၏ ၅၀ ဒသမ ဝ၈ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံမှ ကစားသမား Emelio Caligdong က ၃၂ ဒသမ ၂၉ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ Teerasi Dangda က ၈ ဒသမ ၉၃ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံမှ Shahril I Shale က ၈ ဒသမ ၄၆ ရာခိုင်နှုန်းအသီးသီးဖြင့် ယှဉ်ပြိုင်နေကြကြောင်း သိရှိရသည်။

Vote ရရှိမှုနှင့် ပတ်သက်၍ လက်ရွေးစင်ကစားသမားကြည်လင်းအားဆက်သွယ်မေးမြန်းရာ “ကျွန်တော့်ကို အခုလို Vote လုပ်ကြလို့ အခုဆိုရင် Vote အများဆုံးရရှိသူဖြစ်နေပါပြီ။ အွန်လိုင်းကနေပြီး Vote ပေးချင်လွန်းလို့ ဖုန်းဆက်ပြီး Link တောင်းတဲ့သူတွေလည်း အများကြီးပဲ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ဘက်ကလည်း မြန်မာ့လက်ရွေးစင်အသင်းနဲ့ ရန်ကုန်အသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ။ ဆက်ပြီးလည်း ဧပြီ ၃ ရက်အထိ ဆက်လက်ပြီး Vote လုပ်ပေးကြပါလို့ ပြောချင်ပါတယ်” ဟု ပြန်လည်ဖြေကြားသည်။

ကြည်လင်းအား Vote ပေးလိုကြသည့် ပရိသတ်များအနေနှင့် www.goal.com/en-sg/news/3883/ Features/2013/3/28/3859228/who-should-win-the-aff-player-of-the-year-award မှKyi lin Myanmar ကိုကလစ်နှိပ်ကာ Vote ပေးနိုင်ကြောင်း သိရှိရသည်။

သွန်းဝသန်

ဒုတိယအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ

ပြည်တွင်းသတင်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အမှတ်(၃) ရပ်ကွက် လှိုင်မြို့နယ်တွင် ဒုတိယအကြိမ် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆွေဝင်း၊ သင်တန်းမှူး သဒ္ဓမ္မဇောတိကဓဇ ဆရာမကြီးဒေါ်ခင်သန္တာဦး(လူမှုထူးချွန်)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၊ ရပ်ကွပ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါသင်တန်းကို ၁၀ ရက် ပို့ချမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ် ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၂၂)**

Air KBZ လေကြောင်းလိုင်းမှ သုခဆေးခန်းသို့ လူနာတင်ယာဉ် လှူဒါန်း

ရန်ကုန် ဧပြီ ၂

Air KBZ လေကြောင်းလိုင်း စတင်ပျံသန်းခြင်း နှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် သုခဆေးခန်းသို့ လူနာတင်ယာဉ်ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂ရက် နံနက် ၁၀ နာရီက နာရေးကူညီမှုအသင်း (ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင်ရှေးဦးစွာ နာရေးကူညီမှုအသင်း(ရန်ကုန်)တွဲဖက်အတွင်းရေးမှူးဒေါ်ဇရာမောင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Air KBZ လေကြောင်းလိုင်းမှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူထံAir KBZ လေကြောင်းလိုင်းမှမန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်းအောင်က ကျပ်သိန်း ၂၂၀ တန်ဖိုးရှိလူနာတင်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။ ထို့နောက် ဥက္ကဋ္ဌ ဦးကျော်သူက ကျေးဇူးတင်စကားပြောကြားသည်။

Air KBZ လေကြောင်းလိုင်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူစေရန်ရည်ရွယ်တည်ထောင်ထားခြင်းဖြစ်သည်။ ယခုလည်း လေယာဉ်စတင်ပျံသန်းခြင်း အထိမ်းအမှတ်အဖြစ် အမျိုးသားသွေးလှူဘဏ်၌ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခဲ့ပြီး သုခဆေးခန်းသို့ လူနာတင်ယာဉ် ထပ်မံလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်ရန် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ညီညီစိုးညွန့်

ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ကောလိပ်များ၌ ပညာသင်ဆုလျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၂

ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (MEXT)က ဂျပန်အစိုးရပညာတော်သင် အစီအစဉ်အရ ၂၀၁၄ ခုနှစ်အတွက် ဂျပန်နိုင်ငံရှိ နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များနှင့် အထူးပြုဘာသာရပ်ဆိုင်ရာ ကောလိပ်များတွင် ပညာသင်ယူရန် ဆန္ဒရှိသူများအား ပညာသင်ဆုလျှောက်ထားနိုင်ကြောင်း နိုင်ငံတကာရှိကျောင်းသားကျောင်းသူများအား ကမ်းလှမ်းထားသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး လူတွေ့စစ်ဆေးမှုကို မြန်မာနိုင်ငံ ဂျပန်ပညာတော်သင် ကျောင်းသားဟောင်းအသင်းမှ (MA JA) စစ်ဆေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက MAJA, အခန်း ၇၀၇ ပုလဲကွန်ဒိုမီယမ်တိုက်အမှတ် C ကမ္ဘာအေးဘုရားလမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၅၃၄၃၄၈၊၀၉- ၈၆၁၂၁၅၊Email လိပ်စာmaja,ygn@ gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

မြတ်မွန်ထွေး

▲ ကျောဖုံးမှ

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင်ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ဦးထုပ်၊ ထီး စသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ(သို့)SPF15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါ လိမ်းပြီး ၂ နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သောအဝတ်အထည်များ၊ ထူသောအဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက် ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့်ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

တိုက်ခန်းအမှတ် ၂၄၊ ပထမထပ်(ဝဲ)ဘက်ခြင်း၊ ၄ဝါလမ်း၊ စောရန်ပိုင်-တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ဦးမျိုးဇာနည်ဦး ၁၂/မရက(နိုင်)၁၁၄၃၀၅ လက်ရှိပိုင်ဆိုင်သော အလျား ၁၇ ပေ×အနံပေ ၆၀ အကျယ်ရှိ အထက်ဖော်ပြပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)
စဉ်-၆၇၀၂
အမှတ် ၅၆၁၊ M.A.C Tower၊ အခန်း ၇၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်မ လီလီချို (ဘ)ဦးခင်မောင်အေး ၁/မကန(ပြု)၀၀၀၁၁၅သည် မြန်မာနိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၁၀၅၁၈၀

ဂိုဒေါင်ငှားမည်

လှိုင်သာယာ စက်မှုဇုန်(၂)၊ ၁ဒသမ၄ဧကမြေပေါ်ရှိ ပေ(၉၀× ၁၆၀) ဂိုဒေါင်နှင့် ၃၁၅ KV၊ ဖုန်း၊ ရေ၊ မီးအစုံ နှစ်ချုပ်ငှားမည်။
ဖုန်း-၆၈၁၄၁၆၊
၀၉-၄၂၀၀၀၅၉၆၅

ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်စက်မှုဇုန်၊ အမှတ်(၃)လမ်းမကြီး၊ အမှတ် ၄၅၃ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် MYANMAR BREWERY LIMITED(MBL) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များအား တစ်ဦးတည်းမူပိုင် သုံးစွဲခွင့်ရရှိထားသော ကုန်အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပြီး ၄င်းကုန်အမှတ်တံဆိပ်များအား ၂-၁၁-၂၀၁၂ ရက်တွင်ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါအတိုင်း မှတ်ပုံတင်အမှတ်အသီးသီးဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်-၄/၁၂၃၃၆၊၂၀၁၂

မှတ်ပုံတင်အမှတ်-၄/၁၂၃၃၇၊၂၀၁၂

မှတ်ပုံတင်အမှတ်-၄/၁၂၃၃၈၊၂၀၁၂

မှတ်ပုံတင်အမှတ်-၄/၁၂၃၃၉၊၂၀၁၂

မှတ်ပုံတင်အမှတ်-၄/၁၂၃၄၀၊၂၀၁၂

မှတ်ပုံတင်အမှတ်-၄/၁၂၃၄၁၊၂၀၁၂

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၏ မူလပိုင်ရှင်ဖြစ်သူ MYANMAR BREWERY LIMITED(MBL) သည် အဆိုပါကုန်အမှတ်တံဆိပ်များကို အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်း အရည်အသွေးအဆင့်အတန်း အမှတ်စဉ် ၃၂ တွင်ပါရှိသော ဘီယာ၊ Ale ဘီယာနှင့်တကွ အဖျော်ယမကာနှင့် အချိုရည်အမျိုးမျိုးတို့အား ပုလင်း၊ သံဘူး၊ စည် စသည့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးတို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတင်းကောင်းဖြင့် အောင်မြင်ကျော်ကြားစွာ ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ၄င်းကုန်အမှတ်တံဆိပ်များအား ထပ်တူထပ်မျှသုံးစွဲခြင်း၊ တုပခြင်း၊ ဆင်တူယိုးမှားဖြစ်စေခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေခြင်းနှင့် ယင်းကုန်အမှတ်တံဆိပ်များ၏ ပိုင်ရှင်ဖြစ်သူ MYANMAR BREWERY LIMITED(MBL) ထံမှ တရားဝင်ခွင့်ပြုချက် မရရှိဘဲ မြန်မာနိုင်ငံဈေးကွက်များအတွင်းတွင် ၄င်းကုန်အမှတ်တံဆိပ်များအား အသုံးပြုနေခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံတည်ဆဲဥပဒေများအရ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

MYANMAR BREWERY LIMITED(MBL) ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဥမ္မာထွန်း (စဉ်-၂၂၀၇)
B.A(Law), LL.B, LL.M(UK)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၇၃၁၅၀၆၃၂
Email :law_chambers@seasrien.com.mm
နေ့စွဲ ။ ။ ၂၀၁၃ခုနှစ် ဧပြီ ၃ရက်

နိုင်ငံတကာအားကစားသတင်း

မန်ယူတို့ အက်ဖ်အေဖလားကို လက်လွှတ်ရပြီ

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို ဧပြီ ၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ချယ်လ်ဆီးတို့က မန်ယူကို အနိုင်ကစားခဲ့ပြီး ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့ဖြစ်စရာမရှိကြောင်း ပြသနိုင်ခဲ့ကြပါတယ်။ ချယ်လ်ဆီးတို့ အနိုင်ရရှိရေးခက်ခဲခဲ့ပေမယ့် အဖိုးတန်တဲ့နိုင်ပွဲဖြစ်ခဲ့ပါတယ်။

ချယ်လ်ဆီးဟာ ဒီပွဲကို တိုက်စစ်မှာ ဒမ်ဘာဘာ၊ ဟာဇက်ဒ်တို့နဲ့ ပုံဖော်ခဲ့ပေမယ့် ရာမီးရက်စ်၊ မာတာ၊ အော်စကာတို့ကလည်း တိုက်စစ်အားပြုခဲ့တာမို့ မန်ယူကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ မန်ယူဟာ ပွဲချိန်အများအပြား ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် အရာမထင်ဖြစ်ခဲ့ပါတယ်။

ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၉ မိနစ်မှာ ဒမ်ဘာဘာက ဂိုးဧရိယာအတွင်း၌ အနီးကပ်ကန်သွင်းယူခဲ့တာမို့ ဂိုးရရှိသွားခဲ့ပါတယ်။ ဝဲလ်ဘက်၊ ဟာနန်ဒက်ဇ်၊ ကလီဗာလီ၊ နာနီတို့အပြင် ဗန်ပါစီနဲ့ ဂစ်တို့လည်း အစားထိုးကစားခဲ့ပေမယ့် ရလဒ်မပြောင်းနိုင်ခဲ့လို့ မန်ယူတို့ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။

မန်ယူဟာ ဗလင်စီယာ၊ ကာရစ်၊ နာနီတို့ရဲ့ ကွင်းလယ်က လှုပ်ရှားမှုတွေနဲ့ ဂိုးရယူရေး ကြိုးစားခဲ့ပေမယ့် အဆုံးသတ်မသေချာခဲ့လို့ ဂိုးတွေမရရှိခဲ့ခြင်းဖြစ်ပါတယ်။ မန်ယူဟာ ကစားကွက်အသာစီးမယူနိုင်တဲ့အပြင် တိုက်စစ်မှူးတွေ အားထည့်မှု နည်းပါးခဲ့တာမို့ ဂိုးမရရှိခဲ့ခြင်းဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

မန်ယူအသင်းဟာ ဒီတစ်ပတ်ပရီမီယာလိဂ်မှာ မန်စီးတီးနဲ့ ဒါဘီပွဲကစားရမှာမို့ လူအင်အားအပြောင်းအလဲပြုလုပ်ခဲ့ပြီး တိုက်စစ်ဆင်ခဲ့ပေမယ့် ချယ်လ်ဆီးတို့ တိုက်စစ်အားက အရှိန်မြင့်မားနေတာမို့ ပွဲပန်းနေတဲ့ မန်ယူတို့ကလည်း အကြိတ်အနယ်ကစားခဲ့ပေမယ့် ချေပဂိုးမရရှိခဲ့ပါဘူး။

ချယ်လ်ဆီးက မန်ယူကို အနိုင်ရရှိခဲ့တာဟာ အက်ဖ်အေဖလားကို ငါးကြိမ်ရရှိနိုင်ရေးအတွက် ဖြစ်ပါတယ်။ ပထမအချိန်က ၂၀၀၇ ခုနှစ်မှာရရှိခဲ့တာဖြစ်ပြီး ၂၀၀၉၊ ၂၀၁၀ ခုနှစ်တွေအပြင် ၂၀၁၂ ခုနှစ်မှာလည်း ဆွတ်ခူးရရှိခဲ့ပါတယ်။

ဒါ့ကြောင့် ချယ်လ်ဆီးအသင်းဟာ ငါးကြိမ်မြောက် ဆုဖလားဆွတ်ခူးနိုင်ဖို့ လာမယ့်ဧပြီလပတ်အတွင်း ဝင်ဘလေကွင်းမှာ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ ဆုံကြမှာဖြစ်ပါတယ်။ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို ချယ်လ်ဆီးတို့ အောင်ပွဲခံနိုင်မလား ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

❖ ရက်ဒင်းနည်းပြ နီကယ်အက်ကင်က ဆောက်သမ်တန်အသင်းမှ ဘီလီရှိတ်အား ခေါ်ယူမည်ဖြစ်သည်။

❖ အသက် ၂၄ နှစ်အရွယ်ရှိ ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစကီးအား မန်ယူက လာမည့်နွေရာသီတွင် ခေါ်ယူနိုင်မည်မဟုတ်ကြောင်း သတင်းထုတ်ပြန်သည်။

❖ မန်စီးတီးနောက်ခံလူ ဝိန်းဘရစ်ချ်အား ကာဒစ်ဖ်နှင့်ဘရစ်တန်တို့က ခေါ်ယူရန်ကြိုးစားနေသည်။

❖ နယူးကာဆယ်အသင်းသည် ဆဲလ်တစ်ကစားသမား ကီဗင်ဝီလ်ဆင်ကို လာမည့်နွေရာသီ၌ ခေါ်ယူမည်ဖြစ်သည်။

❖ ချယ်လ်ဆီးအသင်းသည် ယခုနှစ်၌ အက်ဖ်အေဖလားကိုဆွတ်ခူးနိုင်သည့်ခြေစွမ်းမျိုးရှိကြောင်း မန်ယူနည်းပြဖာဂူဆန်က ပြောကြားသည်။

❖ မန်ယူကစားသမားဟောင်း အိုရှီးယားက မန်ယူ၌ကစားခဲ့ရချိန်သည် ၎င်း၏ ခြေစွမ်းအကောင်းဆုံးအချိန်ပင်ဖြစ်ကြောင်း ပြောကြားသည်။

❖ အာဆင်နယ်အသင်းသည် ဖလားလက်မဲ့ ဆက်လက်ဖြစ်မည်ဆိုပါက အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း တိုက်စစ်မှူးဝေါကော့သ်က ပြောကြားသည်။

❖ လာမည့် ဘောလုံးရာသီ၌ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ရန် အဲဗာတန်နည်းပြဒေးဗစ်မိုယက်စ်နှင့်မော်ရင်ဟိုတို့ ရေပန်းစားလျက်ရှိသည်။

❖ ရီးရဲမက်ဒရစ်အသင်း၏ မျှော်မှန်းချက်မှာ ချန်ပီယံလိဂ်ဖလားရယူရေးပင်ဖြစ်ကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

ဒီအေပွိုင့် ဟူစတန်ဖလားဆွတ်ခူး

အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ဟူစတန်အိုးပင်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးကစားသမား ဒီအေပွိုင့် (အပေါ်ပုံ)က သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ဒီအေပွိုင့်သည် နောက်ဆုံးနေ့ ၁၈ ကျင်းမြောက်တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်အောင်ရိုက်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မက်ကာရွိုင်းက ၄၅ ဦးမြောက် အဆုံးသတ်အနိုင်ရပြီး ကမ္ဘာ့နံပါတ်တစ်နေရာကိုတိုက်ဂါးဝုဒ်ထံမှ ပြန်လည်ရယူလိုက်သည်။

....

ထိပ်သီးလေးနေရာ ချယ်လ်ဆီးမျှော်လင့်

ချယ်လ်ဆီးအသင်းအနေဖြင့် မန်ယူကိုနိုင်ပြီး အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတက်ရောက်နိုင်သော်လည်း ပရီမီယာလိဂ်ထိပ်သီးလေးနေရာ ဆက်လက်တည်မြဲရေး ကြိုးစားရန် လိုအပ်နေဆဲဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ဘင်နီတက်ဇ်က အခိုင်အမာပြောဆိုလိုက်သည်။

မိမိတို့၏ ဦးစားပေး အလုပ်သည် ရာသီကုန်ဆုံးချိန် ထိပ်သီးလေးသင်းစာရင်းဝင်ဖြစ်ရေးပင်ဖြစ်ကြောင်း ဘင်နီတက်ဇ်က မန်ယူကိုနိုင်ပြီးနောက် ပြောကြားသည်။

....

ဘာဘာတော့ဗ်ဂိုးများဖြင့် ဖူလ်ဟမ်အသင်း အောင်ပွဲခံ

ပရီမီယာလိဂ်လက်ကျန်ပွဲအဖြစ် ဖူလ်ဟမ်နှင့်ကျူပီအာတို့ ဧပြီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖူလ်ဟမ်အသင်းက ဘာဘာတော့ဗ်၏ ဂိုးများဖြင့် အနိုင်ရရှိသွားသည်။

ရှုံးနိမ့်သွားခဲ့

ဘာဘာတော့ဗ်သည် ကလင့်ဟေးလ်၏ကိုယ့်ဂိုးကိုယ်ပြန်သွင်းယူသည့် ဂိုးမတိုင်မီခရစ္စတိုဘာဆမ်ဘာ၏ အမှားမှ တစ်ဆင့် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဖူလ်ဟမ်အသင်းမှ စတိဗ်ဆစ်ဝဲလ်ထွက်ခဲ့ရသော်လည်း ကျူပီအာတို့ နှစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။

ကောင်းမြတ်သူ - ရေးသားသည်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိန်ဝင်း၏သား၊ ညောင်ရွှေမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စု၊ ကန်တော်ရွာနေ ဦးရဝေထွန်းနှင့် ဦးဝဏ္ဏထွန်း ၁၃/ညရန(နိုင်)၀၅၈၇၀၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရဝေထွန်း(ခ)ဦးဝဏ္ဏထွန်း**

ပျောက်ဆုံးကြောင်း

ကျွန်တော် စောရန်နိုင် ၁၂/တမန(နိုင်) ၁၁၆၀၉၉၏ နိုင်ငံကူးလက်မှတ် အမှတ် PP.No-၅၂၂၇၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၅၆၈၈၅**

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မျိုးသက်ပိုင် ၁၂/ကမတ(နိုင်)၀၅၇၅၅၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၃၆၁၈၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၁၇၅/က၊ မြေကွက်တည်နေရာအမှတ် ၁၁၇၅/က၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးထွန်းဝင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းဝင်း၊ (ဇနီး)ဒေါ်မြကြိုင်၊ (သား)ဦးစိန်လွင်တို့ အသီးသီးကွယ်လွန်သဖြင့် ဦးတင့်ဆွေ ၁၂/ဥကတ(နိုင်)၁၁၀၂၅၂၊ ဦးတင်ဌွေ ၁၂/ဥကတ(နိုင်)၁၁၀၂၆၉၊ ဒေါ်ခင်မာဝေ ၁၂/ရကန(နိုင်)၀၅၄၅၅၈၊ ဒေါ်ညွန့်ဝေ ၁၂/ဥကတ(နိုင်)၁၁၀၁၀၂၊ ဒေါ်လှဝေ ၁၂/ဥကတ(နိုင်)၀၅၉၈၈၈၊ ဒေါ်အုန်းဝေ ၁၂/ဥကတ(နိုင်)၁၀၁၈၄၇၊ ဦးအုန်းဌွေး ၁၂/ဥကတ(နိုင်)၀၅၉၈၇၉၊ ဒေါ်အေးသန္တာမိုး ၁၂/ဥကတ(နိုင်)၁၆၄၆၀၀၊ ဦးရဲမင်းထက် ၁၂/ဥကတ(နိုင်)၁၇၅၇၈၅တို့က သားသမီးနှင့်မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

မေသက်ထက်မျိုးသန့် ၁၂/သဃက(နိုင်) ၁၆၂၇၀၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် ၅၈၃၉၅၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၈၂၈၅၉

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့



ကသာခရိုင်အသင်း(ရန်ကုန်)
နှစ်ပတ်လည်စည်းဝေးဖိတ်ကြားခြင်း

ကသာခရိုင်အတွင်း မြို့နယ် (၇)မြို့နယ်မှ အသင်းဝင်မိသားစုများ၏ နှစ်စဉ်ကျင်းပမြဲ သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများအား ကန်တော့ခြင်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်မိသားစုများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၃ ခုနှစ် ဧပြီ ၇ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီမှ ၁၂ နာရီအထိ
ကျင်းပမည့်နေရာ - သစ်လုပ်ငန်းခန်းမ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဒဂုံမြို့နယ်

အလုပ်အမှုဆောင်အဖွဲ့

Invitation For Tender

Tender No.Bridge/Byn-2/2013-2014/NPT/ST-001

1. Opened Tender is invited by Public Works,Ministry of Construction,Nay Pyi Taw, the Republic of the Union of Myanmar for the Supply of Steel Truss and Accessories for BAYINTNAUNG BRIDGE No.2 (Four Lanes Highway Bridge Construction Project) across Hline River,it links Mayangon Township with Hlinethaya Township,Yangon Region.

2. Tender application form of BAYINTNAUNG BRIDGE No.2 (including Technical Specifications,terms of Tender,Tender Schedule and Offer Form) can be purchased with USD 1000 (One Thousand Only).

3. The payment for tender application must be paid to public Works's Account OA-010311,Myanmar Economic Bank(2)through Myanmar Foreign Trade Bank.

4. The Tender documents can be obtained from Bridge Division, Building No.(11),Public Works,Ministry of Construction,Nay Pyi Taw, the Republic of the Union of Myanmar only with the Cash Receipt delivered by Account Division,Public Works from 5th April,2013 to 25th April,2013 in office time.

5. Tender should be submitted to the above address not later than 16:30 hours on 5th June,2013.

6. For further detail information,Please contact to Telephone No.067-407183,407514

ပြည်တွင်းသတင်း

ကူးသန်းသွားလာမှုလွယ်ကူစေရေးနှင့် ရေဘေးဒုက္ခအခက်အခဲများအတွက် ချောင်းဖြတ်ကူးတံတားတည်ဆောက်ပေးရန် ဒေသခံများမျှော်လင့်နေကြ

သတင်းဆောင်းပါး - မောင်လွင်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မန်ကျည်းကုန်းအုပ်စုရှိ လက်ပံကုန်းကျေးရွာလေးသည် ရန်ကုန်-မန္တလေးအဝေးပြေးကားလမ်းမဟောင်းကြီးအရှေ့ခြမ်း နှစ်မိုင်ခန့်အကွာရှိ ရှောက်ကုန်းကျေးရွာ(နဝင်းချောင်း)၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ အထူးသဖြင့် လက်ပံကုန်း ကျေးရွာလေးသည် အရှေ့ဘက် ရှမ်းကုန်းပြင်မြင့်မှ စီးဆင်းလာသော မုံချောင်း၊ မြောက်ဘက်ကြေးနီကန်ဘက်မှ စီးဆင်းလာသော နဝင်းချောင်းနှင့် ညောင်ကိုင်းဆည်ဘက်မှ စီးဆင်းလာသော နတ်ရေကန်ချောင်းတို့ ပေါင်းဆုံရာနေရာတွင် တည်ရှိနေသည်။

အိမ်ခြေ ၈၀ ကျော်သာရှိသည့် ယင်းကျေးရွာလေးအတွင်း နေထိုင်သော ဒေသခံပြည်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် အခြားသီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းတို့ကို အဓိကလုပ်ကိုင်နေကြကာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြသည်။

သို့သော်လည်း ဒေသခံကျေးလက်နေပြည်သူများသည် မိုးကာလတွင် ၎င်းတို့၏ကုန်ထွက်သီးနှံများ စိုက်ပျိုးမှုနှင့် သိမ်းဆည်းပြီး သီးနှံများကို အနီးဝန်းကျင်ရှိ မြို့များသို့ ဖြန့်ဖြူးရောင်းချရေးအတွက် အဆင်ပြေချောမွေ့လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်သည့် ချောင်းကူးတံတား မရှိမှုကြောင့် ဆုံးရှုံးမှုများစွာဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခင် ဆယ်စုနှစ်လေးခုကျော်က လက်ပံကုန်းကျေးရွာမှ ကျောင်းသားကျောင်းသူများသည် မိုးရာသီကာလတစ်လျှောက်လုံး ချောင်းရေလျှံချိန်တွင် ချောင်းကူးတံတားမရှိသဖြင့် ပညာသင်ကြားမှုများတွင် နှောင့်နှေးကြန့်ကြာခဲ့ရပြီး ကျောင်းတက်သွားကြသည့် ကျောင်းသား ကျောင်းသူများ၏ မိဘများမှာလည်း ရတက်မအေးဖြစ်ခဲ့ကြရကြောင်း၊ ထို့အပြင် ကိုယ်ဝန်ဆောင်မွေးလူနာများလည်း အတိဒုက္ခရောက်ကြရပြီး မကျန်းမာသူများလည်း ဆေးဝါးစောင့်ရှောက်မှုများ အချိန်မီမရရှိသဖြင့် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့သည့် ဖြစ်ရပ်များသည် အလွန်ဝမ်းနည်းဖွယ်ရာအဖြစ် ကြုံတွေ့ခဲ့ရကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးကျော်ဆွေက ပြောကြားသည်။

နွေပိုင်းခြောက်သွေ့ကာလ ရေနည်းချိန်တွင် ကူးလူးသွားလာရေးမှာ အခက်အခဲသိပ်မရှိသော်လည်း မိုးဦးကျကာလတွင်မူ လက်ပံကုန်းရွာအပါအဝင် အနီးဝန်းကျင်ကျေးရွာများဖြစ်သည့် ရှောက်ကုန်း၊ အောင်မြေသာ၊ သာယာအေး၊ ပုဏ္ဏမာ၊ ရွာတော်ကုန်း၊ မန်ကျည်းကုန်း၊ သရက်အုပ်၊ နောင်ဘိုအိုး၊ လက်ပံဘု စသောကျေးရွာများမှ ဒေသခံကျေးလက်တောင်သူများသည် မိမိတို့အသက်မွေးဝမ်းကျောင်းအတွက် အဓိကမှီခိုနေရသည့် လယ်ယာလုပ်ငန်းများ စိုက်ပျိုးလုပ်ဆောင်ရန်အတွက် အဆိုပါ နဝင်းချောင်းကို ဖြတ်ကူးနေရမှုကြောင့် သွားလာရေးအတွက် အခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကူးလူးသွားလာရေးအတွက် အမျိုးမျိုးသောအခက်အခဲများကြောင့် ချောင်းအနောက်ဘက်ကမ်း ရှောက်ကုန်းကျေးရွာ မဟာအောင်မြေကျောင်းမှ ဆရာတော်ဦးဝိစာရိန္ဒဦးစီးပြီး သွားလာမှု အဆင်ပြေစေရန် လူကူးသစ်သားတံတားတစ်စင်းကို ၁၉၉၂ ခုနှစ်က ကိုယ့်အားကိုယ့်ကိုး စနစ်ဖြင့် ဆောက်လုပ်ပေးခဲ့ကြောင်း၊ အနှစ်၂၀ ကျော်ကြာလာသည်နှင့်အမျှ လေဒဏ်မိုးဒဏ်ခံရမှုကြောင့် ယိုယွင်းမှုများဖြစ်ပေါ်ကာ မိုးကာလတွင် နဝင်းချောင်းရေ ပြည့်လာသည့်အချိန်တွင် တံတားပေါ်မှ ဖြတ်သန်းသွားလာသူများအတွက် အသက်အန္တရာယ် စိုးရိမ်ရကြောင်း၊ ယခုအခါ မဟာအောင်မြေကျောင်းရှိ ဆရာတော်ပင်ဦးစီးပြီး လှည်း၊ ဆိုင်ကယ်၊ မော်တော်ယာဉ်စသည့် ယာဉ်ကြီးများပါ ဖြတ်သန်းသွားလာနိုင်ရန် သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်သွားရန် အစီအစဉ်ရှိကြောင်း၊ ပွင့်လင်းမြင်သာသည့်အချိန်အခါရောက်ရှိလာမှုကြောင့် နိုင်ငံတော်၏ အကူအညီရလျှင် ပိုမိုအဆင်ပြေစွာနှင့် လျင်လျင်မြန်မြန် တည်ဆောက်ပြီးစီးနိုင်ကြောင်း ဦးကျော်ဆွေက ဆက်လက်ပြောကြားသည်။

ယနေ့ ဒီမိုကရေစီနိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအတွက် လမ်းတံတားတည်ဆောက်ရေး၊ ကျေးလက်အိမ်ရာတည်ဆောက်ပေးရေး၊ မီးလင်းရေး စသော လုပ်ငန်းများကို ဟန်ချက်ညီညီဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြုံတွေ့နေရမှုနှင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လက်ပံကုန်းကျေးရွာချောင်းကူးတံတားကို နိုင်ငံတော်၏ကူညီမှုနှင့်အတူ ယခုပွင့်လင်းရာသီတွင်အမြန်ဆုံးတည်ဆောက်ပေးနိုင်ရေး ကျေးရွာသူ ကျေးရွာသားများကမျှော်လင့်တောင့်တလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နွေရာသီတွင် ယဉ်ကျေးမှုသင်တန်းနှင့် နည်းပြသင်တန်းများ အခမဲ့ဖွင့်လှစ်ပေးမည်

ရန်ကုန် ဧပြီ ၂

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် သာသနာ့အလင်းရောင်ဓမ္မာရုံတို့ ပူးပေါင်းစီစဉ်သည့် ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ အလုံမြို့နယ် စကားစိမ်းနှင့်ကမ်းနားလမ်းထောင့် (ထော်လီကွေ့မှတ်တိုင်အနီး) သာသနာ့အလင်းရောင်ဓမ္မာရုံ၌ သင်တန်းပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ ဒုတိယတန်းမှ တက္ကသိုလ်ကျောင်းသားကျောင်းသူများထိ တက်ရောက်နိုင်ပြီး ဝတ်စုံကို ကျောင်းဝတ်စုံသို့မဟုတ် ယောဂီဝတ်စုံကိုသာ ဝတ်ဆင်ရမည်ဖြစ်သည်။ သင်တန်းအချိန်မှာ နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၁နာရီအထိဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ဆောင်ရွက်လိုသူများ၊ အမျိုးဘာသာသာသနာအတွက် အားကြိုးမာန်တက်ဆောင်ရွက်လိုသူများအတွက် ဧပြီ ၈ ရက်မှ ၁၀ ရက်အထိ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်နှင့် မေလ ၂ ရက်မှ ၆ရက်အထိ အလုံကမ်းနားလမ်းထောင့်ရှိ သာသနာ့အလင်းရောင်ဓမ္မာရုံ၌ ပြုလုပ်မည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုနည်းပြသင်တန်းများသို့ အခမဲ့ တက်ရောက်နိုင်ကြောင်းသိရသည်။ နည်းပြသင်တန်းများအတွက် ဗုဒ္ဓဘာသာအခြေခံရှိသည့် အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်း တက်ရောက်နိုင်သည်ဟု ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း ဥက္ကဋ္ဌ ဦးလှမျိုးထံမှ သိရှိရပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖြစ်သည်။

အဆိုပါ အခမဲ့သင်တန်းများတွင် တက်ရောက်လိုသူများနှင့် လှူဒါန်းလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း ဖုန်း-၀၁-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

ရဲခေါင်ညွန့်

ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁)ဖွင့်

ရေစကြို ဧပြီ ၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် အင်္ဂလိပ်စာအရေးအသား၊ စာဖတ်နိုင်စွမ်း၊ အပြောအဆို၊ ကြားနာမှုစွမ်းရည်များ မြင့်မားလာစေရန် အင်တာနက်ဝက်ဘ်ဆိုက် (Internet Website)များမှ လူမှုရေးကွန်ရက် (Face Book) စသည်တို့အား အခြေခံကျကျနှင့် အကျိုးရှိရှိ အသုံးပြုတတ်စေရန် လူမှုရေး၊ နိုင်ငံရေးနှင့် ပတ်သက်သော အခြေခံသဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတွေးခေါ်တတ်စေရန်ဟူသော ရည်ရွယ်ချက်ကောင်းများဖြင့် Four Skills in English and Basic Internet Usage အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို မတ် ၂၅ ရက် နံနက်က ပြည်ခိုင်ဖြိုးပါတီခန်းမ၌ ကျင်းပသည်။ အဆိုပါ သင်တန်းသို့ တက္ကသိုလ်ဝင်တန်းနှင့်အထက် မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အခကြေးငွေမလိုအပ်ဘဲ သင်တန်းမှတ်စုမှအစ သင်တန်းက အခမဲ့ဖြန့်ဝေပေးပြီး သင်တန်းကာလမှာ မတ် ၂၅ ရက်မှ ဧပြီ ၂၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကသာမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ကသာ ဧပြီ ၂

ကသာမြို့နယ်ရှိ ရပ်ကွက်၊ကျေးရွာများ၏ လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်း အတိအကျသိရှိနိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြေပြင်အနေအထား၊ အိမ်ခြေအရေအတွက်ကို သိရှိနိုင်ရန် တိုင်းတာသတ်မှတ်ခြင်းကို ရပ်ကွက်၊ကျေးရွာသက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကသာမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများတွင်လည်း ထည့်သွင်းပြောကြားခဲ့ပြီး လက်ရှိမြို့နယ်များတွင် စမ်းသပ်သန်းခေါင်စာရင်းရရှိသည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် defetoနည်းစနစ် အသုံးပြုကောက်ခံသွားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်ဦးပိုင်းတွင် အပြီးသတ် အစီရင်ခံထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆွေက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ငွေအိုး(ကသာ)

စာအုပ်စာပေ လူ့မိတ်ဆွေ

အလိုတော်ပြည့် သင်္ကြန်တွင်း ဝိပဿနာ အလုပ်စခန်း (၇)ရက်တရားစခန်း

ရန်ကုန်တိုင်း တာမွေမြို့နယ် [illegible]
[illegible] တွင်
၁၃၇၅ ခုနှစ် တန်ခူးလဆန်း [illegible]
(၁၁-၄-၂၀၁၃) မှ (၁၇-၄-၂၀၁၃) နေ့အထိ (၇) ရက်တိုင်တိုင်
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
(၁၀-၄-၂၀၁၃)နေ့ ညနေ [illegible]
[illegible]
[illegible]

ရက်(၆၀) တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်ရှိ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ **အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ**ဆရာတော် **အရှင်ကေလာသ**သည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရက်(၆၀) တရားစခန်းကို ၁၃၇၅ခုနှစ် တန်ခူးလပြည့် (၂၅-၄-၂၀၁၃ရက်) ကြာသပတေးနေ့ နံနက် ၈နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများသည် ကြိုတင်စာရင်းပေးကာ ထိုနေ့ ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန် - **အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ**
ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၂၀၃၃၃၄၄၊ ၀၉-၇၃၀၃၅၇၅၇၊ ၀၉-၇၃၁၃၉၈၉၆

ဝိဝေကဝါသီ-အရှင်တိက္ခ(တောင်စွန်း)
သင်္ကြန်တရားစခန်း
ဆိတ်ငြိမ်နေရာ ရွေးချယ်ကာ၊ ရှုပါ ပွားပါ ဘာဝနာ

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကဝါသ (ဆိတ်ငြိမ်)ကျောင်းတိုက်၌ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်အထိ သတိပဋ္ဌာန် ဝိပဿနာရှုပွားနည်းဖြင့် တရားစခန်းဝင်လိုသူယောဂီများ အောက်ပါဖုန်းသို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ယောဂီများအား ဆရာတော်၏ သက်တော်(၇၅)နှစ်၊ ဝါတော်(၅၆)ဝါ မွေးနေ့အမှတ်တရ ကံစမ်းမဲဖြင့် ကုသိုလ်ပြုပါမည်။ **ဖုန်း-၀၉-၈၆၂၆၉၉၈၊ ၀၅၇-၆၆၃၀၆**

စေတနာဗုဒ္ဓိက သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ [illegible] ၌ [illegible] ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားစခန်းကို ၁၃-၄-၂၀၁၃ ရက်မှ ၁၉-၄-၂၀၁၃ ရက်အထိ ခုနစ်ရက်ကျင်းပမည် ဖြစ်ပါ၍ တရားစခန်းဝင်လိုသောယောဂီများ ၁၂-၄-၂၀၁၃ ရက် ညနေ ၄နာရီ အရောက် သတင်းပို့ကြပါရန်နှင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်နိုင်ပါကြောင်း။ ဖုန်း-[illegible]

စံရာအောင်မြေ ပဲခူးယိုကုန်းမဟာစည်ရိပ်သာ
သင်္ကြန်(၁၀)ရက် တရားစခန်း

စံရာအောင်မြေ ပဲခူးယိုကုန်းမဟာစည်ရိပ်သာ၏ သင်္ကြန်တရားစခန်းကို ၈. ၄. ၂၀၁၃ နေ့မှ ၁၇. ၄. ၂၀၁၃ နေ့ထိ ၁၀ ရက်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများနှင့် အစုဏ်ဆွမ်း၊ နေ့ဆွမ်း၊ မွေ့ယာ၊ ဖျော်ရည် ဆက်ကပ်လှူဒါန်းလိုသူများသည် ဖုံး ၀၉-၅၀၁၀၅၀၆၊ ၀၉ ၅၀၄ ၅၉၉၅ သို့ဆက်သွယ် စာရင်းပေးသွင်းကြပါရန်နှင့် ၇. ၄. ၂၀၁၃နေ့ ညနေ (၃း၃၀) နာရီ အရောက် ကြွရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

တရားစခန်းဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂) မြေကွက်အမှတ် ၂၁၇၇ အမည်ပေါက် ဒေါ်နုနုအောင် KTN-၀၈၀၃၇၃၏ မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မိုးမိုးဝင်း ၁၃/ကခန(နိုင်)၀၀၈၇၇၉က မြေကွက်စလစ်နှင့် ငွေသွင်းချလန်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် (၈၂)ကြိမ်မြောက် မဟာသင်္ကြန်ခုနစ်ရက် အထူးတရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော(၈၂)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်အထူး တရားစခန်းပွဲကို (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ရက်မှ ၈ ရက်အထိ) ၁၂-၄-၂၀၁၃ ရက်မှ ၁၈-၄-၂၀၁၃ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီး ဦးသိမ်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေး တရားတော်များကို မဖွံ့မပဋိပ္ပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၁၁-၄-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယက ဦးအေးကို ဖုန်း- ၀၁-၅၂၁၉၃၀၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၇၃၂၀၉၃၉၉၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၃၉၁၃၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

(ယောဂီဦးရေကန့်သတ်ထားပါသည်။)

အမှုဆောင်အဖွဲ့

ဂုဏာပူဇာပွဲဖိတ်ကြားလွှာ

ကျုံနွတ္တော်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မှန်ကျောင်းတိုက်၏ ပဓာနနာယက ဖြေဆည်ရာ ဆရာတော် ဘဒ္ဒန္တရေဝတဓမ္မ(ဓမ္မာစရိယ)မြို့နယ်သံဃနာယက မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ သာသနာပြု နယ်လှည့်ဓမ္မကထိက ဆရာတော်အား ဂုဏာပူဇာပွဲကြီးကို ကျုံနွတ္တော်ကျေးရွာ၊မှန် ကျောင်း ကျောင်းတိုက်ကြီးတွင် ၂၀-၄-၂၀၁၃ရက် (တန်ခူးလဆန်း ၁၀ရက်) ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဒကာ၊ ဒကာမများ ပူဇော်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဦးလှကြည် ဖုန်း-၀၉-၄၉၇၅၂၉၄၅
မိုးကုတ်ရိပ်သာခွဲ(၃၄) ဖုန်း-၀၉-၄၉၇၅၁၈၆၂

အကျိုးဆောင်အဖွဲ့

ပထမအကြိမ်မြောက် စက်မှုလက်မှုသိပ္ပံအင်းစိန် E.G.T.I (Civil) ကျောင်းသားကျောင်းသူများ၏အာစရိယပူဇော်ပွဲကျင်းပရန်ဖိတ်ကြားခြင်း

အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းတွင် (၂၀၀၀ မှ ၂၀၀၂)ခုနှစ်အတွင်း E.G.T.I (Civil)ဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ သူငယ်ချင်းအပေါင်းတို့ခင်ဗျား ၇-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် တက္ကသိုလ်ဓမ္မာရုံ၌ အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်ကြွရောက်ကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူများမှ အလှူငွေများကို အောက်ပါအလှူငွေကောက်ခံသူများထံတွင် အမြန်ဆုံးဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဦးကျော်သန်း	ဖုန်း-၀၉-၅၀၅၅၅၁၃	ဦးသန့်ဇင်	ဖုန်း-၀၉-၅၀၃၀၁၈၀
ဦးသက်လွင်	ဖုန်း-၀၉-၅၀၆၅၆၆၅	ဦးစိုးဝင်း	ဖုန်း-၀၉-၅၀၈၄၉၁၃
ဦးတင်ထွန်းဇော်	ဖုန်း-၀၉-၄၃၀၃၉၈၁၆	ဒေါက်တာနွယ်နီမြင့်	ဖုန်း-၀၉-၅၁၇၇၀၄၂
ဦးအောင်သူ	ဖုန်း-၀၉-၅၁၆၃၆၃၂	ဦးသာအေး	ဖုန်း-၀၉-၄၉၃၁၀၈၃၆
ဦးမြင့်အောင်	ဖုန်း-၀၉-၅၀၈၈၉၅၀	ဒေါ်ကြည်သာညိုဝင်း	ဖုန်း-၀၉-၄၂၀၇၄၂၈၁၄
ဦးရာဇာမျိုး	ဖုန်း-၀၉-၅၁၈၄၀၆၄	ဦးတင်ထွဋ်	ဖုန်း-၀၉-၄၉၃၀၅၀၉၀

ကမ္ဘောဇဘဏ်များတွင် Account No.-0601220001622 သို့တိုက်ရိုက်ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ (၇၄လမ်း×၂၆လမ်း)ရှိ စိတ္တရမဟီအိမ်ရာစခန်းအား ခေတ်မီမြို့ပြဖွံ့ဖြိုးရေး အိမ်ရာစီမံကိန်းအဖြစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၆-၅-၂၀၁၃ ရက်နောက်ဆုံးထား၍ ပေးပို့သွားရန်တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ် ၄၀၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၂၀၅၆၆ နှင့် ၀၆၇-၄၀၇၂၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၂၀၈/ခ၊ မြေကွက်တည်နေရာ အမှတ် ၁၂၀၈/ခ၊ ဒေဒဟ(၃၄)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမြင့်စိုး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်စိုး ကွယ်လွန်သဖြင့် ဒေါ်မြင့်ကြည် ၁၂/ဥကတ(နိုင်)၁၅၄၅၃၁ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ Grand Guardian Insurance Public Company Limited သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် (အသက်အာမခံ-အထွေထွေအာမခံ)လုပ်ငန်းများအား မြန်မာနိုင်ငံအတွင်းဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

၂။ အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်းအုပ်စုတွင် ပါဝင်သည့် အလုံးစုံမော်တော်ယာဉ်အာမခံလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းများနှင့်စာချုပ်ချုပ်ဆို၍ ဆောင်ရွက်လိုပါသည်။

အာမခံအမျိုးအစား	အကြောင်းအရာ	သက်ဆိုင်သည့်လုပ်ငန်း
အသက်အာမခံလုပ်ငန်း	အာမခံထားသူများအား ဆေးစစ်ပေးရန်	ဆေးရုံများ (HOSPITALS)
အလုံးစုံမော်တော်ယာဉ် အာမခံလုပ်ငန်း	အာမခံထားသည့်ယာဉ်ထိခိုက် ပျက်စီးမှုအား ပြင်ဆင်ရန်	ကားပြင်အလုပ်ရုံများ (CAR WORKSHOPS)

ဆက်သွယ်ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် အောက်ဖော်ပြပါ လိပ်စာသို့ ၂၂-၄-၂၀၁၃ရက်မှ ၂၆-၄-၂၀၁၃ရက်အထိ ဆက်သွယ်၍ မေးမြန်းခြင်း၊ တင်ဒါတင်သွင်းခြင်းများ ပြုလုပ်နိုင်ပါသည်။

Grand Guardian Insurance Public Co.,Ltd.No.(19/20) A,B,C,D, Junction Square Compound, Pyay Road, Yangon, Myanmar. Tel: 95-1-2304365, 2304366, Fax:95-1-2304199 Email:info@ggipinsurance.com

ကချင်ပြည်နယ်ဒေသကောလိပ်(၁၉၇၆-၁၉၈၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

(၁၉၇၆-၁၉၈၂) ခုနှစ် ကချင်ပြည်နယ်ဒေသကောလိပ်တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် အာစရိယပူဇော်ပွဲကို မြစ်ကြီးနားမြို့တွင်ကျင်းပမည်ဖြစ်ပါ၍ (၁၉၇၆-၁၉၈၂)ခုနှစ်တွင် ကချင်ပြည်နယ်ဒေသကောလိပ်၌ ပညာသင်ကြား ပြသပေးခဲ့ပါသော ဆရာကြီး ဆရာမကြီးများ၊ တက်ရောက်ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် တွေ့ဆုံနိုင်ရန်မပျက်မကွက်တက်ရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အစီအစဉ်

၁။ နေ့ရက် - ၂၀-၄-၂၀၁၃ ရက်(စနေနေ့)

၂။ နေရာ - မြစ်ကြီးနားတက္ကသိုလ်ခန်းမဆောင် မြစ်ကြီးနားမြို့

၃။ ၁၉-၄-၂၀၁၃ ရက်တွင် ကွယ်လွန်လေပြီးသော ဆရာကြီး ဆရာမကြီး၊ ကျောင်းသား ကျောင်းသူဟောင်းများအားရည်စူး၍ အရဏ်ဆွမ်းကပ်ခြင်း၊ နေ့လယ်ပိုင်းတွင် ဆုတောင်းခြင်းတို့ပြုလုပ်မည်ဖြစ်ပါသည်။

ဆက်သွယ်ရန်

၁။	ဒေါက်တာခင်မောင်အေး	(မြစ်ကြီးနား)	ဖုန်း-၀၉-၄၀၀၀၂၄၃၉၃	၂။	ဒေါ်ထားထားနု	(မြစ်ကြီးနား)	ဖုန်း-၀၉-၄၃၁၆၂၉၈၇
၃။	ဦးကျော်သန်းဌေး	(ဗန်းမော်)	ဖုန်း-၀၉-၄၇၀၁၇၂၃၄	၄။	ဦးကျော်သိန်း	(မိုးညှင်း)	ဖုန်း-၀၉-၄၇၀၀၉၀၀၁
၅။	ဦးတင်ငြိမ်း	(ဟိုပင်)	ဖုန်း-၀၉-၄၃၂၀၅၄၃၉	၆။	ဒေါ်ခင်ဝင်းမြင့်	(မိုးကောင်း)	ဖုန်း-၀၉-၄၀၁၅၈၉၆၆၂
၇။	ဒေါ်အေးမြင့်ကြည်	(ရန်ကုန်)	ဖုန်း-၀၉-၅၁၂၈၇၆၀	၈။	ဒေါ်မြတ်မြတ်ထွေး	(ရန်ကုန်)	ဖုန်း-၀၉-၄၂၅၀၂၆၀၉၀
၉။	ဦးထွန်းရွှေ-ဒေါ်ချွန်းချွန်း	(မန္တလေး)	ဖုန်း-၀၉-၉၁၀၂၂၆၇၈	၁၀။	ဦးမြင့်စိုး	(မန္တလေး)	ဖုန်း-၀၉-၂၀၁၇၇၀၄
၁၁။	ဒေါ်မြမြသန်း	(မန္တလေး)	ဖုန်း-၀၉-၉၁၀၀၂၆၇၂	၁၂။	ဦးဘသန်း	(နေပြည်တော်)	ဖုန်း-၀၉-၅၁၁၃၂၇၇
၁၃။	ဦးမင်းနိုင်(ဂျပန်)	(ရွှေကူ)	ဖုန်း-၀၇၄-၅၂၁၂၆	၁၄။	ဦးဝင်းဇော်	(ဗန်းမော်)	ဖုန်း-၀၉-၄၇၀၂၅၉၁၂

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန (အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၅-၄-၂၀၁၃ ရက်နှင့် စနေ၊ တနင်္ဂနွေ အထူးသင်တန်းကို ၃၁-၃-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။ ၂၀-၃-၂၀၁၃ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ **သ** လိုင်စဉ်နှင့် **ခ** လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ် ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၆-၅-၂၀၁၃ ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၆၆၀၈၅၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/သာစည်အရှေ့ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၁၈ᵍ/၂၊ ဧရိယာ၀ဒသမ၁၀၂ ဧကရှိ ဦးခင်မောင်ညွန့် ပါ-၂ အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးအောင်သန်း၊ ဒေါ်တင်တင်ဦး ၉/ပမန(နိုင်)၀၀၇၃၉၈၊ ၉/ပမန(နိုင်)၀၀၇၃၉၉၊ (ဘ) ဦးမြသန်း၊ ဦးမောင်ဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂၇-၃-၂၀၁၃ ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ပါ အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာချက်ကို ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၆၄၊ ဝဲဘက်နေ ဦးအောင်မြင့် ၁၂/သကတ(နိုင်)၀၁၁၃၉၈၈၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာပါသည်။

၂၇-၃-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင် ကျွန်ုပ်မိတ်ဆွေ ဦးအောင်မြင့် ပိုင်ဆိုင်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-စီ၊ လူနေရပ်ကွက်အမှတ် S-၉၀၊ မြေကွက်အမှတ် ၁၂၈၊ အကျယ်(၂၅ပေ×ပေ၅၀)၊ ဧရိယာ ၀ဒသမ၀၂၉ဧကရှိ မြေကွက်ပေါ်တွင် ဒေါ်ခင်ညွန့်ဝင်း ၁၂/ဗဟန(နိုင်)၀၈၃၄၀၉ လက်ဝယ်ရှိ အကျယ်(၁၂½ပေ×ပေ၅၀)မြေနှင့် နှစ်ထပ်နေအိမ် အဆောက်အအုံတို့ကို ထည့်သွင်းကြေညာခဲ့သည့်အတွက် အဆိုပါကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှရွှေ LL.B — **ဦးကျော်ကျော်ထိုက် LL.B, D.B.L, D.I.R**
တရားလွှတ်တော်ရှေ့နေ-၈၉၁၂ — **အထက်တန်းရှေ့နေ-၃၄၀၅၄**
အမှတ် ၂၂(ပထမထပ်)၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၇၉၇၈၆၊ ၀၉-၅၀၇၀၅၆၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ဘိုးရာဇာလမ်း၊ အမှတ်(၄)နေ ဦးခင်မောင်ဌေး (SLN-၀၀၄၉၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၈၂)ရပ်ကွက်၊ ရတနာလမ်း၊ တိုက် ၂၉၊ အခန်း ၁၀၁သည် ဦးထွန်းမြတ် ၁၂/ကမရ(နိုင်)၀၄၆၆၃၉ က ၁၉-၁၀-၁၉၉၉ ရက်စွဲပါ ယုဇနဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့၏ အိမ်ခန်းအရောင်းအဝယ်စာချုပ်မူရင်း အပါအဝင် အဆင့်ဆင့်အရောင်းအဝယ်စာချုပ်မူရင်းများပြသ၍ မိမိပိုင်ဆိုင်ကြောင်း၊ အခြားသူသို့ လွှဲပြောင်းရောင်းချ ပေါင်နှံမှုများကင်းကြောင်း၊ ရောင်းချလိုကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဌေးက အသိသက်သေများရှေ့မှောက်တွင် စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ယင်းတိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဌေး၏ တရားဝင်ခွင့်ပြုချက်မရဘဲ မည်သူမျှ တစ်ဆင့်ပြန်လည်ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခွင့်မရှိပါကြောင်း သိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဌေး ဝယ်ယူပိုင်ဆိုင်ထားမှုနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးခင်မောင်ဌေး
SLN-၀၀၄၉၉၅

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဆန်း(LL.B, Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၈၁)
တိုက်၂၇၊ အခန်း ၀၀၂၊ (မြေညီ)၊ပဲခူးမြစ်လမ်း၊
အမှတ် ၉၂ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊
ဖုန်း-၀၉-၄၂၁၀၂၄၄၇၂

ငွေချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) တောင်ကြီးခရိုင်တရားရုံး ၂၀၁၃ခုနှစ်၊ တရားမကြီးအမှုအမှတ်-၄၁

ဒေါ်နန်းအင်ဖောင်း **နှင့်** ဒေါ်ရင်မေ(ခ)ရန်မိန်
တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၆/၄၆)နေ ဒေါ်ရင်မေ(ခ)ရန်မိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စုကြေးငွေကျပ် ၁၉၇၀၁၆၀၀(ငွေကျပ်တစ်ရာကိုးဆယ့်ခုနစ်သိန်း တစ်ထောင့်ခြောက်ရာကျပ်)တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးယု)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မာဃလုလင်လမ်း၊ အမှတ် ၇၆၃/ကဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၅ပေ×အနံ ၉၂ပေ)ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်များ အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စိုးစိုးဝေ ၁၂/သဃက(နိုင်)၀၁၃၃၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၇၀၅၄၄၅၊ ၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ကြော်ငြာ

၂၀၁၃ ခုနှစ် ရေမာန်းခံရှင်ပြုဇော်တိကသင်္ကန်း၊ ပရိက္ခရာရှစ်ပါး ဈေးနှုန်း

၃-နှစ်မှ ၆-နှစ် (ရှင်လယ်)	အရပ်အမြင့် ၃-ပေ ၈-လက်မ(အောက်)	တက်ထွန်း ဗိုင်ဗီ ၃-တောင်ထွာ × ၃-တောင်	အင်္ကျီသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၉၇၀၀
၇-နှစ်မှ ၉-နှစ် (ရှင်လတ်)	အရပ်အမြင့် ၄-ပေ(အောက်)	တက်ထွန်း ဗိုင်ဗီ ၃-တောင်ထွာ	အင်္ကျီသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၀၂၀၀
၉-နှစ်မှ ၁၁-နှစ် (ရှင်လတ်)	အရပ်အမြင့် ၄-ပေ ၃-လက်မ(အောက်)	တက်ထွန်း ဗိုင်ဗီ ၄-တောင် ၃-တောင်ထွာ	အင်္ကျီသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၀၇၀၀
၁၁-နှစ်မှ ၁၃-နှစ် (ရှင်ကြီး)	အရပ်အမြင့် ၄-ပေ ၆-လက်မ(အောက်)	တက်ထွန်း ဗိုင်ဗီ ၄-တောင်	အင်္ကျီသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၁၂၀၀
၁၃-နှစ်မှ ၁၅-နှစ် (ရှင်ကြီးရွယ်)	အရပ်အမြင့် ၄-ပေ ၉-လက်မ(အောက်)	တက်ထွန်း ဗိုင်ဗီ ၄-တောင်ထွာ ၄-တောင်	အင်္ကျီသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၂၂၀၀
၁၅-နှစ်မှ ၁၈-နှစ် (ရှင်ကြီးစာ)	အရပ်အမြင့် ၅-ပေ ၂-လက်မ(အောက်)	တက်ထွန်း ဗိုင်ဗီ ၅-တောင် ၄-တောင်ထွာ	အင်္ကျီသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၃၀၀၀

ရဟန်းတစ်ပါးအတွက် ကိုရီးယားဗိုင်ဗီဖိနပ်သင်္ကန်း၊ ဒုကုဋ်၊ သပိတ်၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီး ၂၄၉၀၀ ကျပ် (သင်္ကန်းအမျိုးအစားအလိုက် တန်ဘိုးအနည်းအများ ပြောင်းလဲပါသည်။)

ရန်ကုန်မြို့ပေါ်ရှိ ဇော်တိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ www.zawtika.com

ဇော်တိက(၁) ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အဆင်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၀၇၉၂
ဇော်တိက(၂) ဘုန်းကြီးလမ်းအထက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၃၂၃၇၉
ဇော်တိက(၃) အလောင်းဘုရားကြီးဘုရားလမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၅၃၆၇၇၉
ဇော်တိက(၄) ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အဆင်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၀၇၉၂
ဇော်တိက(၅) ၁၅လမ်း ရှောင်းလမ်းဈေးအနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၂၉၄၂
ဇော်တိက(၆) တာမွေလမ်းဆုံ ရွှေဂုံတိုင်လမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၅၅၂၉
ဇော်တိက(၇) မြို့ပြလမ်း ကိုင် လမ်းဆုံ မြို့တော်ခန်းမ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၆၁၃၉၆၄
ဇော်တိက(၈) ပုဇွန်တောင်ဥယျာဉ်ဘီလီ ပုဇွန်တောင်ဈေးအနီး ရန်ကုန်မြို့ ဖုန်း ၀၁-၂၀၀၀၀
ဇော်တိက(၉) စမ်းချောင်းအနီး သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၅၇၉၃၃
ဇော်တိက(ကျွန်းသာ) ကျွန်းသာဘုရားလမ်း ကျွန်းသာဘုရားရှေ့ ဒေါပုံမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၆၁၁၂
ဇော်တိက(စ/ဥက္ကလာ) ဗောဓိလမ်း စ/ဥက္ကလာ(စ)ဈေးအနီး စ/ဥက္ကလာမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၆၁၁၂
ဇော်တိက(ရွှေပြည်သာ) ဗဟိုလမ်း (မြို့တော် ဆေးရုံအနီး) မြို့သစ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၀၇၉၂
ဇော်တိက(မြောက်ဥက္ကလာ) မြို့ဟောင်းဈေးလမ်း အမှတ်(၁၅) ရန်ကုန်မြို့ ဖုန်း ၀၁-၅၅၉၂

* အခြား မည်သည့်နေရာတွင်မှ ရောင်းချခြင်း မရှိပါ *

ဇော်တိကအမှတ်တံဆိပ်ပါ သင်္ကန်း၊ ပရိက္ခရာများ၏ ဈေးနှုန်း ဖြစ်ပါသည်။ (ပုံသေဈေးနှုန်း)

ရှင်ရဟန်းပြုစေချင်ပါက ရည်ရွယ်ချက်

၁။ အလှူလုံးသောသံသရာဝဋ်ဆင်းရဲကျွတ်ရေးကိုဆောက်တည်နိုင်ခြင်း။
၂။ သာသနာ့အမွေခံ သာသနာ့ဒါယကာဖြစ်လိုခြင်း။
၃။ ဘွဲ့ထိုသင်္ကန်းကျောင်းထေးထားသောပစ္စည်းလေးပါး ဒါယကာဖြစ်လိုခြင်း။
၄။ သာသနာပြုပုဂ္ဂိုလ်ဖြစ်လိုခြင်း။

ပေးရဲ့ မကုန်၊ လှူရဲ့ မခန်း ဇော်တိက သင်္ကန်း

HOT - LINE 01-370792

နွေရာသီမှာ စတိုင်လ်ကျကျ ပျော်ကြရအောင်

Hot Summer Sales

iQ VISION အိုင်ကျူမြို့ရှင်း

up to 40% off

Branded အစစ်ကိုသာ ရောင်းပါသည်။ အတုအပ လုံးဝမရောင်းပါ။ up to April 30th

ရန်ကုန်ရုံးချုပ် -(S-15)၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း - 01-554010, 401208, မန္တလေး - 02-64696, နေပြည်တော်- 09 73036606, 09 8617471, တောင်ကြီး - 054-24505

KKH TAW WIN CENTRE

တော်ဝင်စင်တာ မြန်မာ့နှစ်သစ်ကူးကာလ သင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်

TAW WIN CENTRE HAPPY MYANMAR NEWYEAR (THINGYAN FESTIVAL) & SPECIAL PROMOTION DISCOUNT

APRIL 9th/10th/11th/12th

တော်ဝင်စင်တာတွင် မြန်မာ့နှစ်သစ်ကူးကာလ သင်္ကြန်အကြို အထူးဈေးရောင်းပွဲတော်၌ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ဆိုင်ခန်းများမှ ဖွင့်လှစ်ရောင်းချ၍ တော်ဝင်စင်တာ မျက်နှာစာရှေ့ (ကားပါကင်) နေရာတွင် ပျော်ပြေရေးအစီအစဉ်များ ၊ (၁၂.၄.၂၀၁၃) နေ့လည် (၁း၀၀) နာရီအချိန်တွင် တော်ဝင်စင်တာ၌ ရှောင်းအေးစတူဒီယာ ကျွေးမွေးဧည့်ခံခြင်းများနှင့်အတူ စည်ကားသိုက်မြိုက်စွာဖြင့် (၄)ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားပါမည်။ ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ တော်ဝင်စင်တာ ပထမထပ် Promotion & Customer Service Counter တွင် လာရောက်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။



အမှတ်(၄၅) ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၆၀၀၁၁၁ လိုင်းခွဲ-၂၂၂၂/၀၉-၄၂၁၀၈၀၉၂၆

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော နေပြည်တော်ကျောင်းသူ/ကျောင်းသားများအတွက် နေပြည်တော်သို့ MCC.i Campus ရောက်ပါပြီ။

၂၀၁၃ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည့်

B.Sc (Hons) Business IT (ကွန်ပျူတာသိပ္ပံဘွဲ့)

University of Greenwich, UK

အတွက်

Pre-University Orientation Course တွင်

စတင် တက်ရောက်နိုင်ပါပြီ။

MCC Training Institute (Nay Pyi Taw Campus)

Room No. 104, Junction Centre Yaza Thingaha main Road, in front of Hotel Zone, Nay Py i Taw. Tel : 067-421617 Ext-108, 067- 421345

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း (နေ့ထိုင်ပျုစာ)
ဖုန်း- ၄၀၀၆၁၃၄ ၊ ၅၅၅၉၂၆
၀၉ ၅၀၅၂၁၁၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၅၁၈၃ Honda C 90 Custom CMR ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်း ၉/မတန(နိုင်)၀၆၃၉၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကြော်ငြာ

အင်းလေးဒေသဟိုတယ်ဇုန်မြေနေရာချထားမည့်ရက်အား
အသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အင်းလေးဒေသတွင် ဟိုတယ်ဇုန် မြေနေရာများအား ဖော်ထုတ်လျက်ရှိပါသည်။

၂။ ဟိုတယ်ဇုန်တွင် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၏ လျှောက်လွှာများအားလည်း လက်ခံရရှိပြီး ဖြစ်ပါသည်။

၃။ သို့ပါ၍ အင်းလေးဒေသ ဟိုတယ်ဇုန်မြေနေရာချထားမှုအား အောက်ပါ အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

(က) **နေရာ** - မြို့တော်ခန်းမ၊ တောင်ကြီးမြို့

(ခ) **ရက်စွဲ** - ၈-၄-၂၀၁၃ရက်(တနင်္လာနေ့)

(ဂ) **အချိန်** - နံနက် ၀၉း၀၀ နာရီ

၄။ အသေးစိတ်သိရှိလိုပါက တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၀၀၃၊ ၀၈၁-၂၁၂၁၂၁၈တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်း နိုင်ပါသည်။

အင်းလေးဟိုတယ်ဇုန်မြေနေရာချထားရေးလုပ်ငန်းကော်မတီ
တောင်ကြီးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၂

၁။ ဒေါ်ဝင်းဝင်းစိုး	**နှင့်**	၁။ ဒေါ်သန်းသန်းဦး	**(ကိုယ်တိုင်နှင့်ကွယ်လွန်သူဒေါ်လှစိန်၏ တရားဝင်ကိုယ်စားလှယ်စာရသူများ)**
၂။ ဦးတင်မောင်		၂။ ဒေါ်ဝင့်ဝင့်ထွေး	
		၃။ ဦးချစ်ကို(ခ)ဦးသိန်းဝင်း	
		၄။ ဦးသောင်းတင်လတ်	
		၅။ မောင်ဇေမင်းထွဋ်	
		၆။ ဦးခင်မောင်စိုး	**(ကွယ်လွန်သူ ဒေါ်လှစိန်၏ တရားဝင် ကိုယ်စားလှယ်စာ ရသူများ)**
		၇။ ဒေါ်နွဲ့နွဲ့လတ်	
		၈။ ဒေါ်နုနုလတ်	
		၉။ ဦးကိုကိုလတ်	
		၁၀။ ဒေါ်မြမြစိုး	
		၁၁။ ဒေါ်သန်းသန်းအေး	
		၁၂။ ဒေါ်မိုးမိုးအေး	
		၁၃။ ဒေါ်မိုးမိုးသန်း	
		၁၄။ ဒေါ်စန်းစန်းအေး(ခ) ဒေါ်ဇာနဝတီ	
တရားလိုများ		**တရားပြိုင်များ**	

ဝက်လက်မြို့၊ ပြည်တော်အေးရပ်နေ အမှတ်(၁၁) တရားပြိုင်ဒေါ်သန်းသန်းအေး၊ အမှတ်(၁၂)တရားပြိုင် ဒေါ်မိုးမိုးအေး အမှတ်(၁၄) တရားပြိုင် ဒေါ်စန်းစန်းအေး(ခ)ဒေါ်ဇာနဝတီ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဝင်းဝင်းစိုးပါ ၂ဦးက မြရတနာတည်းခိုခန်းမှ ဖယ်ရှား၍ လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၄ရက်) မွန်းလွဲ ၁း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၊ မြေကွက်အမှတ်၆၆၁၊ မြေကွက်တည်နေရာအမှတ်၆၆၁၊စစ်ကိုင်းလမ်း၊ (၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်ဦးသိန်းရွှေ အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဦးသိန်းရွှေနှင့် ဇနီးဒေါ်ခင်သောင်း ကွယ်လွန်သဖြင့် ဒေါ်ခင်ငွေ ၆/မအရ(နိုင်) ၀၃၇၁၉၇၊ ဒေါ်ခင်မေ၁၂/ဥကတ(နိုင်)၀၇၈၂၇၀၊ ဒေါ်ခင် ခင်အေး ၁၂/ဥကတ(နိုင်)၀၆၆၅၇၄၊ ဦးကျော် ငွေး ၁၂/ဥကတ(နိုင်)၀၇၈၆၈၄တို့က သားသမီး များ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စား လှယ်လွှဲစာအမှတ်၂၈၆၂ (၁၉-၂-၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်သန်းသန်းဦး ၇/မလန(နိုင်)၀၆၄၅၈၂ကမြေပုံကူးလျှောက်ထား လာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

စနေ၊ မတ် ၃၀၊ ၂၀၁၃ မြန်မာ့အလင်း၊ သတင်းစာ စာမျက်နှာ ၁၇ ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းပါ မြေကွက်အမှတ် ၃၇၅ ဒေါ်မြမြသန်း အမည်ပေါက်မြေကွက်ကို ရောင်းသူ ဒေါ်သောင်း(ခ) ဒေါ်ခင်သန်းဝင်း (၁၂/ သမတ (နိုင်) ၀၂၄၂၀၈)အစား ရောင်းသူ ဦးတင်မောင်ထွေး (၁၂/ ကတတ (နိုင်) ၀၀၂၀၀၄)ဟုလည်းကောင်း၊ မြေကွက်အမှတ် ၁၇၄၄ ဒေါ်သန်းသန်းအေး အမည်ပေါက် မြေကွက်ကို ရောင်းသူ ဦးတင်မောင်ထွေး (၁၂/ ကတတ (နိုင်) ၀၀၂၀၀၄)အစား ရောင်းသူ ဒေါ်သောင်း(ခ) ဒေါ်ခင်သန်းဝင်း (၁၂/ သမတ (နိုင်) ၀၂၄၂၀၈)ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှု ပါရန်။

ရှိခိုးဦးတင် ဝမ်းမြောက်ကျေးဇူးတင်အပ်ပါသည်ဘုရား

ပုဂံပြည့်ရှင် အနော်ရထာမင်းစောသည် သုဝဏ္ဏဘူမိသထုံပြည်ကို စစ်အောင်ပြီးနောက် သုဝဏ္ဏဘူမိသာသနာကို ပုဂံသို့ ရှင်အရဟံ ဦးဆောင်ပင့်တော်မူစဉ်က ပါဝင်ခဲ့သော ကျန်စစ်သားမင်း လုံ့ကစားခဲ့သည့်နေရာတွင် ပျူခေတ်ရှေးဟောင်းစေတီ ရှိခဲ့ပြီး စေတီပုထိုးအား သာသနာ သက္ကရာဇ် ၁၆၂၈ ခုနှစ် ခရစ်နှစ် ၁၀၈၄ ခုနှစ်၌ ကျန်စစ်သားမင်းတည်ထားကိုးကွယ်ခဲ့သော ပုံပြစေတီဟောင်းသည် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ရွှေဆံတော်စေတီတော်မြတ်ကြီး ခြေရင်း၌ နှစ်ပေါင်း(၁၀၀၀)နီးပါး လုံ့ဝပျောက်ကွယ်လျက်ရှိသည်ကို အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပ (ကျိုက်ထီးဆောင်းဆရာတော်ကြီး)ဦးဆောင်လမ်းညွှန်မှုဖြင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂဒီပကြီးကြပ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ(ဇေကမ္ဘာမိသားစု)မှ ပဓာနဒါယကာ အဖြစ်ခံယူ၍ ပြန်လည်ဖွင့်ဖော်တည်ဆောက် တည်ထား ကိုးကွယ်ခဲ့သဖြင့် **အရိန္ဒမာရန်အောင်မြင်** ဘွဲ့တော် ဆက်ကပ်လှူဒါန်းလျက်(၁၇-၃-၂၀၁၃)ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီ မင်္ဂလာအချိန်တွင် ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ စိန်ဖူးတော်များ တင်လှူပူဇော်အနေကဇာ တင်ခြင်းမင်္ဂလာများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ကျိုက်ထီးဆောင်းဆရာတော်ကြီးနှင့် တပည့်သံဃာတော်များအား ဝမ်းမြောက်ရှိခိုးဦးတင်အပ်ပါသည်ဘုရား။ ထို့အတူ ဘုရား ဒါယကာကြီး ဒေါက်တာခင်ရွှေ ဇေကမ္ဘာမိသားစုအားလည်း ဝမ်းမြောက်စွာ ကျေးဇူးအထူးတင် ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုး တိုးတက်ထမ်းဆောင်နိုင်ပါစေသော်-

တွံတေးမြို့သူ/မြို့သားများ
ရွှေဆံတော်စေတီတော်မြတ်ကြီးဂေါပကအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များ၊
သာသနာနုဂ္ဂဟအသင်းဝင်များ၊ ဝေယျာဝစ္စအဖွဲ့များ၊
အရိန္ဒမာရန်အောင်မြင်စေတီတော်တည်ဆောက်ရေးအဖွဲ့များ

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ်
သင်္ကြန်(၇)ရက် တရားစခန်းပွဲဖွင့်လှစ်မည်

ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြု နယ်လှည့် ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ် ကိုယ်တိုင်ဦးဆောင်၍ သင်္ကြန်တွင်း ခုနစ်ရက် ဝိပဿနာတရားစခန်းကို ၁၂-၄-၂၀၁၃ရက်မှ ၁၈-၄-၂၀၁၃ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လိုသူများ ကြိုတင်စာရင်းသွင်းနိုင်ပါပြီ။ **(ယောဂီ တစ်ထောင်တိတိသာ လက်ခံပါမည်။)**

ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၁၁၀၃၀၅၊ ၀၉-၅၀၀၀၄၇၄၊ ၀၉-၇၃၂၁၄၁၅၀၊ ၀၉-၄၂၅၃၁၁၉၉၉၊ ၀၁-၇၀၈၄၀၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၆၃

ဒေါ်နေဇာမင်းဒင်	**နှင့်**	ဦးယဉ်ထွေး
တရားလို		**တရားပြိုင်**

အမှတ် ၃၅၈၊ အောင်ဇေယျလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးယဉ်ထွေး (ယခုလိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားသူအား နှင်လိုမှုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၄ခုနှစ် တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မှီအဆင့်(၂)၊ မြေကွက်အမှတ်၂၁၇၆ အမည်ပေါက် ဒေါ်မြိုင် KTN- ၀၀၅၇၁၈၏ မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မိုးမိုးဝင်း ၁၃/ကခန(နိုင်)၀၀၈၇၇၉က မြေကွက်စလစ်နှင့် ငွေသွင်းချလန်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့် ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးတင်အေး အသက်(၇၁)နှစ်

ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ကမ်းဖြူကျေးရွာနေ (ဦးစိန်ခို-ဒေါ်စိန်ငွေး) တို့၏သားလတ်၊ သုံးဆယ်မြို့၊ ငဖြူလေးကျေးရွာနေ (ဦးဖိုးထယ်-ဒေါ်သိန်းရှင်)တို့၏သားသမက်၊ (ဦးလှ)-ဒေါ်ခင်ပုတို့၏ မောင်၊ ဦးအေးမင်း-ဒေါ်အုန်းငွေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊မာလာမြိုင် ၅လမ်း၊ အမှတ်၇၄နေ ဒေါ်နုနု၏ခင်ပွန်း၊ (ဦးသိန်းထွန်း)-မဆွေဆွေမြင့်၊ ကိုအေးဝင်းအောင် (ခေတ္တ-စင်ကာပူ)၊ မသူဇာအေး(Medi-Tech Trade Centre Co., Ltd.)တို့၏ ဖခင်၊ မောင်သန်းထက်နိုင်-မဟေမာန်ထွန်းတို့၏အဘိုး၊ မဆုမြတ်ပိုင်၏ဘိုးဘိုးကြီးသည် ၃၀-၃-၂၀၁၃ရက် (စနေနေ့)ညနေ ၆း၄၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၉

ဒေါ်နန်းဆိုင်နွမ်း(ခ)မနီ	**နှင့်**	ဒေါ်နုဝါစိုး
တရားလို		**တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်ကြီး ၃၆၊ ထုံးဖိုလမ်း၊ အမှတ် ၆၈-၆၉နေ ဒေါ်နုဝါစိုး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ် ၄၀၀၀၀၀၀၀/-(ကျပ်သိန်းလေးရာ)နှင့် နစ်နာကြေးငွေကျပ် ၁၂၀၀၀၀၀/(ကျပ်တစ်ဆယ့်နှစ်သိန်း)၊ စုစုပေါင်းငွေကျပ် ၄၁၂၀၀၀၀၀/ (ကျပ်လေးရာတစ်ဆယ့်နှစ်သိန်း)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

(ခင်စိုးယု)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ဂျီ၊ မြေကွက်အမှတ် ၆၈-စီ/၂-၂အေ၊ ဧရိယာ ၀ဒသမ၀၆၉ဇကေရှိ မြေပိုင်မြေကွက်နှင့် မြေကွက်တည်ရှိရာ အမှတ် ၈၁/အေ-၇၊ စုပေါင်းလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်မြင့်မြင့် ၉/မခန(နိုင်) ၀၁၅၁၀၉၊ MNG -၀၉၈၉၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်ရောင်းချသည့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် တရားဝင် ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်မိတ်ဆွေ ဒေါ်နီလာရွှေရည် ၁၄/လပတ(နိုင်)၁၄၇၆၅၀၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အကြောင်းမှာ ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘောဇ္ဇာန်းလမ်း၊ တိုက်အမှတ် ၆၈၄၊ (ခြောက်လွှာ)(ခြေရင်းခန်း)အား တိုက်ခန်းနှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ခင်မာဝင်း ၁၂/ကခက(နိုင်)၀၅၉၉၉၉ထံမှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ကို ၁၉-၃-၂၀၁၂ရက်တွင် ပေးချေပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်း (မူရင်း)များနှင့်တကွ လူကိုယ်တိုင် ဤသတင်းစာ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်သည့် ခုနစ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအား ငွေချေပြီး အပြီးအပိုင် အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်နီလာရွှေရည်	**ဒေါ်ခင်သန်းမြင့် B.A (Law) LL.B**
	ဒေါ်ခင်စန်းမူ B.A (Law) LL.B
	ဒေါ်အေးစုကြည် LL.B
	အမေနှင့်သမီးများ Law Firm
	အမှတ် ၅၆၅၊ အခန်း (၆/၁၀၄)၊ ပထမထပ်
	MACTower၊ကုန်သည်လမ်းနှင့် ဘားလမ်းထောင့်
	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
	ဖုန်း-၀၉-၅၁၂၄၈၆၈



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရခိုင်ပြည်နယ်ရှိ မြို့နယ်အများအပြား၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

စစ်တွေ ဧပြီ ၂

"ပိုလီယိုကင်းစင်မြန်ပြည်တစ်ခွင်" ဟူသော ဆောင်ပုဒ်အရ ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်တွင် ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ပထမအကြိမ်အဖြစ် မတ် ၂၆ ရက်မှ ၃၀ ရက် အထိ ရခိုင်ပြည်နယ် ၁၂ မြို့နယ် တွင် ဆောင်ရွက်လျက်ရှိသည်။

ပေါက်တောမြို့နယ်၏ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီက ပေါက်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်လွင်က ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရခြင်းကို ရှင်းလင်းပြောကြားကာ မွေးစမှ အသက် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပေးကြသည်။ ပေါက်တောမြို့နယ်တွင် ဆေးတိုက်အဖွဲ့ ၄၄ဖွဲ့က စုရပ် ၁၉၃ခု၌ ငါးနှစ်အောက်ကလေးပေါင်း ၂၂၀၀၀ ကျော်အား လစ်ဟာမှုမရှိအောင် ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပေးခဲ့ကြသည်။

တိုက်ကျွေးပေး

အလားတူ မင်းပြားမြို့နယ်တွင် ဆေးတိုက်အဖွဲ့ ၄၆ ဖွဲ့သည် စုရပ် ၂၃၅ ခု၌ ငါးနှစ်အောက်ကလေး ၂၁၀၀၀ ကျော်ကိုလည်းကောင်း၊ မြေပုံမြို့နယ်တွင် ၄၃ ဖွဲ့သည် စုရပ် ၁၆၃ခု၌ ငါးနှစ်အောက်ကလေး ၁၅၀၀၀ ကျော်ကို လည်းကောင်း၊ မြောက်ဦးမြို့နယ်တွင် အဖွဲ့ ၆၀ သည် စုရပ် ၂၅၇ခု၌ ငါးနှစ်အောက်ကလေး ၂၁၀၀၀ ကျော်ကို လည်းကောင်း၊ ကျောက်တော်မြို့နယ်တွင် ၁၁၉ဖွဲ့သည် စုရပ် ၂၇၄ ခု၌ ငါးနှစ်အောက်ကလေး ၂၅၀၀၀ ကျော်ကိုလည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် အဖွဲ့ ၅၀သည် စုရပ် ၁၉၄ ခု၌ ငါးနှစ်အောက်ကလေး ၁၂၀၀၀ ကျော်ကိုလည်းကောင်း ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပေးခဲ့ကြသည်။ အခြားမြို့နယ်များတွင်လည်း အင်တိုက်အားတိုက်ကြိုးစားကာ ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပေးခဲ့ကြကြောင်း သိရသည်။

ကိုကြီးစော

ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းဖွင့်

ဗန်းမော် ဧပြီ ၂

ဗန်းမော်မြို့ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဦးပညိန္ဒာလင်္ကာရဦးစီး၍ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်းကို မတ် ၂၁ ရက် နံနက် ၈ နာရီက အဆိုပါစာသင်တိုက်၌ ဖွင့်လှစ်သင်ကြားပေးသည်။ ဒုတိယတန်းမှဒသမတန်းကျောင်းသား ကျောင်းသူများအား အတန်းပညာအရ အဆင့်သုံးဆင့်ခွဲ၍ သင်ကြားပေးသည်။ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဘုရားရှိခိုးစေ၍ ယဉ်ကျေးလိမ္မာလင်္ကာများ ရွတ်ဆိုကြပြီး နံနက် ၈ နာရီတွင် သင်တန်းပို့ချပေးသည်။ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေများနှင့်ကဗျာလင်္ကာများ ပို့ချပေးသည်။ သင်တန်းကာလမှာ မတ် ၂၁ ရက် မှ ဧပြီ ၁၀ ရက်အထိဖြစ်သည်။ ရပ်ကွက်နှင့်ကျေးလက်ဒေသမှ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် တက်ရောက် သင်ကြားကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)ဆီမီးခုံ-နန်းရီ**

မြင်းလှည်းကိုကျော်တက်ရာမှ ယာဉ်တိုက်မှုဖြစ်ပွား

တပ်ကုန်း ဧပြီ ၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းတွင် မတ် ၃၁ ရက်ည ၁၁ နာရီ ၁၀ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ် ၂၇၄/၁ နှင့် ၂၇၄/၂ အကြား ကပစသွားလမ်းဆုံအနီးတွင် တပ်ကုန်းဘက်မှ ပျဉ်းမနားဘက်သို့ ယာဉ်မောင်း ဦးကျော်ဝင်းစိန် (၅၁) နှစ် မိတ္ထီလာမြို့နေသူ မောင်းနှင်လာသော ၂ယ/. . . . နစ်ဆန်း ခြောက်ဘီးယာဉ်အဖြူရောင်သည် ရှေ့မှ မောင်းနေသော ယာဉ်နှင့် မြင်းလှည်းကို ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ ဦးအောင်ကျော်မြင့် (၃၇) နှစ် မြင်းခြံမြို့နေသူ မောင်းနှင်လာသော ၆ယ/. . . ဟီးနိုးထရပ် ၁၂ ဘီးကား၏ ဝဲဘက်ရှေ့ခေါင်းခြမ်းကို ဝင်တိုက်မိရာ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ၆ယ/. . . ယာဉ်သည် ဝဲဘက်ရှေ့ခေါင်းခြမ်း ပိန်ချိုင့်ပျက်စီးခဲ့သည်။ ယာဉ်မောင်း ဦးကျော်ဝင်းစိန်နှင့် ယာဉ်နောက်လိုက် ဇင်မင်းမောင်တို့ ဒဏ်ရာများရရှိပြီး တပ်ကုန်းမြို့ ခုတင် ၁၀၀ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သိန်း ၂၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုတွင် မျက်နှာချင်းဆိုင်မှ ယာဉ်ကြောမရှင်းဘဲ ရှေ့မှ မောင်းနှင်နေသောယာဉ်ကို ကျော်တက်၍ ယာဉ်တိုက်မှုဖြစ်ပွားပြီး ယာဉ်တိမ်းမှောက်အောင် မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းဦးကျော်ဝင်းစိန်ကို တပ်ကုန်းရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်ကြီး(မြန်မာ့အလင်း)

ကြီးငယ်မဟူ
သတိမူ
ရန်သူမီးကိုသာ

ပိတ်ရက်များအတွင်း ဧည့်သည်များနှင့် စည်ကား

တောင်ကြီး ဧပြီ ၂

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးချိန်ဖြစ်၍လည်းကောင်း၊ အများပြည်သူရုံးပိတ်ရက်များ ဆက်နေခြင်းကြောင့်လည်းကောင်း၊ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်နှင့် အေးမြသောရာသီဥတုရှိခြင်း၊ စိမ်းလန်းသောတောတောင်သဘာဝရှုခင်းများကြောင့် ပြည်တွင်း/ပြည်ပ ခရီးသွားများ တောင်ကြီးမြို့နှင့် ဝန်းကျင်ဒေသများသို့ များပြားစွာ လာရောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဧည့်သည်များသည် ဘုရားဖူးခရီးစဉ်အသီးသီးမှ စီစဉ်သောယာဉ်များဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ယာဉ်မျိုးစုံဖြင့်လည်းကောင်း လာရောက်ကြပြီး တောင်ကြီးမြို့ပေါ်တည်းခိုခန်းများ၊ ဟိုတယ်များနှင့် ဘုန်းတော်ကြီးကျောင်းအသီးသီးတွင် တည်းခိုနေထိုင်ကြကာ ထန်ထန်းဂူ၊ ကက္ကူမွေ့တော်ဘုရား၊ အင်းလေးဒေသများသို့ နေ့ချင်းပြန်သွားရောက်လည်ပတ်ကြသည်။ တောင်ကြီးမြို့တွင် ဧည့်သည်တည်းခိုမှုများသောနေရာထိုင်ခင်း ကောင်းမွန်သည့် ဘုန်းတော်ကြီးကျောင်းများမှာ မင်းကျောင်း၊ ကံဦးကျောင်း၊ နဂါးပတ်ကျောင်း၊ မင်းကွန်းကျောင်းနှင့် ဘိုးဘွားရိပ်သာကျောင်းတို့ ဖြစ်ပြီး ဧည့်သည် ၁၀၀ မှ ၁၅၀ ခန့်အထိ တည်းခိုနိုင်ကြောင်း သိရသည်။ အဆိုပါကျောင်းများသို့ နွေရာသီနှင့် တန်ဆောင်တိုင်ကာလတွင် ဧည့်သည်များ တည်းခိုမှုများပြားကြောင်းနှင့် နေရေးထိုင်ရေးအပြင် စားသောက်ရေးအတွက် အကူအညီတောင်းခံလာပါက စီစဉ်ပေးကြောင်း သိရှိရသည်။

နိုင်ထွန်း(GTI)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက စာရွက်စာတမ်းများဖြင့် ၁၅ ရက်အတွင်း သက်ဆိုင်ရာရုံးတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင်စာအုပ်မိတ္တူအား ထုတ်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမှတ်	အမျိုးအမည်	အမျိုးအစား	ပိုင်ရှင်အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	မှတ်ပုံတင်ရုံး
၁	၁၂ယ/၂၉၆၀၈	လေ့ဂျား	ဆိုင်ကယ်	ဦးတိုးဝင်း	၉/ကပတ(နိုင်)၂၁၉၀၉၉	စီသာရွာ၊ ကျောက်ပန်းတောင်းမြို့။	(မြင်းခြံ)
၂	၁၈ယ/၉၁၈၁၀	ကန်ဘို ၁၁၀	ဆိုင်ကယ်	ဒေါ်သန်းသန်းအေး	အလ်ကေဒဘလူ-၀၉၇၅၆၈	တိုက်(၆)လုံး၊ လှိုင်ကော်မြို့။	(လှိုင်ကော်)
၃	လက/၁၂၉၈၂	လုံစင်း	ဆိုင်ကယ်	ဦးလှရွှေ	၂/လကန(နိုင်)၀၀၈၅၂၁	မင်းစုရပ်၊ လှိုင်ကော်မြို့။	(လှိုင်ကော်)
၄	၃၂ယ/၃၀၉၀၄	ယင်စင်း ၁၁၀	ဆိုင်ကယ်	ဦးရန်နိုင်	၉/ပဘန(နိုင်)၁၅၅၇၀၆	လောမေရပ်၊ လှိုင်ကော်မြို့။	(လှိုင်ကော်)
၅	၉ယ/၃၄၃၁၄	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးအေးမောင်	၆/ထဝန(နိုင်)၀၁၅၀၀၉	တရုပ်ပြင်(ထ)ရပ်၊ ထားဝယ်မြို့။	(ထားဝယ်)
၆	၇ယ/၅၇၃၇၁	ဟွန်ဒါဒရင်း	ဆိုင်ကယ်	ဦးစောပန်းရွှေ	၃/ကကရ(နိုင်)၀၈၈၇၀၀	နဘူးတံခွန်တိုင်ရွာ၊ကော့ကရိတ်မြို့။	(ကော့ကရိတ်)
၇	၁၁ယ/၇၂၄၃၃	ကန်ဘို ၁၂၅	ဆိုင်ကယ်	ဦးနေလင်းကျော်	၉/ပသက(နိုင်)၀၆၀၆၂၉	ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့။	(ပြင်ဦးလွင်)
၈	၁၆ယ/၈၄၁၃၇	လေ့ဂျား ၁၁၀	ဆိုင်ကယ်	ဦးမြဝင်း	၁၄/ဇလန(နိုင်)၁၁၄၇၆၄	ကျုံမှတ်ရွာ၊ ပျဉ်းမကုန်း၊ ဇလွန်မြို့။	(ဟင်္သာတ)
၉	၁၇ယ/၈၂၅၅၃	ဂျာလင်း	ဆိုင်ကယ်	ဒေါ်သန်းသန်းနွဲ့	၁၃/ကမန(နိုင်)၀၁၇၆၇၃	(၄)ကွက်၊ နောင်ပိန်၊ ကျောက်မဲမြို့။	(ကျောက်မဲ)
၁၀	၁၈ယ/၇၅၃၃၇	ကန်ဘို ၁၂၅	ဆိုင်ကယ်	ဦးကိုကိုဇော်	၉/ပမန(နိုင်)၁၂၀၅၁၅	ရှမ်းပွဲရပ်ကွက်၊ မြစ်သားမြို့။	(ကျောက်ဆည်)
၁၁	၁ယ/၂၂၄၇၉	ဟွန်ဒါ စီ၉၀	ဆိုင်ကယ်	ဒေါ်မြသွင်	၉/တသန(နိုင်)၀၈၂၇၃၇	(၂)ရပ်ကွက်၊ ဖက်တောကျေးရွာ၊တောင်သာမြို့။	(မြင်းခြံ)
၁၂	၃၁ယ/၁၆၁၅၉	နန်ဘို	ဆိုင်ကယ်	ဦးဇော်သန်းလင်း	၉/ကဆန(နိုင်)၁၁၃၃၅၂	ရွှေဒါး၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၁၃	၃၀ယ/၄၀၅၇	နယူးအန်ဘို	ဆိုင်ကယ်	ဒေါ်လဲ့လဲ့ဝင်း	၉/ကဆန(နိုင်)၁၂၇၀၅၅	ရွှေဒါး၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၁၄	၃၁ယ/၂၈၇၇၃	နယူးအန်ဘို	ဆိုင်ကယ်	ဦးသန်းအောင်	၉/ကဆန(နိုင်)၀၉၂၁၈၅	ငါးမြွေကုန်း၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၁၅	၃၁ယ/၂၈၇၇၅	ကန်ဘို ၁၂၅	ဆိုင်ကယ်	ဦးမင်းစိုးအောင်	၉/ပသက(နိုင်)၀၆၇၁၂၄	ငါးမြွေကုန်း၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၁၆	၁၉ယ/၇၉၁၁၆	နယူးအန်ဘို	ဆိုင်ကယ်	ဦးဝင်းကြိုင်	၉/မသန(နိုင်)၀၈၃၉၉၂	မြို့မအရှေ့ရပ်ကွက်၊ မြစ်သားမြို့။	(ကျောက်ဆည်)
၁၇	၁၂ယ/၁၂၈၀၅	လေ့ဂျား	ဆိုင်ကယ်	ဦးဇော်နိုင်	၉/မလန(နိုင်)၁၀၂၂၄၀	ဇီးဖြူကန်ရွာ၊ မလှိုင်မြို့။	(မိတ္ထီလာ)
၁၈	၁၂ယ/၄၂၁၇၄	ဂျာလင်း	ဆိုင်ကယ်	ဦးအေးကျော်	၉/မခန(နိုင်)၀၈၃၈၆၁	ကတောရွာ၊ မြင်းခြံမြို့။	(မြင်းခြံ)
၁၉	၁၅ယ/၃၀၈၆၄	လေ့ဂျား	ဆိုင်ကယ်	ဦးဂျေတူးအောင်	၁၃/ကခန(နိုင်)၀၂၉၃၁၁	ရပ်ကွက် ၃၊ နမ့်ဖက်ကာ၊ ကွတ်ခိုင်မြို့။	(မူဆယ်)
၂၀	၄ဂ/၈၄၂၃	အီစူဇူးဗစ်ဟွန်း	စတေရှင်ဝက်ဂွန်	ဦးခိုင်ဇော်လင်း	၁/မကတ(နိုင်)၀၀၁၈၆၉	အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ ကော့သောင်းခရိုင်။	(ကော့သောင်း)
၂၁	၉ယ/၂၀၇၃၇	ဟွန်ဒါဝေ့စ်	ဆိုင်ကယ်	ဦးအောင်ဆန်းဦး	၆/ကသန(နိုင်)၀၃၇၃၈၃	ပုလုံးတုံးတုံးရွာ၊ ကော့သောင်းမြို့။	(ကော့သောင်း)
၂၂	၂၆ယ/၄၄၁၄၆	စန်ဘိုစတား ၁၂၅	ဆိုင်ကယ်	ဦးနန်းဝင်းမောင်	၉/ဝတန(နိုင်)၁၅၈၉၀၄	ဘူတာရပ်၊ မြစ်သားမြို့။	(ကျောက်ဆည်)
၂၃	၁၂ယ/၂၄၄၈၉	ဂျာလင်း ၉၀	ဆိုင်ကယ်	ဦးကျော်လွင်	၉/စကတ(နိုင်)၀၆၇၀၁၀	မြို့ဦးရပ်၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၂၄	၂ဂ/၉၈၉၃	နစ်ဆန်းဒီဇယ်	ထရပ်	ဦးလှစိုး	၉/ကဆန(နိုင်)၀၈၉၃၂၅	စုကြီးရပ်၊ ကျောက်ဆည်မြို့။	(ကျောက်ဆည်)
၂၅	၇ယ/၅၁၁၈၀	ကန်ဘို ၁၁၀	ဆိုင်ကယ်	ဦးကီးမောင်	၂/လကန(နိုင်)၀၉၂၀၆၄	လယ်ထွဲရွာ၊ လှိုင်ကော်မြို့။	(လှိုင်ကော်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၁၉၉၄၁ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးသူ ၉/မဟမ(နိုင်)၀၁၇၃၄၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၀၇၄)၊ မြေကွက်မှာ ဦးကျော်စွာ (ဘ) ဦးဟန်တင် ၉/မရမ(နိုင်)၀၈၃၃၅၃ အမည်ဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်သင်းသင်းစိုးက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းစိုး ၁၄/ဟသတ(နိုင်)၂၁၅၄၂၅ ၁၀၃၄(က)၊ သခင်ကိုယ်တော်မှိုင်းလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်

ပြည်တွင်းသတင်း

ကျိုက်မရောမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းနှင့် အခမဲ့ကုသိုလ်ဖြစ်ဆေးကုခန်းဖွင့်လှစ်

နေပြည်တော် ဧပြီ ၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတွင်းရှိကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန်နှင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာ၊ မြို့ပေါ်နှင့်ကျေးရွာများသို့ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် မရမ်းကုန်း-ခနောင်- ရေတွင်းကုန်း ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင် (ကျိုက်မရော မြို့နယ်တာဝန်ခံ)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တော်ဝင်မြင့်မြတ်သူကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့နှင့်အတူ ကျေးရွာချင်းဆက်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါကတ္တရာလမ်းသစ်ကို တော်ဝင်မြင့်မြတ်သူကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ ဖြစ်ကာ ကျိုက်မရောမြို့နယ် ပိန္နဲကုန်း၊ ခနောင်-ရေတွင်းကုန်းကျေးရွာအုပ်စုများရှိ ကျေးရွာများမှ လူဦးရေ ၂၅၃၅၇ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက်မရောမြို့ အခမဲ့ကုသိုလ်ဖြစ်ဆေးကုခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် ဆေးခန်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့နှင့်အတူ ဆေးခန်းအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကုသိုလ်ဖြစ်ဆေးခန်း ဖြစ်မြောက်ရေးအတွက် သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြသည့် စေတနာရှင်များအား ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကာကွယ်ရေး လှည့်လည်ဟောပြော

သီပေါ ဧပြီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၃၁ ရက်က မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်ပြီး အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် လှေကားများထားရှိရေးတို့ကို အသံချဲ့စက်ဖြင့်ကွင်းဆင်းလျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့အပြင် ရပ်ကွက်၊ ကျေးရွာ တိုင်းရင်းသားပြည်သူများ မီးအသုံးပြုချိန်၊ ငြိမ်းသတ်ချိန်များကိုပါ သတ်မှတ်ပြီး မီးကြိုတင်ကာကွယ်ရေး အချက် ၁၀ ချက်တို့ကို လိုက်နာဆောင်ရွက်ရန် လှည့်လည်ပညာပေး ဟောပြောလျက်ရှိသည်။ ထိုသို့ကွင်းဆင်းလှည့်လည် ပညာပေးမှုများကြောင့် ယမန်နှစ်ပွင့်လင်းရာသီက မီးလောင်ဖြစ်ပွားမှု သိသိသာသာလျော့နည်းခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

နန့်ရုံကျေးရွာ၌ လျှပ်စစ်ထရန်စဖော်မာ တပ်ဆင်ပြီးစီး

မော်လူး ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ ကွေ့ကြီးကျေးရွာအုပ်စု နန့်ရုံကျေးရွာတွင် မတ် ၂၃ ရက် နံနက် ၈ နာရီက လျှပ်စစ်ထရန်စဖော်မာ တည်ဆောက်တပ်ဆင်ရန် အုတ်မြစ်ချပြီးစီးမှုနှင့် ထရန်စဖော်မာတပ်ဆင်ပြီးစီးသည့် အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာတပ်ဆင်ပြီးစီးသည့်အခမ်းအနားသို့ မော်လူးမြို့ လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းနှင့်တာဝန်ရှိသူများ၊ ကွေ့ကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် နန့်ရုံကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

မော်လူးမြို့ လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းက ဓာတ်အားခွဲရုံတည်ဆောက်ရခြင်းကို ရှင်းလင်းပြောကြားရာတွင် လွန်ခဲ့သောငါးနှစ်ကျော်ခန့်က ဤရွှေလေးတန်ချောင်းရိုးအရှေ့ဘက်ကမ်းရှိ သက်ရင်းတာ၊ ပဲခူး၊ ရွာရှည်၊ မလူးကျေးရွာ လေးရွာနှင့် အနောက်ဘက်ကမ်းရှိ ကူးဆိပ်၊ ခိုးကောင်၊ ကွေ့ကြီး၊ နန့်ရုံစသော ကျေးရွာလေးရွာတို့သည် လျှပ်စစ်မီးကို ၂၄ နာရီရရှိခဲ့ကြပြီးဖြစ်သော်လည်း နန့်ရုံကျေးရွာတွင် မီးအားအလွန်နည်းနေသည့်အတွက် ယခုကဲ့သို့ ထရန်စဖော်မာအသစ်ကို တပ်ဆင်ရခြင်းဖြစ်ကြောင်း၊ ထရန်စဖော်မာတပ်ဆင်မှုကို ရွှေလေးတန်ရှစ်ရွာမီးလင်းရေးကော်မတီနှင့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ရာ စုစုပေါင်းငွေကျပ် သိန်း ၁၆၀ကုန်ကျကြောင်း၊ KV 100အားရှိ AG အမျိုးအစားဖြစ်ပြီး စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယခုအခါ ထရန်စဖော်မာသစ် တပ်ဆင်တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်၍ ခရိုင်အဆင့်မှ ပြီးစီးမှုအခြေအနေ စစ်ဆေးခြင်းနှင့် ဓာတ်အားသုံးစွဲခွင့်ရရှိရေးကို စောင့်ဆိုင်းနေကြကြောင်း သိရသည်။ **(စစ်ကိုင်း ဝင်းရွှေ)**

မဟာသကြၤန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂

၂၀၁၃ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းလိုက်နှင့် တစ်ဦးချင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အသင်းလိုက် (ပထမ၊ ဒုတိယ၊ တတိယ)ဆုများနှင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် Professional အဆင့်၊ Amateurs အဆင့်ခွဲ၍ ပထမမှ ဒသမအထိနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမမှ ပဉ္စမအထိ ဆုများနှင့် အခြားဆုများကိုလည်း ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးကစားသမားခြောက်ဦး ပါဝင်နိုင်ပြီး Professional အဆင့် ကစားသမားနှစ်ဦးအထိ ပါဝင်ခွင့်ပြု၍ အကောင်းဆုံးလေးဦး၏ ရိုက်ချက်ပေါင်းဖြင့်တွက်ချက်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် ကစားသမားအားလုံးသည် အကျော့ပေးသတ်မှတ်ချက် (Handicap Zero) ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး အသင်းဝင်ကြေးပေးသွင်းရန် မလိုပါ။

ပြိုင်ပွဲဝင်စည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် သတ်မှတ်ဂေါက်ကွင်း၏ ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အသင်းများနှင့် အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၆၇-၄၀၆၁၇၈၊ ၀၆၇-၄၀၆၁၈၃၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဦးဘုန်းကျော် ဖုန်း-၀၉-၂၀၃၇၆၇၁နှင့် ဦးအောင်မျိုးကျော် ဖုန်း-၀၉-၄၃၀၉၅၆၇၈သို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်းမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ကျောက်ကြီး ဧပြီ ၂

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ အမှတ်(၂)ရပ်ကွက် အဝင်လမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က လမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကတ္တရာလမ်းသစ်ကို ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဆွေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၄၅)**

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈ ၊ မြေကွက်အမှတ် ၇၉/စ၊ မြေကွက်တည်နေရာအမှတ် ၇၉/စ၊ ၃၉၈(ပဲမှီကုန်း)၊ အင်းစိန်၊ A-ဘဂေါင်းအမည်ပေါက် B မြေပိုင် လ/န ၃၉ ရပြီး မြေဧရိယာ ၁၂ ဒသမ ၆၃၀ ဧကအနက်မှ ပေ(၁၀၀×၉၀)အား ဒေါ်အုန်းသွင်(ဘီလစ်)မှ တရားမကြီးမှုအမှတ် ၆၇/၂၀၁၂ နှင့် တရားမဓာရီမှုအမှတ် ၄၇/၂၀၁၂တို့အရ တရားရုံးများကိုယ်စား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

သွေးသည်အသက်

ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၃-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာ(၁၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၂)ဒေါ်ညိုမေ၏ ဂရန်သစ်တွင် မြေအမည်ပေါက် ဦးခင်မောင်ထွန်းအစား ဦးခင်မောင်အုန်းဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

Taxi ငှားမည်၊ စပေါ်(၃.၅သိန်း)

ကက Taxi CNG (ရှေ့ဆွဲဗင်) 16000 ၊ ကက Taxi CNG (Comfort) 14000၊ ၈က/Taxi ဒီဇယ် (CE-96) 11000၊ အကူယာဉ်မောင်း Joker စပေါ် ၁.၅ သိန်း၊ ကားအားလုံး နေ့မောင်း တစ်လက်ကိုင် နံနက် ၆ နာရီမှ ည ၈ နာရီအထိ ပြင်ဆင်စရိတ်ငြိမ်း။

ကက Taxi ဒီဇယ် (CE-96) ကျပ် ၇၃ သိန်း။

ဖုန်း-၀၁-၅၆၁၂၉၅၊ ၀၉-၄၉၃၀၆၂၀၆၊ ၀၉-၄၄၈၀၄၃၄၄၀

အမျိုးသမီးများ ဘဝပြည့်စုံဖို့ စက်ချုပ်ပညာသင်ကြားစို့ (အေးမွန်ရတနာ)

အမျိုးသမီးအပ်ချုပ်သင်တန်း

ဘလောက်(စ်)၊ မြန်မာဝတ်၊ ကလေးဝတ်၊ ရှပ်၊ စကဒ်၊ ဘောင်းဘီ၊ ဂါဝန်၊ ဆေးရေးပန်းချီ

ဒေါ်ခင်ဝင်းရီ (B.A, B.Ed)

အမှတ်(၃၉)ဂ၊ အောင်ဇေယျလမ်းမကြီး၊ ကျောက်ကုန်းမီးပွိုင့်အနီး၊ ရန်ကင်းမြို့နယ်

အိမ်သို့လာရောက်သင်ပေးမည်။

(တာမွေ၊ သင်္ဃန်းကျွန်း၊ ဗဟန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပမြို့နယ်များအတွက်သာ)

ဖုန်း-၀၉-၄၂၀၀၆၈၀၉၊ ၀၉-၅၁၉၃၄၉၁

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ ကေ၊ မြေကွက်အမှတ် ပဉ္စမတန်းစား-၁၂၄၊ မြေကွက်တည်နေရာအမှတ် ၁၃၅၊ သိမ်ဖြူလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးကိုကိုကြီး၊ ဒေါ်ခင်ညွန့်ရီ အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် ဦးကိုကိုကြီးမှ စွန့်လွှတ်စာချုပ်အမှတ် ၇၁၁/၈၄/၂၉-၈-၈၄ဖြင့် တောင်ဘက်ခြမ်းအား ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခင်ညွန့်ရီမှ စွန့်လွှတ်စာချုပ် ၇၁၂/၈၄/၃-၉-၈၄ဖြင့် မြောက်ဘက်ခြမ်းအား ပိုင်ဆိုင်ခဲ့ပါသည်။ ဦးကိုကိုကြီးကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ၂၂၂၈/၉၈/၂၂-၆-၉၈ (ဦးကိုကိုကြီး၏အစု) ဒေါ်သန်းထိုက်၊ ဒေါ်ထိန်ထိန်ဝင်း၊ ဒေါ်ရင်ရင်မြိုင်၊ ဒေါ်ခင်ဝင်းမြိုင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးမြင့်သိန်းထွန်းဦး၊ ဒေါ်ခင်ညွန့်ရီတို့မှပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ထိန်ထိန်ဝင်းကွယ်လွန်သဖြင့် (၎င်း၏အစု) ခင်ပွန်း ဦးဆန်နီသိန်း ၁၂/မဂတ(နိုင်)၀၄၆၂၄၆မှလည်းကောင်း၊ ဒေါ်ခင်ညွန့်ရီကွယ်လွန်သဖြင့် (ဒေါ်ခင်ညွန့်ရီ၏အစု) ခင်ပွန်း ဦးလှသွင် ၁၂/သကတ(နိုင်)၀၃၇၇၆၄ကလည်းကောင်း ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေပြတ်စွန့်လွှတ်ခြင်း

